www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

# ကြယ်တွေကြွေတဲ့ည




(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၅၊ နိုဝင်ဘာလ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၇၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅ . ၈၃

မမသဒ္ဒါမောင်
ကြယ်တွေကြွေတဲ့ည/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) ကြယ်တွေကြွေတဲ့ည

# မမသဒ္ဒါမောင်

# ကြယ်တွေကြွေတဲ့ည

www.burmeseclassic.com

www.burmeseclassic.com

# "ကြယ်တွေကြွေတဲ့ည"

သူနဲ့ကျွန်တော်

စချိန်းတွေ့တဲ့ည ...

အဲဒီညမှာပဲ

မိုးယံထက်ဆီက

ကြယ်တွေ ကြွေကျခဲ့တယ်လေ...။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ညည့်ခန်းရှိ ဆက်တီခုံပေါ်မှာ ငြိမ်ကုပ်ပြီးထိုင်နေရပါ၏။ မျက်နှာကို အောက်ငုံ့ပြီး ဘာအသံမှမထွက်အောင် သတိထားပြီး နေနေရတာပါ။ ဖေဖေ ဒီလိုဆူသည့်အခါတိုင်း အန်တီလေးက ဝင်မပြောသလို သူနှင့်အနီးမှ ရှောင်ပေးတတ်ပါသည်။ အခုလည်း ဖေဖေက သူပြန်လာသည့် ည (၁၀) နာရီအချိန်အထိ မအိပ်သေးပါဘဲ စောင့်နေသဖြင့် နားပူအောင် အပြောခံရတော့မှာ အမှန်ပါ။

"တောက်!"

ညဘက်မို့ ဖေဖေ့တက်ခေါက်သံက အတော်ကျယ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲမှာ ဟိုဟိုဒီဒီ လက်နောက်ပစ်ပြီး ဒေါသတကြီးဖြင့် လျှောက်နေသဖြင့် သူပင် ခေါင်းမူးလာချေပြီ။ ဘာမဟုတ်သည့်အပြစ် ပိစိညှောင့်တောင့်လေးကို အကျယ်ချဲ့ပြီး ပြောတတ်သည့် ဖေဖေ့ ဓာတ်ပြားဟောင်းကြီးကို နားမဆံ့အောင် ကြားရဦးမှာပါ။ ဒါလည်း မိုးယံထက်ဆိုသည့်သူက အမှတ်သည်းခြေ မရှိပါဘဲ ဟုတ်ကဲ့ဆိုပြီး ခေါင်း ဆက်မာနေဦးမှာပါလေ။

“မင်းကို အဲဒီကျောင်းနဲ့ မပေါင်းပါနဲ့လို့ ငါ ဘယ်နှခါပြောရ မလဲ မိုးယံ။ ပြောရတာလည်း အခါတစ်သိန်းကျော်နေပြီ။ ဒါလည်း အမှတ်မရှိဘူး။ ချကြည့်စမ်း!... အတတ်ကောင်းတွေ တတ်နေပြီ”

“ကျွန်တော် ဘာများဖြစ်နေလို့လဲ ဖေဖေရယ်”

“အံမာ ... ငါပြောနေရင် နှုတ်လှန်မထိုးနဲ့ ပြောထားတယ် မဟုတ်လား။ တယ်!... ငါ”

နားရင်းအုပ်ရန် လက်ပြင်လိုက်တာမြင်သည်နှင့် သူ့ခေါင်းက အလိုလိုရှောင်ပြီးသား ဖြစ်ပါ၏။ ဒီအဖေက လက်မြန်သလို ဒီသားက လည်း အရှောင်အတိမ်းတော့ တတ်ကျွမ်းရမှာမဟုတ်လား။ ဖေဖေ့ လောက် နှုတ်မှ ပွစိပွစိ ရေရွတ်တတ်သည့် ယောကျာ်း။ လက်ပါ မြန်တတ်သည့် ယောကျာ်းမျိုး ဒီကမ္ဘာမှာရှိပါဦးမလား မသိပါ။ သူ့





အပေါ် ငုံထားမတတ် ချစ်တာကိုတော့ သူ အသိဆုံးဖြစ်လေ၏။

“ညမိုးချုပ်မှ ပြန်လာတာကောင်းတဲ့အကျင့်လား”

“လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာပဲ ထိုင်တာပါ ဖေဖေရယ်။ လက်ဖက်ရည်ကလွဲပြီး ဘာမှမသောက်ပါဘူး။ ဘုရားစူးရစေရဲ့”

“ငါ့ကို ကျိန်မပြစမ်းနဲ့။ ငါ့ကွယ်ရာမှာ မင်း ဘာလုပ်နေသ လဲဆိုတာ မသိဘူးထင်နေလား။ မင်း ဘယ်သွားသွား၊ မင်းနဲ့အတူ ငါ့မျက်လုံးတွေ နားတွေ တစ်ခါတည်းထည့်ပေးလိုက်တာကွ။ မင်း သောက်ချင်တဲ့လက်ဖက်ရည်က ဆိုင်မှာပဲရှိတာလား။ အိမ်မှာလည်း ဖျော်သောက်လို့ရတာပဲ”

“တူမှမတူတာ” ဟု ပြောလိုက်ချင်သော်ငြား နှုတ်ကို အမြန် စေ့ထားရပါ၏။ တော်ကြာ ခုနက မရိုက်ဖြစ်ဘဲ ရွယ်လိုက်သည့် လက်က သူ့ကုတ်ပေါ်ရောက်လာမှာစိုးလို့ပါပဲ။ လက်ဖက်ရည်ဆိုင် ထိုင်တယ်ဆိုတာ အဘယ်မျှ feeling ရှိလိုက်ပါသလဲ။ သူငယ်ချင်း တွေနဲ့ စကားပြော ငြင်းခုံ ဘောလုံးပွဲကြည့် အော်ဟစ်ကြရင်း လူငယ် ဘဝကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းရတာပါ။

အသက် (၄၀) ကျော် သူ့ဖေဖေ ဦးမိုးသောက်ကဖြင့် ဒါကို နားလည်မည်မဟုတ်ပါချေ။ အားရင် ဧည့်ခန်းထဲမှာ စာဖတ်၊



www.burmeseclassic.com

www.burmeseclassic.com



ပျင်းရင် ခြံထဲလမ်းဆင်းလျှောက်ဆိုပြီး သူ့ကို သမီးမိန်းကလေးနှယ် သံကွန်ခြာ (၇) ထပ်ဖြင့် အုပ်ထားချင်တာပါ။ ဤသို့ လုပ်လျှင်လည်း မိုးယံထက်တို့က ငါးရှဉ့်လို အပေါက်ရှာပြီး လျှောခနဲလွတ်ထွက်မှာ အမှန်ပါပဲ။

"ဆိုင်မှာ အရည်မရ အဖတ်မရ စကားများပြီး အချိန်ဖြုန်းတာ ဘာများ ဗဟုသုတရလဲ ပြောစမ်း။ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ သူတစ်ပါးအတွက်လည်း အကျိုးမရှိ ဆန်ကုန်မြေလေးအလုပ်မျိုး"

"ဘောလုံးပွဲကြည့်တာပါ"

"မင်းဘကြီးဆိုင်မှာပဲ skynet ရှိလို့လား။ မင်းလိုချင်တယ်ဆိုလို့ ငွေအကုန်ခံပြီး အိမ်မှာ တပ်ပေးထားတာပဲ။ မအိပ်မနေ မိုးလင်းမိုးချုပ် ကြည့်စမ်းပါလေ့"

"တစ်ယောက်တည်းကြည့်တာ ပျင်းစရာကြီး ဖေဖေရ"

"ဘာကွ!"

ပိတ်အော်ခံလိုက်ရသဖြင့် သူ တွန့်ခနဲ ဖြစ်သွားပါ၏။ တကယ်က ဖိုးကြယ် (လင်းလက်ကြယ်) တို့အိမ်မှာ စက်မရှိသဖြင့် သူပါ အတူတူဆိုင်မှာ သွားကြည့်ဖြစ်တာပင်။ ဖေဖေသာ ဖိုးကြယ်



မာမီကို တည့်ပြီး ခင်မင်ပါက အိမ်မှာ သူနှင့်ဖိုးကြယ် အတူဖိမ်ဖြင့် ကြည့်လို့ရမှာပါ။ ခက်တာက သူ့ဖေဖေ လူ့ခွစာကြီးက ဖိုးကြယ်အမေနှင့် ကမ္ဘာမကြေ အမုန်းဝေနေတုန်းမို့ သူ့အဖြစ်က ရည်းစားခိုးပြီးထားသည့်နှယ် ဖိုးကြယ်နှင့် သူငယ်ချင်းလုပ်နေရခြင်းပါပဲ။

"မင်းကို တစ်ယောက်တည်း မွေးထားပေးတာ တစ်ယောက်တည်းနေတတ်အောင် ကျင့်မှပေါ့။ ဟိုက မင်းယောက်ဖမို့လို့ လေလေးတစ်ခက်ချွန်လိုက်တာနဲ့ အမြီးနှံပြီး ထလိုက်ရသလား။ ငါ မပြောလိုက်ချင်ဘူး"

သူ နှာခေါင်းရှုံ့လိုက်မိပါ၏။ အစ်မတွေ ညီမတွေရှိရင်လည်း ဖိုးကြယ်ကို ယောက်ဖတော်လို့ရမှာပါ။ သို့သော် သူက တစ်ဦးတည်းသောသားအဖြစ် လူ့လောကထဲ မွေးဖွားခဲ့ရတာလေ။ ဖိုးကြယ်သည်လည်း သူလိုတစ်ဦးတည်းသောသားမို့ တွဲမိကြလေသလား မသိပါ။ နှစ်တစ်နှစ်၏ အဆုံးသတ် december (31) ရက် ည (၁၂) နာရီတိတိမှာ မွေးခဲ့သည်က ဖိုးကြယ်ဆိုသည့် လင်းလက်ကြယ်ပါ။

အဲဒီရဲ့ မိနစ်အပိုင်းလေးစွန်းပြီး နောက် (၅) မိနစ်မှာ မွေးခဲ့သည့်သူက January (1) ရက်ဖြစ်ကာ တစ်နှစ်ငယ်ရသတဲ့။ အမှန်ဆို ငါးမိနစ်သာခြားသည့် ကလေးနှစ်ယောက်ဖြစ်ပြီး ဤမျှ နှစ်ကွာခြား



www.burmeseclassic.com

www.burmeseclassic.com



သွားတာ အံ့သြစရာအဖြစ်ပါပဲ။ ဤသို့ဖြင့် မသိလျှင် အမြှာတွေနှယ် မိုးယံထက်နှင့် လင်းလက်ကြယ်က တပူးတွဲတွဲရှိနေခဲ့လေသည်။

"ဖေဖေကလည်း ကျွန်တော်က အမြီးနန့်ရအောင် ခွေးမှ မဟုတ်တာ"

"ခွေးကမှ အိမ်လုံဦးမယ်၊ မင်းက အိမ်အတွက် ဘာများ လုပ်ပေးနိုင်လို့လဲ"

"ဖေဖေပဲ ဘွဲ့မယူရသေးခင် လွတ်လွတ်လပ်လပ်နေဦးဆို"

"အေး . . . ဟုတ်တယ်၊ အဲဒီလိုနေခိုင်းတာနဲ့ ပေါက်လွတ် ပဲစား နေခိုင်းတာ မဟုတ်ဘူး"

ဟော! . . . နောက်ထပ်စကားလုံးတွေ ထပ်ထွက်လာပြန်ချေပြီ။ B.Sc ဘွဲ့ရပေလို့ပဲ၊ B.A မြန်မာစာဘွဲ့သာရခဲ့ရင်ဖြင့် ဖေဖေ့ စကားလုံးတွေက သူ့အပေါ် ပုံပိပြီးသေဖို့သာ ရှိတော့တာပါ။ မိန်းမ လည်း မဟုတ်ပါဘဲ ဒီလို ဗျစ်တောက် ဗျစ်တောက် ပြောတတ်သည့် အဖေမျိုးရဲ့သားက သူဖြစ်ခဲ့ရတယ်လို့ ကြားဖူးခဲ့သမျှ အဖေဆိုတာ သမီးကို ပိုချစ်တတ်ပြီး အမေဆိုတာ သားကို ပုံချစ်ကြတာမျိုးပါ။ သူ့ဖေဖေတဖြင့် ကြက်သားအုပ်မကြီးနှယ်သူ့ကို ဖိုက်ထဲတောင်ထည့် ထားလို့ရလျှင် ထားမည့်ပုံမျိုးပါလေ။





"လက်ဖက်ရည်ဆိုင်ဆိုတာ အတတ်မျိုးစုံနဲ့ ပြဿနာတွေ ငုံနေတတ်တာ မသိဘူးလား။ ဆေးလိပ်လေးတစ်ဖွာလောက် ရှိုက် ကြည့်စမ်းပါဆိုပြီး ပေးဖွာတာကအစ ဘိန်းစားဖြစ်ကုန်တာ။ အချိုရည် ကနေ အခါးမြည်းကြည့်ဆိုပြီး ဘုံဆိုင်ရောက်မှာကို မမြင်ဘူး"

"ဘာဘုံဆိုင်လဲ ဖေဖေ"

"မင်းဘကြီး အရက်ဘီယာဆိုင်ကို ပြောတာပေါ့။ နံ့တဲ့ အတဲ့နေရာမှာ နစ်ယောက်မရှိဘူး။ မင်း အဲဒီလိုတုံးလို့ ဟိုအကောင် ထိုမ့်သမျှ လိုးသမျှ ငြိမ်ခံနေရတာ။ တောက်! . . . ပြောရင်း ဒေါသက ဖြစ်လာပြီ"

သူ ပြုံးစိစိဖြစ်လာရသဖြင့် ခေါင်းငုံ့ထားလိုက်ရပါ၏။ ဒေါသ က ထွက်ထွက်လွန်းပါ၏။ တကယ်ဆို ဖိုးကြယ်ကိုသာ ဖေဖေ့သား ဖြစ်ခိုင်းရမှာပါ။ ဟိုကောင်က ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်၊ ထီမထင် ဟန်ဖြင့် ဆောင့်ကြွားကြွားဟန်မျိုး ရှိသူပါ။ ဒေါသကလည်း ထွက် တတ်ပါ့။ လမ်းသွားရင်း ခလုတ်တိုက်လျှင်တောင် အသုံးမကျသည့် ခြေထောက်ကို အပြစ်မမြင်ဘဲ လမ်းပေါ်က ခဲလုံးကိုပဲ ပစ်ကန်တတ်သူ ပင်။

တစ်ယောက်ယောက်က ဖျတ်ခနဲကြည့်မိလျှင်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်တာလဲ" ဟူသည့် အဓိပ္ပာယ်ဖြင့် မေးဆတ်ပြတတ်သူပါ။ စကားကို ဘွင်းဘွင်းရှင်းရှင်း ပြောတတ်ပြီး အားလည်းမနာတတ်ပါချေ။ ဤသို့သော စရိုက်လက္ခဏာရှိသည့် ဖိုးကြွယ်နှင့် ဖေဖေက အဘယ် ကြောင့်များ တူနေပြီး သူက မတုန်မလှုပ် ကျောက်ဆစ်ရုပ်လို ခပ် အေးအေး နေတတ်ကာ ဆန့်ကျင်ဘက်ဖြစ်နေတာပါလေ။

"မဟုတ်မဟက် အတတ်ကောင်းတွေ တတ်လာမှာစိုးလို့ ဒီလောက်ပြောနေတာတောင် နားမဝင်ဘူး။ မင်းဟာလေ၊ နာမည်မှား ပေးမိတဲ့ကောင်လို ဖြစ်နေပြီ။ ထက်ထက်မြက်မြက်လေး ဖြစ်စေချင် လို့ ပေးထားတဲ့နာမည်ကိုတောင် ပြောင်းပေးရတော့မယ်"

"ဘာနာမည်လဲ ဖေဖေ"

"မောင်ရေခဲလို့လေ၊ အေးလွန်းခဲလွန်းလို့ ပြောင်းပေးမယ်"

"မကြိုက်ပါဘူး"

"ဘာမကြိုက်ဘူးလဲ၊ မင်းနဲ့အဆင့်မတူလို့ မပေါင်းနိုင်းတာ လည်း နားမလည်ဘူး"

"ဖိုးကြွယ်က ဘာဖြစ်နေလို့လဲ ဖေဖေရယ်"

"တွေ့လား ... ပြောလိုက်ရင် ယောက်ဖဘက်က ကာ ကာဆီးပြောပြီး နာတတ်ပြန်ပြီ။ အဲဒီကောင်က မွေးကတည်းက 'ဇ





ကလေးနဲ့ ဂျီ (ချီ) သွေးလာတဲ့ကောင်။ တွေ့သမျှ လိုက်ခွေ့ပြီး ပြဿနာရှာတတ်တာ မင်းမသိဘူးလား။ စီခဲနဲ့ဆို နာမည်နဲ့လိုက်အောင် အော်ပီကျယ်ပဲ"

"လင်းလက်ကြွယ်ပါဗျာ"

"အဲဒီနာမည် မရွတ်စမ်းပါနဲ့။ မကြားချင်ဘူး။ အလကား အမေထဘီနားခိုစားနေတဲ့ကောင်"

သူ့ စိတ်ထဲမှသာ ကျိတ်ရယ်လိုက်ရပါ၏။ အမေထဘီနား ခိုစားနေတဲ့ အလကားကောင်တဲ့လေ။ ဒါဖြင့် သူလည်း ဘာထူးလို့လဲ။ အခုထိ ဖေဖေ့ပုဆိုးစခိုပြီး စားနေတဲ့ အလကားကောင်ပဲဟာ။ အတူ တူပဲကို။ သူ့ဖေဖေကဖြင့် သားဖြစ်သူကိုပဲ ကိုယ့်သားမှကိုယ့်သား ကိုယ့်ရွှေလုပ်ပြန်လေပြီ။

ဖိုးကြွယ်နာမည်က လင်းလက်ဆိုတာ အန်တီ့အမည်ပါ။ ဒီအမေကိုမုန်းတာနဲ့ပဲ သားဖြစ်သူကိုပါ ဆက်ပြီး ကြည့်မရဖြစ်နေတာ က သိပ် သဘာဝမကျလှပါ။ ခက်သည်က သူ့ဖေဖေရင်ထဲက အကျိတ်အခဲကို သူမှ မမြင်နိုင်တာလေ။ တဆိတ်ရှိ ဟိုဘက်ခြံကို မျက်စောင်းတခဲခဲဖြင့် ဒေါသကျိတ်ဖြစ်နေတတ်တာ မဟုတ်လား။

"ဖိုးကြွယ်ကမှ အန်တီ့ကို ဈေးကူရောင်းပေးသေးပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရယ်။ ကျွန်တော်ကမှ အလကားကောင်ပါ"

"ငါ!"

"ညဉ့်နက်နေပါပြီ ကိုကိုရယ်။ မနက် ကုမ္ပဏီသွားရမှာ။ အိပ်ရေးမဝရင် ခေါင်းကိုက်နေဦးမယ်"

"နင့်တူက ငါ့စကားကို နားမှမထောင်တာ နင်သိသားနဲ့"

"သားက လိမ္မာတဲ့ကလေးပါ ကိုကိုရယ်။ ပူရန်ကော"

"ငါ မွေးထားတော့ ပူရတာပေါ့။ နင်က အပျိုကြီးမို့ ဘယ်ပူပါ့မလဲ"

"ကြည့်!"

အပေါ်ထပ်မှ ဆင်းလာသည့် အန်တီလေးက ဝင်ပြောတာမို့ ဖေဖေကလှည့်ပြီး ရမ်းပြောပြန်ပါ၏။ အဆူခံရတာ အချိန် ဘယ်လောက်ကြာပြီမှန်း မသိပေမယ့် ထိုင်နေရတာ ခါးတောင့်နေမှန်းတော့ သိနေပါသည်။ ဖိုးကြွယ်သာ သူ့နေရာမှာဆို 'ဂျပန်မူလီဖေဖေကြီး' ဟု အမည်ပေးမှာလားမသိပါချေ။ ကန်တော့ပါရဲ့ ဖေဖေ။

"ငါက တော်ကြာ မပြောကောင်းမဆိုကောင်း လက်ဖက်ရည်ဆိုင်မှာ စကားများရန်ဖြစ် ရိုက်နှက်မှုဖြစ်ရင် ဟိုအကောင်က လက်မြန်ခြေမြန်နဲ့ ပြေးလို့လွတ်မှာ။ မင်းသာ အူကြောင်ကျားနဲ့ အရိုက်





ခံရပြီး အချုပ်ခန်းရောက်ရင်တော့ ငါ လိုက်ထုတ်ပေးမယ် မထင်လေနဲ့ သိကွာကျတယ်"

"ရန်မဖြစ်ပါဘူး ဖေဖေရာ။ ဖေဖေပြောမှပဲ ဖိုးကြွယ်က လူမိုက်ဖြစ်နေသလိုပဲ"

"မဟုတ်လို့လား။ အဲဒီလိုဖြစ်မှာစိုးလို့ ကြိုပြီးပြောထားတာ။ အဖေကို မလေးမစားနဲ့"

"ဒါဆိုလည်း ဖေဖေ ခွင့်ပြုပေးပေါ့"

"ဘာ"

ပြောလို့ဖြစ်ပါ့မလား။ အပြင်ထွက်တာ မကြိုက်ဘူးဆိုလည်း အိမ်မှာနေဖို့အတွက် အဖော်ရှိဖို့ လိုအပ်တာအမှန်ပါ။ တောင်းဆိုချက် ခွင့်ပြုမပြုက မသေချာပေမယ့် သူ့ အထုခံရမှာကဖြင့် အသေအချာပါလေ။ ဘယ်တတ်နိုင်ပါ့မလဲ။ သူက ဖိုးကြွယ်ကိုချစ်တာကိုး။

"ဖိုးကြွယ်နဲ့အတူတူ အိမ်မှာပဲ ဘောပွဲကြည့်ခွင့်ပြုဖို့ပါ"

"ဘာကွ! . . . ပါးစပ်ထဲ အမြဲရှိနေတာတောင် မလုံလောက်သေးဘဲ အိမ်ပေါ်ပါ ခေါ်တင်ရအောင် ဟိုအကောင်က မင်းမိန်းမမို့လို့လား။ မရဘူး!"

"တိုးတိုး ကိုကို . . . တော်ပါတော့ဆိုနေမှပဲ။ သားလည်း



www.burmeseclassic.com

www.burmeseclassic.com



သွားအိပ်တော့"

ဖေဖေ တရှူးရှူးဖြစ်နေပြီမို့ အန်တီလေးဝင်တားလိုက်လေ၏။ ဖေဖေ့ရှေ့မှ သူ အမြန်ဆုံးထလစ်ကာ အပေါ်ထပ်လှေကားထစ်ကို အပြေးတက်ခဲ့ရလေသည်။ ဒါလည်းမရ၊ ဟိုဟာလည်းမရနဲ့ ငါတော့ သစ်ကိုင်းလွတ်တဲ့ မျောက် ဖြစ်နေပြီ ဗိုးကြယ်ရေ။

***



## အခန်း (၂)

အိပ်ရာထက်မှာ ဘယ်ညာလူးလိမ့်လိုက်မိပါ၏။ မျက်စိမဖွင့်ဖြစ်သေးပေမယ့် အပြင်မှာ အတော်လင်းနေပြီမှန်း သိနေပါသည်။ မာမီဖွင့်ပေးသွားသည့် ပြတင်းပေါက်မှ ခပ်အေးအေးလေတို့က သူ့မျက်နှာကို တိုက်ခတ်သွားလေ၏။ နိုးနေပြီဖြစ်သော်ငြား မထဖြစ်သေးဘဲ ပြန်နှပ်နေရတာလောက် စိမ့်ရှိလိုက်တာ မပြောပါနှင့်တော့။

"Get up, Honey!"

အခန်းဝမှ မာမီ့အသံချိုချိုကို ကြားလိုက်ရပါ၏။ ကိုယ့်ဘာသာထလည်း ရပေမယ့် မာမီ့အသံလေးကြားမှသာ အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ထတတ်တာက အကျင့်ဖြစ်နေလေပြီ။ ဒယ်ဒီရှိစဉ်က ပျော်ရွှင်ခဲ့ရပါလျက် သူ (၈) တန်းတက်သည့် နှစ်မှာဖြင့် ရုတ်တရက် Accident ဖြစ်ရင်း ဒယ်ဒီဆုံးပါးခဲ့ရတာပါ။ အဲဒီအချိန်မှစပြီး သူတို့အိမ်လေးက တိတ်ဆိတ်ငြိမ်သက်သွားတော့တာပါပဲ။

"Morning, Mom!"

"ဆိုင်လိုက်ပို့ပေးမယ့်လူက lazy bone ဖြစ်နေလို့ရမလား"

"ထပါပြီ မာမီရာ"

ခုတင်ထက်မှာ ခြေချလိုက်သည်နှင့် ခေါင်းရင်းပြတင်းပေါက်သို့ အရင်ဆုံး ရောက်သွားပါ၏။ တစ်ဖက်ခြံထဲရှိ နှစ်ထပ်တိုက်ကြီးက ပြတင်းတံခါးတွေပင် မဖွင့်သေးပါချေ။ ဟိုကောင် မိုးယံ ခုချိန်ထိ မနိုးသေးဘူးထင်ပါရဲ့။ ဒီကောင် အရင်နိုးရင် သူ့ကို ဖုန်းသံပေးပြီး နှိုးတာပဲ ဖြစ်ဖြစ်၊ ဒီလိုမှမဟုတ် သူ့အခန်းပြတင်းပေါက်ကို ခဲတစ်ခဲ ပိစိလေးတွေဖြင့် ပေါက်ပြီးနှိုးတော့တာ မဟုတ်လား။

"မျက်နှာသစ် သွားတိုက်ဖို့ အရင်လုပ်မှပေါ့"

"မိုးယံ မထနိုင်ဘူးထင်တယ်"

"ဘာလဲ ... ညက ဘီယာမော့ကြလို့လား"

"ဒီကောင်လား မော့ရဲမှာ။ ညနည်းနည်းမှောင်ပြီး ပြန်တာနဲ့





နားကို ဝွမ်းဆို့ထားရတဲ့ဟာ။ သူ့အဖေအကြောင်း မာမီသိသားနဲ့"

"မြန်မြန်သွက်သွက် လုပ်စမ်း"

မာမီလောနေပြီမို့ သူ ရေချိုးခန်းထဲအမြန်ဝင်ရလေတော့၏။ သားအမိနှစ်ယောက်တည်း ရှိတော့သဖြင့် မာမီက မိန်းမသားတန်မယ့် စီးပွားရေးကိုဦးဆောင်ပြီး လုပ်နေရတာပါ။ ဒယ်ဒီရှိစဉ်က ပိုင်ဆိုင်ခဲ့ပါသည့် ငွေကြေးညစ္စာတို့ကို အပွန်းအပဲ့မခံဘဲ တစ်နိုင်စီးပွားရေးဖြင့်သာ ရပ်တည်နေခြင်း ဖြစ်လေ၏။

ကုမ္ပဏီတွေက ရှယ်ယာပြန်ဝင်ခိုင်းပါသော်လည်း မာမီက နားမလည်သည့်လုပ်ငန်းကို မယုံကြည်ဘဲ ဘဏ်ထဲပင်အပ်ခဲ့တာပါ။ စီးပွားလုပ်ရန် လုံလောက်သည့်ပမာဏလောက်သာ ယူပြီး ဈေးထဲမှာ ဆိုင်ခန်းလေးဝယ်ကာ အထည်နှင့်ရွှေထည် နည်းနည်းပါးပါးကို ရောင်းခြင်းပါပဲ။ သိပ်ကြီးကျယ်တာမဟုတ်သော်ငြား ဈေးသည်တွေအတွက် ရည်ရွယ်ပြီး ဆိုင်ဖွင့်ဖြစ်ခဲ့တာပင်။

လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ နားကပ် စသည်ဖြင့် သေးသေးပိစိလေးတွေကိုသာ တင်ပြီး လူလတ်တန်းစားတွေ၊ လက်လုပ်လက်စားတွေ ဝယ်ဝတ်နိုင်အောင် စီမံပေးလေ၏။ ဈေးသည်တွေ ဝယ်ပါက နေ့သွင်းဖြင့်ငွေသွင်းပြီး အကျေချေနိုင်ရန် စီစဉ်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အထည်ပိတ်စတို့ကိုလည်း နှစ်လပေး သုံးလပေးဖြင့်လည်း ရောင်းပေးသဖြင့် မာမို့ဆိုင်က အတော်လေးရောင်းကုန်လေ၏။

ဒီကြားထဲ တစ်နေ့လုပ်တစ်နေ့စား ရှာဖွေနေပါသည့် ဈေးသည်တွေက နှစ်လုံး၊ သုံးလုံး၊ ဘောလုံး စသည့် လောင်းကစားတို့ လုပ်ကြရင်း အရင်းပျောက်တတ်တာကို မဖြစ်ရလေအောင် နေ့စဉ်ငွေအပ်နိုင်းကာ စုပေးလေ၏။ ကိုယ့်အတွက် ဘာမှ အကျိုးအမြတ်မကျန်ပါဘဲ ဘောပင်ကုန် စာအုပ်ကုန် ဦးနှောက် အခြောက်ခံပြီး လုပ်ပေးသည့် မာမီက လူချစ်လူခင် အတော်ပေါများပြီး လူသိများသည့် အမျိုးသမီးပါပဲ။

ကျောင်းပြီးကာစမို့ ဘာကိုမှ မယ်မယ်ရရ မလုပ်ဖြစ်ပါဘဲ ဘိုယောင် ဒီယောင်ဖြင့် သူတေပေနေသော်ငြား မာမီက အပြစ်မမြင်ပါ။ မာမို့ဆိုင်အတွက် ကူပြင်ဆင်ပေးရတာ၊ ကုန်သွားယူပေးရတာ၊ ငွေလာအပ်တာကို စာရင်းကူလုပ်ပေးရတာမျိုးကို မာမီ မပင်ပန်းအောင် အလိုက်တသိဖြင့် သူ ကူညီပေးဖြစ်ပါ၏။

ဆိုင်မှာ မာမီတစ်ယောက်တည်း ရောင်းနေရသဖြင့် အကူဈေးရောင်းပေးဖို့ ကောင်မလေးနှစ်ယောက်ကို ခန့်ပေးထားပါ၏။ သို့သော် ပုံမှန်ဈေးရောင်းရတာထက် သူ ခဏလေးသွားထိုင်လိုက်





သည်နှင့် ဆိုင်က ကျိတ်ကျိတ်တိုးစည်တော့တာပါပဲ။ အထူးသဖြင့် ခပ်ကဲကဲ ချာတိတ်မလေးတွေက တခြားဆိုင်မှာ မဝယ်ဖြစ်တော့ဘဲ သူရှိနေပါသည့်ဆိုင်မှ ပိတ်စတွေ ရွေးကြတာကို။

တကယ်ဆို သပ်သပ်ရပ်ရပ် နေတတ်တာက မိုးယံထက်ပါ။ သူက ဆံပင်ကိုလည်း ညှပ်ချင်သည့်အခါမှ ညှပ်တတ်သလို မဖြီးမသင်ဘုတ်သိုက်ဖြင့်သာနေလေ့ရှိလေ၏။ မျက်နှာကိုလည်း သေချာဂရုတစိုက် လိမ်းတာမျိုးမရှိဘဲ ဖြစ်သလိုနေလေ့ရှိသဖြင့် ရှိရင်းစွဲအသက် (၂၀) ထက်ပိုပြီး ရင့်နေသည့်နှယ်ပါ။

သို့သော် အဲဒီဂျစ်ပစီပုံစံ ဂျစ်ကန်ကန် style ကိုသာ ကောင်မလေးတွေက ပိုစိတ်ဝင်စားကြတာက အခက်ပါပဲ။ ဆိုင်က ကောင်မလေး ၄ဝါနှင့် ချယ်ရီကဖြင့် မာမို့ကိုကြောက်သည့်အရှိန်ဖြင့် သူ့ကိုတရင်းတနှီးမနေရဲပါချေ။ အစက အကူမိန်းကလေးတွေမရသေးသဖြင့် ခဏတဖြုတ် ဆိုင်ထိုင်ခိုင်းပေမယ့် အခုဆို ခဏလေးတောင် မရှိစေချင်ပါ။

"ဈေးဝယ်ရဦးမှာပါလား"

မနက်စာစားရန် ဝင်လာစဉ် မာမီရေရွတ်လိုက်တာကို ကြားလိုက်ရပါ၏။ အိမ်မှာ သားအမိနှစ်ဦးသာရှိပေမယ့် မာမီက အပြင်စာ



www.burmeseclassic.com

www.burmeseclassic.com



စားလေ့မရှိပါ။ တချို့ရှေးသည်တွေက ဖြစ်သလို ဗိုက်ပြည့်အောင် ခေါက်ဆွဲကြော်လို၊ အသုပ်လိုဖြင့် အလွယ်တကူစားလေ့ရှိကြပါ၏။ မာမီကဖြင့် အိမ်မှာချက်သည့် ထမင်းဟင်းတို့ကိုသာ နှစ်သက်စွာ စားတတ်လေသည်။

မာမီ မချက်ဖြစ်သည့်အခါ (နေထိုင်မကောင်းဖြစ်သည့်အခါ) မျိုးမှာဖြင့် သူ့ဘာသာချက်စားတတ်ရန် သင်ပေးထားသဖြင့် သူက ဟိုစပ်စပ် ဒီစပ်စပ်ဖြင့် ကျွမ်းကျင်သည့်ကောင်လေးဖြစ်နေလေ၏။ လူကြီးတွေမျက်စိထဲ ဒေါင့်မကျိုးဘဲ ဘုဆတ်ဆတ်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ကားပြင်ဆင်သည့်အခါ၊ ဝယ်ရောင်းလုပ်သည့်အခါ၊ အိမ်မှာ လျှပ်စစ်ပစ္စည်းတွေ ပျက်ယွင်းသည့်အခါမျိုးမှာ သူက မရှိမဖြစ် လူအဖြစ် စွမ်းဆောင်ပေးနိုင်သည့် လူသားတစ်ဦးပါပဲ။

"ကျွန်တော်ပဲ ဝယ်လိုက်ပါ့မယ် မာမီရယ်"

"ဝယ်တာလည်း ဝယ်ပါ၊ ဟိုက ပိုးကြေးပန်းကြေးနဲ့ ထည့်ပေးသမျှ အကုန်သယ်မလာမိစေနဲ့ဦး"

"အာ . . . မာမီကလည်း"

"မဟုတ်လို့လား၊ ကောင်မလေးတွေကို အထာပေးတဲ့ အကြည့်မျိုးနဲ့ မညို့မိစေနဲ့၊ ခေတ်ကိုက မိန်းမတွေစတဲ့ခေတ် ဖြစ်နေ





တာ။ ကိုယ်က တည်တည်တံ့တံ့မနေရင် APS girl တွေနဲ့ ညားမယ်မှတ်။ ကြပ်ကြပ်သတိထား"

မာမီ့စကားကြောင့် သူ ရယ်လိုက်မိပါသည်။ အသက် (၄၅) နှစ်အရွယ် (သားတစ်ယောက်အမေ) က ခေတ်စကားအသုံးအနှုန်းမျိုးလည်း သုံးတတ်တာ မဟုတ်လား။ APS (အပေါစား)၊ AKS (အကောင်းစား) ဆိုတာမျိုးက သူတို့လူငယ်တွေသာ သုံးလေ့ရှိတာပါ။ သူ့မာမီကဖြင့် ခေတ်မီသည့် အမေမျိုးပါပဲ။

"ဒီ style မျိုး ဘယ်သူက မျက်စိကျပါ့မလဲ မာမီရယ်။ မိုးယံဆိုရင်တောင် ဟုတ်တုတ်တုတ် ရှိဦးမယ်"

"ဟိုကလေးက လက်ညှိုးထောင်ခေါင်းညိတ်ပဲ လုပ်တတ်တဲ့ လူလိမ္မာပုံ ပေါ်နေတာပဲဟာ။ ဘယ်မိန်းကလေးမျိုးက မျက်စိကျရဲပါ့မလဲ။ သိပ်လိမ္မာတဲ့ကလေးက မိဘစကားကို မြေဝယ်မကျ နားခံတတ်တာ"

"ဒါဖြင့် ကျွန်တော့်ပုံက မိုက်တယ်ပေါ့"

မာမီ့မျက်စောင်းက သူ့ထံ ဆတ်ခနဲရောက်လာလေ၏။ သူ သိပ်နားမလည်ပါ။ လိမ္မာသည့်ကောင်လေးကို ဘာကြောင့်များ စိတ်ဆင်းစားကြပါသလဲ။ မာမီပြောသလို သူ့မှာ ညှို့ငင်ဆွဲဆောင်နိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းညိုတွေ ရှိနေလို့ပေပဲလားမသိပါ။ မိုးယံကိုကြည့်လျှင်ဖြင့် မျက်နှာလေးကြည်လင်ပြီး မျက်ဝန်းနက်လေးတွေကအစ တောက်ပနေတတ်တာလေ။

တကယ်ဖြူစင်တဲ့ ချာတိတ်လေးလို့ပဲ မြင်ကြလေသလား။ သူ့လို ခပ်မိုက်မိုက် style မျိုးကိုမှ အဘယ့်ကြောင့် မျက်စိကျရတာပါလိမ့်။ သူက တစ်နေ့နေ့လို့ ခေါင်းတစ်ခါဖြီးဖို့၊ မှန်တစ်ခါကြည့်ဖို့ စိတ်မဝင်စားတတ်ပါ။ အဝတ်အစားကိုတောင် မာမီပြောလွန်း၍ တစ်ရက်တစ်စုံ လဲလှယ်ဝတ်ဖြစ်တာပင်။

"မာမ့်သားက ကျားဖြစ်ဖြစ် အားဖြစ်ဖြစ် No problem ပဲ။ အေး! ... နွားတော့မဖြစ်စေနဲ့ပေါ့ မောင်တာရာရယ်"

"ဒါတော့ ကျွန်တော်သိပါတယ် မာမိရဲ့"

"ဈေးဝယ်ဖို့ မာမီ list ရေးပေးမယ်၊ breakfast စားကြစို့"

ထမင်းဝိုင်းမှာ ထိုင်လိုက်ကြပါ၏။ ထုံးစံအတိုင်း မာမီက Royal Teamix တစ်ထုပ်ဖျော်ကာ ပေါင်မုန့်ရိုးရိုးဖြင့် တွဲစားလေသည်။ သူ့အတွက်က ကြက်ဥ half-fried တစ်လုံးနှင့် မီးကင်ပေးထားပါသည့် ပေါင်မုန့်နှစ်ချပ်ပါ။ ထိုပေါင်မုန့်ကို strawberry Jam နည်းနည်းသုတ်ကာ ကော်ဖီဖြင့် တွဲသောက်ဖြစ်တာပါ။





ကြွေခွက်ထဲမှာ သူ့အတွက် မာမီက Premier 2 plus 1 coffee နှပ်ပေးထားသဖြင့် ခါးစိမ့်စိမ့်ကော်ဖီနှင့် သူ့အကြိုက်က ကွက်တိပါပဲ။ သူများတွေမြင်လျှင်ဖြင့် မည်သို့ထင်ကြမည်နည်း။ ဒီအမေနှင့်ဒီသားက အကြိုက်မတူဘဲ အတူနေဖြစ်ခဲ့ရတာပါ။

တကယ်တမ်း လက်ဖက်ရည်ဆိုင်ထိုင်ကြတိုင်း ပေါ့ဆိမ့်ရှယ်ဟု မှာလေ့ရှိသည့် မိုးယံထက်နှင့် မာမီကမှ အကြိုက်တူတာပါလေ။ သူငယ်ချင်းတွေနှင့်အတူထိုင်ပြီး မှာစားကြတိုင်း သူနှင့်မိုးယံကို ဆေးရုံမှာ ကလေးမှားသွားကြသည်ဟု စနောက်တတ်ကြလေ၏။ မိုးယံအဖေ၏ ဒေါသကြီးသည့်စိတ်မျိုးက သူ့ထံမှာရှိနေပြီး မာမီ၏ ခပ်အေးအေး ဗီဇက မိုးယံထက်ထံမှာပါနေခြင်းကြောင့်ပါပဲ။

"မာမီ"

"အင်းပြော"

မာမီက လက်ဖက်ရည်သောက်ရင်း Note pad မှာ နံပါတ်စဉ် ချရေးကာ ဈေးစာရင်းကိုရေးနေလေ၏။ ကုန်ခြောက်နှင့်ကုန်စိုကို ခွဲချယ်ပြီး ရေးတတ်တာလည်း မာမီ၏ကျွမ်းကျင်သည့် အလုပ်တစ်ခုပါပဲ။ စဉ်းစားလိုက်၊ ရေးလိုက်ဖြင့် လုပ်နေသဖြင့် သူ့ကို အာရုံမစိုက်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်မေးရင် စိတ်မဆိုးနဲ့နော်”

“ဘာကိုလဲ”

“ဟိုလေ … ဆေးရုံမှာ ကျွန်တော့်ကို မာမီမွေးတုန်းကပါ”

မာမီ မျက်မှောင်ကြုတ်၍ သူ့ကို ကြည့်လိုက်လေ၏။ အံ့ဩတုန်လှုပ်ဟန်မပြဘဲ အေးအေးဆေးဆေးပါပဲလား။ သံသယဝင်တာမျိုး မဟုတ်သော်ငြား စသလို နောက်သလို ပြောစကားတို့ကို ကြားရဖန်များနေ၍ မေးဖြစ်ခြင်းပါပဲ။ ဘာကိုမှ မရည်ရွယ်ရိုးပါ မာမီ။

“ကလေးအမေနဲ့ကလေးတွေကို တစ်ခန်းစီခွဲပြီးထားကြတာ မဟုတ်လား”

“ဟုတ်တယ်လေ”

“အဲဒါ ကလေးတွေလက်မှာ အမေနာမည်တွေရေးကြတာနော်”

“မှန်တယ် … အဲဒါ ဘာဖြစ်လဲ”

“ဟိုလေ … မိုးယံအမေက မွေးပြီးပြီးချင်း ဆုံးသွားတာဆို တော့”

“ကျစ်! … စကားကို ဝေ့ဝိုက်မပြောနဲ့လေ။ လိုရင်းကို ဒဲ့ပြောမှပေါ့”



“အဲ!”

သူ တွန့်ခနဲဖြစ်သွားရပါ၏။ ဆက်ပြောလို့ ဖြစ်ပါ့မလား။ မွေးတုန်းကကိစ္စက အခု ဒီအရွယ်ထိ သူတို့နှစ်ယောက်ကို ပဟေဠိတွေအဖြစ် ပေးနေမှန်း ထင်မထားမိပါချေ။ အကယ်၍ တကယ်ပင် ကလေးချင်းမှားခဲ့ပါက သူရော မိုးယံပါ ဖြေရှင်းမရသည့် အရှုပ်ပုံထဲ နစ်တော့မှာပါ။ အဘယ့်ကြောင့်ဆိုသော် မိုးယံ၏အဖေ ဦးမိုးသောက်က သူ့အမေ ဒေါ်လင်းလက်ကို ကမ္ဘာမကြေသည့် အမုန်းတို့ဖြင့် အမုန်းကြီး မုန်းနေခြင်းကြောင့်ပါလေ။

“ဆက်ပြောလေ”

“ဟို … ဟို”

“ဘာလဲ … သားနဲ့ကိုထက်ကို ကလေးချင်းမှားတယ်လို့ ဆင်နေတာလား”

“ဟုတ်!”

“ကြိုကြိုဖန်ဖန် … ဘယ်သူပြောတာလဲ”

“အဲဒါတော့”

“အရှူးမထစမ်းပါနဲ့ သားရယ်။ ဘယ်အမေမဆို ကိုယ့်ကလေးတော့ ကိုယ်မှတ်မိကြပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... မိုးယံက"

"ဘာလဲ ... မာမီနဲ့တူပြီး အေးတယ်ပြောချင်လို့လား"

"ဟုတ်!"

"တူမှာပေါ့ သားရဲ့။ မွေးပြီးပြီးချင်း ဆေးရုံမှာ ကလေးမွေးတဲ့ အမေက မာမီတစ်ဦးပဲရှိတော့ ထက်ထက် ရုတ်တရက်ဆုံးသွားတာနဲ့ပဲ ကိုထက်ကို မာမို့နို့ပဲတိုက်ခဲ့ရတာ"

"ဗျာ!"

"အဲဒါကို ဒင်းသိတော့ သူ့သားကို လာပြန်လုတာနဲ့ ဆေးရုံမှာ ကျွတ်ကျွတ်ညံခဲ့သေးတာ။ Nurse တွေ၊ ဆရာဝန်တွေ ဝိုင်းပြောမှပဲ ပြီးတော့တယ်။ အဲဒီကတည်းက သားနဲ့ကိုထက်က နို့သောက်ညီအစ်ကိုဖြစ်ခဲ့ရတာပေါ့"

သူ ကျေနပ်စွာ ပြုံးလိုက်မိပါ၏။ တရုတ်သိုင်းကားတွေနှယ် သွေးသောက်ညီအစ်ကို မဟုတ်ပါဘဲ နို့သောက်ညီအစ်ကိုတဲ့လေ၊ ဒါကြောင့် ဒီကောင် သူ့မာမီကို အတော်ချစ်ရှာတာကိုး။ မိုးယံရဲ့အဖေဦးဝွစာကြီးသာ Ok ရင် သူတို့နှစ်ယောက်က တဂယ်ညီအစ်ကိုတွေနှယ် ချစ်ရမှာပါ။

* * *



## အခန်း (၃)

တစ်ဖက်ခြံရှိ တိုက်ပုလေးကို လှမ်းအကဲခတ်လိုက်ပါ၏။ တိတ်ဆိတ်နေပြီး ပြတင်းတံခါးတွေ အကုန်လုံး ပိတ်ထားသဖြင့် ဖိုးကြယ်တို့သားအမိနှစ်ယောက်စလုံး အိမ်မှာမရှိတော့မှန်း သိစေလေသည်။ ခြံထဲမှာ ဖိုးကြယ် အမြဲတမ်း Boxing လေ့ကျင့်လေ့ရှိသည့် သဲအိတ်ကလည်း ငြိမ်သက်နေပါ၏။

"သားရေ"

"လာပြီ အန်တီလေး"

အောက်ထပ်မှ ခေါ်နေပြီမို့ အသံလှမ်းပေးလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ လိုက်ကာကို မ,ထားရာမှ ပြန်ချလိုက်ပြီး လှေကားထစ်တို့မှ ဆက်ဆင်းခဲ့ပါသည်။ ဒီလှေကားတစ်ဆစ်ချိုး ပြတင်းပေါက်က ဖိုးကြွယ်အခန်းနှင့် ကွက်တိဖြစ်နေတာမဟုတ်လား။ ဤနေရာမှပင် သူနှင့်ဖိုးကြွယ် ငယ်စဉ်က အချိန်းအချက် ပြုလုပ်ခဲ့တာပင်။

"မုန့်ဟင်းခါးစားမလား သား။ အန်တီလေး ဝယ်ထားတယ်"

"ဗိုက်နာမယ် မကျွေးနဲ့"

"ဒါဆို ထမင်းဖြူနဲ့ပဲပြုတ် နယ်ပေးရမလား"

"စောစောစီးစီး ရင်ခေါင်းတောင့်မှာပေါ့ မစားရဘူး"

အန်တီလေး၏မျက်စောင်းက အဖျက်စကားချည်း ပြောနေပါသည့် ဖေဖေ့ထံရောက်သွားပါ၏။ လူကို ခုထိ မူလတန်းကလေးလို ဂရုစိုက်လွန်းသဖြင့် နေရခက်စေလေသည်။ ဤသို့မွေးသလို ဂရုစိုက်လွန်းလို့လည်း သူက အလိုလိုနေရင်း ခပ်ပျော့ပျော့ကောင်ဖြစ်နေတာပင်။

တစ်ခါလေး နှာချေလိုက်မိသည်နှင့် ဆရာဝန်ထံ phone ခေါ်ပြီးနေပြီ။ ကိုယ်ပူချင်သလိုလိုမျိုး မျက်လုံးတွေပူလိုက်တာဟု ပြောလိုက်ရုံနှင့် ဆေးရုံသွားဖို့ပြင်သည့် ဒီအဖေနှင့် ဒီအဒေါ်ပါပဲ။ ဘာရောဂါမှ မယ်မယ်ရရမရှိပါဘဲ မေမေ ခေါ်ထားထားစံတစ်ယောက်





ကလေးဗီးဖွားရင်း ရုတ်တရက် နှလုံးရပ်ခဲ့ရသည့်အဖြစ်အပျက်က သူ့ကို ထိုသို့ ပိုပြီး ဂရုတစိုက် ပြုစုပေးရန် ဖြစ်စေခဲ့တာပါ။

"နေ့တိုင်း ဒါချည်းစားနေရလို့ တခြားဟာများ စားချင်မလား မေးတာပါ ကိုကိုရယ်"

"သူ့အကြောင်းသိရဲ့သားနဲ့ လျှာက ရှည်တာကိုး။ အပိုကို လုပ်ချင်တယ်။ ဒါကြောင့် နင်အပျိုကြီးဖြစ်နေတာ"

"ကြည့်!...မို့ဘာသာ မယူလို့ ဖြစ်ရတာလား။ ဘယ်သူ့ကြောင့် အပျိုကြီးဖြစ်ရသလဲ ကိုကိုအသိဆုံးပါ"

"တော်တော့ ဆက်မပြောနဲ့တော့။ စောစောစီးစီး ငါ ဒေါသ ထွက်ချင်ဘူး"

ထုံးစံအတိုင်း သူ့ရှေ့မှာ ရိုးရိုးပေါင်မုန့်အချပ်လေး နှစ်ခုနှင့် Royal Teamix တစ်ခွက်က ရောက်လာပါ၏။ ပေါင်မုန့်အကြမ်းကို ကြက်ဥနှင့်ကြော်ပေးတာလည်းမကြိုက်၊ ထောပတ်တို့ နို့ဆီတို့ ယိုတို့ သုတ်ပေးတာလည်း မစား။ ခပ်ပူပူ နွားနို့လေးလောက်ပေးတာမျိုးသည်း ငြင်းဆန်တတ်သည့်သူမို့ ရိုးရိုးပေါင်မုန့်ကိုသာ အရသာခံပြီး သက်ဖက်ရည်ဖြင့် မျှောချတတ်သည့်အကျင့်ရှိခဲ့တာပါ။

ယောကျ်ားလေးမို့ ဟိုဟာ ဒီဟာဆိုပြီး စိတ်အပြောင်းအလဲ



www.burmeseclassic.com

www.burmeseclassic.com



မြန်မည်မထင်ပါနှင့်။ သူ့ရော ဖိုးကြယ်ပါ ဘောလုံးဆိုမှ ဘောလုံး။ coffee မှ coffee၊ Tea မှ Tea တစ်ခုဆိုမှတစ်ခု စွဲစွဲမြဲမြဲ ကြိုက်ခဲ့ကြတာပင်။ ခြွင်းချက်အရ ဖိုးကြယ်က ကိုယ်လုံပညာ အားကစားတစ်ခုကို တတ်မြောက်ကျွမ်းကျင်ခဲ့တာပါ။ သူကတော့ ဖေဖေတို့မောင်နှမ၏ပိုးမွေးမြူသလိုမွေးပေးခဲ့သည့် မေတ္တာပိုးအိမ်လေးထဲမှ ပိုးတုံးလုံးလေးနှယ် ခပ်ပျော့ပျော့သာနေခဲ့ရတာပင်။

"ဒီနေ့ရော ဘာအစီအစဉ်ရှိလဲ"

"ကျွန်တော့်ကို မေးတာလား"

"ဒါပေါ့ ... မင်းအဒေါ်ကို ဘာများ မေးစရာရှိလို့လဲ။ ဖိုးလင်းက မိုးချုပ် အိမ်အလုပ်ကို ဖယ်ဆက်သလို လုပ်ဖို့ တန်းစီနေတဲ့ဟာ"

အန်တီလေးက သူသောက်ရမည့် အားဆေးတွဲကို ကြွေပန်းကန်ပြားလေးထဲထည့်ပေးကာ ရေသန့်ဘူးထဲမှ ရေအေးတစ်ခွက်ကို ဖန်ခွက်ထဲသို့ ငှဲ့ပေးလိုက်ပါသည်။ မေမေ့ကိုယ်စား သူ့ကို နို့ဘူးတိုက်ပြီး ပြုစုပေးခဲ့ပါသည့် အန်တီလေးတစ်ယောက် သူ့ကြောင့် အိမ်ထောင်မပြုဖြစ်ခဲ့တာပါ။ ဒါကို သူ့ကြောင့်ဆိုပြီး အပြစ်မတင်ပေမယ့် ဖေဖေနဲ့ကဖြင့် တကျက်ကျက်ပါပဲ။

"ဘာမှမရှိဘူး"





"လမ်းပျောက်နေတဲ့ မျက်မမြင်ဖို့လို့လား။ ဘာမှမသိရ မရှိရအောင်"

"ဟယ်! ... ကလေးကို မပြောကောင်းမဆိုကောင်း။ အဲဒီကိုကိုဟာ"

"အလကားနေ အလကား အချိန်ဖြုန်းနေမယ့်အစား သင်တန်းလေးဘာလေး စုံစမ်းပြီးတက်မှပေါ့"

"တိုက်ကွမ်ဒိုတို့ ဂျူဒိုတို့လား ဖေဖေ"

"ဟယ်! ... မဟုတ်မဟတ်က စပြောပြန်ပြီ။ အဲဒါကြောင့် မင်းနဲ့ငါ အစေးမကပ်တာ။ ကိုယ့်ဘဝအတွက် အထောက်အကူဖြစ်စေမယ့် အရာမျိုး တွေးပြီးတက်မှပေါ့။ အလကားနေ အလကား ဟိုကောင့်နောက်လိုက်လုပ်ပြီး ဟိုကောင်ဦးဆောင်နိုင်းသမျှ လုပ်ပေးနေရအောင် မင်းကိုယ်မင်း မြား (၈၀) များထင်နေသလား"

ပြောပြန်ပြီ။ ဗီသာလေး ဘေးပစ်စကားလုံးတွေ။ ကိုယ့်သားကို ကျပ်မပြည့်ဘူးပြောတာ ကိုယ့်သိက္ခာ ကိုယ်ချတာနှင့် အတူတူပင်နေမှန်း ဖေဖေမသိတာလည်း မဟုတ်ပါ။ ဗီသာလေးကို ငယ်စဉ်က ချိုချိုသာသာပြောခဲ့သော်ငြား အရွယ်ရောက်လာသည်နှင့်အမျှ မျက်စိထဲ ကြည့်မရတော့သလိုနှယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးကြယ်က ဘာမဆို အကုန်လုပ်တတ်ပါတယ် ဖေဖေရဲ့ အန့်တီလင်းကိုလည်း ဆိုင်မှာ ကူပေးသလို အိမ်မှာ ချက်ပြုတ်တာလည်း သူပဲ။ သူမတတ်တာ ဘာမှမရှိသလောက်ပဲ"

"ဘာ ... ဒါဖြင့် မင်းက အိမ်မှုကိစ္စနိုင်နင်းပြီး အချက်အပြုတ်သင်တန်းမျိုး တက်ချင်တယ်ပေါ့လေ။ ငါမပြောလိုက်ချင်ဘူး။ မင်းကိုမွေးထားတာ အလုံးကြွ။ နှစ်ယောက်ပူးပြီး အိကြာကွေးများ ဖြစ်ချင်နေသလား။ Thai မှာ သွားပြင်ချင်ရင် မင်းယောက်ဖကိုပဲ အပြားသွားပြင်နိုင်း"

"ကိုကို"

"နင် ဝင်မပါနဲ့"

"ကလေးကို မိုချိုး မျှစ်ချိုး မပြောပါနဲ့။ သားက ချိုချိုသာသာနဲ့ပြောရင် စကားနားထောင်ပါတယ်"

"ဘာနားထောင်လို့လဲ။ အပြင်မှာ အချိန်ပြည့် လပ်လျားလပ်လျားနဲ့ လျှောက်သွားနေတာများ။ ကိုယ့်အတွက် အကျိုးမရှိ သူတစ်ပါးအတွက်လည်း အကျိုးမရှိ နှစ်ဦးနှစ်ဖက် အကျိုးရှိဖို့သာတောင်ဝေးသေး"

ပြောတော့ဖြင့် စောစောစီးစီး ဒေါသမထွက်ချင်ဘူးဆိုသည်





ဖေဖေက သူ့ကိုပြောနေရင်း စိတ်တိုလာချေပြီ။ ဒီအဖေနဲ့ ဒီသားက ဒီဘဝမှာ သားအဖ သွေးစပ်တော်ပြီး မျက်နှာချင်းဆိုင်တာနှင့် ကတောက်ကဆ ဖြစ်ရတယ်လို့။ သူမည်သို့ အဆင်ပြေအောင် နေပါစေ ဖိုးကြယ်နှင့်ပတ်သက်ပြီးပြောတိုင်း ဖေဖေ့ကိုပြန်ပြောမိတာက အကျင့်ဖြစ်နေတာမို့ပါပဲ။

"ဒါဆို ဖေဖေ့ကုမ္ပဏီမှာ အလုပ်ဝင်ရမှာလား"

"အံမာ ... သူများခူးခပ်ပြီးသား ထမင်းဝိုင်းကို အဆင်သင့်ဝင်ထိုင်ဖို့ မကြံစည်ပါနဲ့ ကိုမိုးယံထက်ရယ်။ ထမင်း ဘယ်လိုဖြစ်လာသလဲဆိုတာကို အရင်ဆုံးတတ်အောင်ပဲ သင်စမ်းပါ"

"ထမင်းက ပေါင်းအိုးနဲ့ချက်ရတာလေ ဖေဖေရဲ့"

"ငါ"

အန့်တီလေး မအောင့်နိုင်ဘဲ ရယ်လေတော့၏။ သူ့ဖေဖေဦးကပ်စေးကဖြင့် ဒီသားလေးတစ်ယောက်တည်းရှိပါလျက်နှင့် အလုပ်မှာ တစ်နေရာစာလေး ပေးဖို့တောင်မှ တွန့်တိုနေတာမဟုတ်ပါလား။ သူကလည်းသူပင်။ သူများသူ့ဌေးသားတွေနှယ် ဉာဏ်ထက်ပြီး Bright ဖြစ်တဲ့သူလည်းမဟုတ်။ စာလည်းမတော်ပါပဲ အသင့်အတင့် သာ ရှိခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လိုသလိုပုံသွင်း၍မရသည့် သူ့လိုဖယောင်းတုံးက ပျော့သလိုနှင့် မာမာတောင့်တောင့်လေးဖြစ်နေလေ၏။ ဖေဖေ ကြည့်မရဖြစ်လေ အန်တီလေးက သူ့အပေါ် အချစ်ပိုလေမို့ အိမ်မှာ ချဉ်ဖတ်လေးဖြစ်မှန်းမသိ ဖြစ်နေခဲ့ရတာပါလေ။

"ပေါ့ပေါ့နေ ပေါ့ပေါ့စားတဲ့ မင်းလိုကောင်ရဲ့လက်ထဲ ငါ့ကုမ္ပဏီကိုအပ်မိလို့ကတော့ ပုံပြင်ထဲက ကုဋေရှစ်ဆယ်သူဌေးသားကမှ တောင်းစားဖို့ ခွက်ရှိဦးမယ်။ မင်းက ခွက်တောင်ကျန်မယ့်ကောင်မဟုတ်ဘူး"

"ဖေဖေကလည်းဗျာ"

"ဘာဖေဖေကလည်းလဲ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်မတ်တပ်ရပ်နိုင်အောင် ကြိုးစားစမ်းပါ မိုးယံထက်ရဲ့။ တစ်သက်လုံးအလုပ်မလုပ်ဘဲ မိဘဆီက နို့သက်ခံစို့ဖို့ပဲ မပြင်နေနဲ့"

သူ့မျက်နှာ တည်သွားရပါ၏။ တစ်နေ့တစ်နေ့ ဘယ်လိုပျော်ရမည်ဆိုပြီး ရှာကြံနေဖြစ်တာအမှန်ပါ။ သို့သော် ဖေဖေပြောသလိုတေပေလေလွင့်ပြီး မိုက်မဲနေတာမျိုးတော့ မဟုတ်ရပါ။ အိုးကောင်းလိုချင်၍ နာနာရိုက်တာကို သူ နားလည်ပါ၏။ မိဘကို အားကိုးသည့်စကားပုံက သူ့ရင်ကို ဟက်တက်အခွဲခံရသည့်နှယ် ခံစားလိုက်ရတာ





အမှန်ပါလေ။

အထူးသဖြင့် မွေးကင်းစကလေးဘဝကတည်းက မိခင်နို့တစ်ကြိမ်တစ်ခါမှ မစို့ခဲ့ရတဲ့သားကိုမှ ဒီစကားပုံမျိုးဖြင့် ပြောရတယ်လို့။ နို့သက်ပြီး လွယ်လင့်တကူကျလာတဲ့ နို့ကိုတောင် စို့ခွင့်မရခဲ့ပါဘူး ဖေဖေရယ်။ အန်တီလေး ဖျော်တိုက်တဲ့ နို့ဘူးနွေးနွေးကိုသာ သူသောက်ခဲ့ရတာပါ။

ဒီအရွယ်ရောက်စဉ်က ဖိုးကြယ်က နွားနို့ပူပူတစ်ခွက်ဆိုပြီး အားပြည့်အောင် မှာသောက်ဖြစ်ခဲ့ပေမယ့် သူကဖြင့် ရင်ထဲမှာ နာကျင်ပြီး သောက်ဖို့မှာဖြစ်ပါချေ။ အားနည်းချက်ဆိုတာ လူတိုင်းမှာ ရှိတာတော်ပြား ဖေဖေကိုယ်တိုင် သူ့အားနည်းချက်ကို ထောက်ပြတာကိုဖြင့် မလိုလားပါလေ။

"ဒါဆိုလည်း ဖိုးကြယ်နဲ့ဝပ်ရှော့မှာ အတူတူသွားလုပ်ပါ့မယ် ဖေဖေ"

"ဘာကွ!"

"ဖေဖေပဲ ကုမ္ပဏီမှာ အလုပ်မပေးချင်ဘူးဆို။ ဒီတော့ ကျွန်တော့်ဘာသာ အလုပ်ရှာရမှာပေါ့"

"အဖြစ်မရှိ ဝါသနာမပါဘဲနဲ့များ တွေ့ကရာလျှောက်လုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်နေလား မိုးယံ”

“ပင်ပင်ပန်းပန်းအလုပ်မျိုးလုပ်ဖို့တော့ အန်တီလေး ကန့်ကွက်ပါရစေ သား။ နဂိုကတည်းက သားမှာ သွေးအားနည်းရောဂါရှိတာသိသိကြီးနဲ့ ခွင့်မပြုနိုင်ဘူး”

“အလုပ်လုပ်ချင်တာတောင်မှ အဲဒီကောင်နဲ့ တွဲလုပ်ချင်နေသေးတယ်။ မင်းကိုယ်မင်း အဲဒီအော်ပီကျယ်နဲ့ နှစ်ထပ်အကြွေစေ့လိုများ ထင်နေလား”

အပြောက မလွတ်ပြန်ပါချေ။ ပျော်ခဲ့ရသည့်နှစ်က ဘယ်နှနှစ် ရှိခဲ့ပါသလဲ။ ကျောင်းတက်သည့်အရွယ်မှာလည်း တစ်ခန်းတည်းအတူ ကျောင်းတက်သည့် လင်းလက်ကြယ်ကို မပေါင်းရအမိန့်ဖြင့် အမြဲနေခဲ့ရတာပါ။ အရွယ်ရောက်လာမှသာ ခေါင်းမာပြီး ဖိုးကြယ်နှင့် ပေါင်းခဲ့ရတာလေ။

ဝိုင်းအလိုလိုက်ခံရပြီး ပျော်ရွှင်နေသည့် မိုးယံထက်ဖေါ်လျှို့ဝှက်ချက်ကို ဘယ်သူတစ်ဦးတစ်ယောက်မှ မသိကြပါ။ စိတ်ဆိုတာ အတင်းချုန်းအုပ်ခံရရင်ဖြင့် stress ဆိုသည့် စိတ်အနှောင့်အယှက်ဖြစ်ခြင်း စိတ်ဖိအားများသည့်ဒဏ်ကို ရင်တွင်းမှ ခံစားရတာအမှန်ပါ။ ငါ စိတ်ညစ်နေရပြန်ပြီ ဖိုးကြယ်။





“ဒါဖြင့် . . . ကျွန်တော်က ဘာလုပ်ရမှာလဲ”

“အဲဒါပဲ . . . အခုထိ ကိုယ်ပိုင်ဆုံးဖြတ်ချက် ကိုယ်လိုရာပန်းတိုင်မျိုးမရှိလို့ မင်းကို အနာဂတ်မရှိဘူးလို့ ပြောတာ”

“ဖိုးကြယ်ကိုဆို အန်တီလင်းက လျှောက်ရမယ့်လမ်းကိုပြပေးတာ။ ဝါသနာအရ အားကစားလုပ်တာလည်း အားပေးတယ်။ လုပ်ချင်တဲ့အလုပ်မျိုး၊ သင်တန်းမျိုးလည်း လုပ်လို့ရအောင် ခွင့်ပြုတယ်။ ကျွန်တော့်မှာ ရည်မှန်းချက်မရှိဘူးလို့ ဖေဖေထင်ထားပါသလား။ ဘာဝါသနာပါသလဲဆိုတာရော ဖေဖေ စိတ်ဝင်စားလို့လား။ မေးကြည့်ဖူးရဲ့လား”

“ဘာကွ!”

ဖေဖေ ဒေါသတကြီးဖြင့် သူ့ကိုစိုက်ကြည့်လေ၏။ ငယ်စဉ်က အရုပ်တွေကို ခြယ်ဖို့အတွက် အန်တီလေးကို ဝယ်ခိုင်းသည့် ရုတ်တံကို ထမင်းမဝသည့်ဝါသနာဆိုပြီး ဖေဖေပင် ချိုးပစ်ခဲ့တာကို သူ မှတ်မိနေပါသည်။ မိုးရေထဲ ဘောလုံးဆင်းကန်လျှင်လည်း အပြစ်တင်၊ ဗလာစာအုပ်ထဲ ကဗျာတွေရေးမိလျှင်လည်း စာအုပ်ကို ဆုတ်ဖြဲပစ်ခဲ့သည့်အတွက် ဒီသားလေးက အဖေ့ကို အရွဲ့တိုက်တတ်သည့်အကျင့် ရှိခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မိကျောင်းမင်း ရေခင်းမပြချင်စမ်းနဲ့။ မင်း သင်တန်းတက်ချင်ရင် ရွေးပြီးတက်စမ်းပါလေ။ ရော့! ဒီမှာ"

Breakfast စားပြီးစဉ် ဖေဖေက သူထိုင်နေသည့် ခုံပေါ်သို့ စာရွက်တွေတစ်ပုံကြီး ပစ်ချလိုက်လေ၏။ ကွန်ပျူတာသင်တန်းတွေ၊ language တွေ၊ စာရင်းဇယားသင်တန်းမျိုးတွေ စသည်ဖြင့် ရုံးလုပ်ငန်းနှင့်သက်ဆိုင်သည့် ကြော်ငြာမျိုးစုံကိုသာ တွေ့ရလေသည်။

မျှော်လင့်ထားသည့်အတိုင်းပါပဲလား။ ပုံသွင်းပေးသည့် ပန်းပုဆရာ၏လက်ထဲမှ သစ်သားလေးမိုးယံထက်က အလှဆုံးရုပ်တု မဖြစ်ချင်ဘဲ ခွေးမြည့်သည့် သစ်တုံးလေးသာ ဖြစ်ချင်တော့တာ အမှန်ပါလေ။

***



## အခန်း (၄)

မာမီ့ကို ဆိုင်လိုက်ပို့ပြီးသည်နှင့် ဈေးထဲကို ဆက်လျှောက်ခဲ့ပါ၏။ ကုန်ခြောက်တွေက တစ်နေရာတည်းမှာလိုရတာမို့ ကုန်စိမ်းတန်းထဲကိုသာ အရင်ဆုံးဝယ်ဖို့ဝင်ခဲ့ပါသည်။ ဟိုအသည် ဒီအသည်တွေ အော်ခေါ်ကြသော်ငြား မာမီဝယ်နေကျဆိုင်ကိုသာ ဦးတည်လိုက်ပါ၏။

"ဦးလေးရေ ဘယ်ဈေးရှိပြီလဲ"

"ခါတိုင်းလိုပဲပေါ့ မောင်တာရာ။ နန္ဒာလှိုင်လား၊ နိုင်သင်းကြည်လား"

သူ့ရှေ့မှာ ဝယ်သူမိန်းကလေးတစ်ဦးရှိနေသဖြင့် ဘာမှဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြောရဲဘဲ ငြိမ်နေမိပါသည်။ ဆံပင်စင်းစင်းလေးကို မြင့်မြင့်လေး စည်းထားပါသည့် ကောင်မလေးထံမှ ရှင်မတောင်သနပ်ခါးနံ့ကို သူ ရှူရှိုက်လိုက်ရလေ၏။ မိန်းကလေးရှေ့မှာ ရင်ဘုံသားတွေ၊ ပေါင်သား တွေဟု နှုတ်ရဲပြီး ပြောမထွက်ဝံ့ပါချေ။

ဦးလေးကြီးက မိန်းကလေးဝယ်ထားပါသည့် ကြက်ပေါင် နှစ်ပေါင်ကို အတုံးခပ်လတ်လတ်အရွယ်ခန့် တုံးတစ်ပြီး plastic အိတ် ထဲထည့်ကာ နောက်ထပ် plastic အိတ်ထဲထပ်ထည့်ပြီးမှ ပေးလိုက် လေ၏။ ကျသင့်ငွေပေးတာ ပြန်အမ်းရတာမို့ ချက်ချင်း လှည့်မထွက် သေးဘဲ ရပ်စောင့်နေပြန်ပါသည်။

"ဒီမှာတူမ . . . (၁၅၀၀) ပါ"

"အမယ်လေး!"

ရုတ်တရက် လှည့်လိုက်သည့် မိန်းကလေးက သူနှင့် မျက်နှာ ချင်းဆိုင်ဖြစ်ကာ အတော်လေးကပ်နေတာမို့ လန့်သွားလေ၏။ ကြည့်စမ်း . . . အသားလေးဝင်းဝါပြီး အဘယ်မျှ အပြစ်ကင်းစင်လွန်း ပါသည့် မျက်ဝန်းနက်လေးတွေပါလိမ့်။ ခပ်အာအာပွင့်လာပါသည့် နှုတ်ခမ်းဖူးဖူးလေးနှင့် ပါးအို့နီနီလေးကို သူ အံ့သြမှင်တက်စွာဖြင့် ငေးမိသွားရပါသည်။





"ဘယ်လိုလူလဲ မသိဘူး"

မျက်စောင်းလှလှလေးက သူ့ထံ ဖျတ်ခနဲ ရောက်လာလေ ၏။ အံ့သြမိရာမှ သူ သတိဝင်သွားပြီး ပြုံးလိုက်မိပါသည်။ ထူးဆန်း ပါပေ့၊ လင်းလက်ကြယ်ရဲ့ဘဝမှာ သူစိမ်းမိန်းကလေးတစ်ယောက်ကို ဤသို့ တစ်ခါမှ တငေးတမောဖြင့် မကြည့်ခဲ့ဖူးတာ အမှန်ပါ။ မိုးယံသာ မြင်လျှင်ဖြင့် သူ့ကိုလှောင်ပေတော့မည်။

ပိတ်ရပ်နေသလိုဖြစ်နေသဖြင့် ဘေးသို့ဖယ်ပေးလိုက်စဉ် ကောင်မလေးက သူရွှေ့သည့်ဘက်သို့ လိုက်ရွှေ့လေ၏။ ရော်! . . . အခု မှပဲ ဈေးထဲမှာ ကောင်မလေးနှင့် ထပ်စည်းတိုးကစားမိရတယ်လို့။ တခြားတစ်ဖက်သို့ ပြန်ရွှေ့လိုက်စဉ် သူမကလည်း လိုက်ရွှေ့ပြန်လေ သည်။

"ကျစ်! . . . ရှင်နော်"

"Sorry!"

"မစောတော့ဘူး။ (၉) နာရီ (၉) မိနစ် ရှိနေပြီရှင့်"

ဘုကောပြီးထွက်သွားပါသည့် ကောင်မလေးကြောင့် သူ ရယ်လိုက်မိပါသည်။ မဆိုးပါဘူး။ အမှတ်ရအောင် သူမ ပြောတတ် သားပါပဲ။ (၉) လပိုင်း (၉) ရက်နေ့ (၉) နာရီ (၉) မိနစ်မှာ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံခွင့်ရခဲ့တဲ့ အမှတ်တရပါ။ 'သနပ်ခါးလေး' ရယ် အခုမှပဲ ဈေးသည် ဦးလေးကြီးရှေ့ သူ ရပ်ဖြစ်တော့ပါ၏။

"တစ်ပိုင်းပဲ မဟုတ်လား"

"ဟုတ်!"

"ခုတ်ပေးမယ်နော်"

"ကျေးဇူးပါ"

"ဟောဗျာ ... ဟိုကလေးမ အထုပ်ကျန်ခဲ့ပြန်ပြီ။ အသည်းအမြစ် အရင်ဝယ်ထားပြီးတော့"

"ဘယ်က ကလေးမလဲ"

"စောစောက မောင်ရင်နဲ့အကြည့်ဆုံသွားတဲ့ မိန်းကလေးလေ။ ပြန်သွားပြီလားမသိဘူး"

"ကျွန်တော် လိုက်ပေးပေးမယ်လေ"

"ကျေးဇူးပါပဲ မောင်တာရာ"

ဦးလေးကြီးထံမှ သူဝယ်ပြီးသွားပါသည့် အထုပ်တို့နှင့်အတူ သူမ အထုပ်လေးကိုပါ ယူ၍ ဆိုင်ရှေ့မှ လှည့်ထွက်လိုက်ရပါ၏။ မျက်လုံးကို ဟိုဒီကျိုးကန်းတောင်းမျှော်ကာ ရှာကြည့်လိုက်မိပါသည်။ ဈေးဝယ်သူတွေ အများကြီးဖြစ်နေသည့်အထဲမှာမှ ပိတောက်ခြောက်





ရောင် ဝတ်ထားပါသည့် မိန်းကလေးကို ကျောဘက်မှ လှမ်းမြင်လိုက်ရလေ၏။

အသားတန်းထဲမှ ပြေးလုနီးနီး ခြေလှမ်းတို့ဖြင့် အမြန်ထွက်လိုက်ရပါသည်။ သူများကိုကူညီတာနှင့်ပဲ သူဈေးဝယ်ချိန်က အနှောင့်အယှက်ဖြစ်ရချေပြီ။ ငါးတန်းထဲမှ ဝယ်နေကျငါးသည်မစန်းက သူ့ကို အော်ခေါ်လိုက်သဖြင့် လက်မှကာပြကာ ခဏဟု အချက်ပြလိုက်ပြီး ဟင်းရွက်တန်းဘက် ခြေကုန်သုတ်တင်လိုက်မိလေသည်။

"အသည်း"

"ဘာရှင့်!"

"အဲ!"

အသည်းအမြစ်ထုပ်ပေးရန် 'ဒီမှာ' ဟုခေါ်ရမည့်အစား နှုတ်မှ ထွက်သွားပါသည့်ခေါ်သံကြောင့် ကောင်မလေးက ဆတ်ခနဲ လှည့်ကာ ရန်တွေ့လိုက်လေ၏။ သူ ဘာဆက်ပြောရမည်မှန်းမသိတော့ သည့်နှယ် လန့်သွားရပါသည်။ ဗျော်! ဒီကောင်မလေးနဲ့ သူတော့ ဒီနေ့ပဲ 'မပြီးသေးသည့် ပန်းချီကား' ဖြစ်နေပါရောလားလေ။

"လူကို ဘာများမှတ်နေလဲ။ စောစောစီးစီး ရှင့်ပါးနဲ့ ကျွန်မ လက်ဝါးကို မိတ်ဆက်ပေးလိုက်ရမလား ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ။ ခုနကတည်းက ရှင် ဇာတ်လမ်းရှာချင်နေတာများ မသိဘူး မထင်နဲ့။ နောက်က လိုက်ပေးရအောင် ကျွန်မ ပိုက်ဆံအိတ်ရော၊ လက်ကိုင်ပဝါပါ မကျကျန်ခဲ့ဘူး။ ဒါမျိုးတွေ ရိုးနေပြီ"

"ဟာ! ... အသည်း"

"လာပြန်ပြီလား ဒီအသည်း။ ရှင်နော်"

"ကျစ်! ... ဒီမှာအသည်းအမြစ်ထုပ် ကျန်ခဲ့လို့ စေတနာနဲ့ လိုက်ပေးတာကွ"

"ဘာရယ်"

"ရော့ ...လူကို အထင်တသေးနဲ့ မပြောပါနဲ့အမိရဲ့"

"ရှင်က အသည်းအမြစ်လို့မှ မပြောတာ"

"အော! ... ပြောချိန်ရောရှိလို့လား။ လူကိုမြင်တာနဲ့ ဘုကောနေပြီးတော့"

"ရှင်က လူကို ပြုံးတုံးပြုံးတဲ့နဲ့ ကြည့်တာကိုးလို့"

"လှလို့ကြည့်မိတာ ဘာဖြစ်လဲ။ မင်းကို လှလှလေးမွေးထားတဲ့ မင်းအမေကိုသာ အပြစ်တင်ပါ။ ငါ့ကို အပြစ်မတင်နဲ့၊ သွားပြီ"





"ဘာရှင့်!"

ကောင်မလေးလက်ထဲသို့ အထုပ်ကို ပေးလိုက်ပြီး သူ ငါးဘန်းဘက် ပြန်လှည့်လိုက်ပါ၏။ ဘာရမလဲ၊ လင်းလက်ကြယ်တို့က ခပ်မာမာထဲကဖြစ်ပြီး ကိုယ့်အပေါ် နည်းနည်းမှ အတင်မခံတတ်တာ သေးလူကိုများ တစ်ခါလေး အမှတ်တမဲ့ကြည့်မိရုံနဲ့ 'ဘူး' လို့ ထင်လေသလားမသိ။ ဘာဖြစ်လဲ၊ ယောကျ်ားဆိုတာ 'ဘူး' နဲ့ 'ဒူး' နှစ်မျိုးပဲ ရှိတာမို့ 'ဘူး' တာကမှ ပိုကောင်းဦးမှာပါ။

ဘယ့်နယ်! ... ထောင်ထောင်မောင်းမောင်းနဲ့ အတောင် (၂၀) ဝတ် မင်းယောကျ်ားဘဝကိုရပြီးမှ 'များကလေ' ဆိုပြီး ဟိုမ ဆောက် ဒီမရောက် လုံးရာကပြားချင်သည့် ကောင်မျိုးကို သူလောက် မုန်းပြင်းကတ်တာ မရှိတော့။ မတော်တဆ ကြိုးလျှင်လည်း ဝေးဝေးက ရှောင်ရပါ၏။ အနီးမှာရှိပါက မျက်ခွက်ကို လက်သီးဖြင့်သာ ထိုးမိမှာ နီးလို့ပါလေ။

"အစ်မ ... ငါးကြင်းခေါင်းတစ်ပိုင်းလောက်"

"ခေါင်းလား။ အမြီးလား မောင်လေး"

"ဒီလိုဘယ်ရပ့်ါမလဲ။ ဒီအလယ်ပိုင်းကလေး ချိန်ပေးပါ။ ညနေက သိပ်မလတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"လတ်တာရှိပါတယ် ငှါမောင်ရဲ့။ ဒီမှာ စိမ်းနေတာပဲ၊ ရွေးပါလေ့ စိတ်ကြိုက်"

"ဒီလိုမှပေါ့"

"ဟင်! . . . စောစောက ကြွေမေးတော့ မရှိတော့ဘူး ကုန်ပြီဆို။ မမစန်းက သိပ်မျက်နှာလိုက်တာပဲ"

ဒန်ဖလားကြီးထဲမှ ခပ်လတ်လတ် ပုစွန်ကို သူရွေးနေစဉ်ဘေးနားသို့ ခုနကောင်မလေး ရောက်လာပြန်လေ၏။ ပြောသားပဲ၊ ဒါကြောင့် သူ့ကို သံလိုက်တုံးဟု ဘော်ဒါတွေခေါ်ကြတာလေ။ စောစောကပဲ ရန်တွေ့နေသည့် မိန်းကလေးက (၁၀) မိနစ်တောင်မှ မကြာပါဘဲ သူ့အနီးနားသို့ ရောက်နေတာ မဟုတ်ပါလား။

"မဟုတ်ပါဘူး ကြွေရယ် . . . ဒီမောင်လေးက ဝယ်နေကျဖောက်သည်မို့ပါ။ သူ ယူပြီးရင် ကြွေယူလေ"

"သူများ အကျန်ကြီးမယူချင်ပါဘူး။ ကြွေလည်း ဝယ်နေကျပဲဟာ"

"ကျွန်တော့်ကို အခြစ်ပေးပါဦး"

မျက်စောင်းက ဒိုင်းခနဲရောက်လာပြန်လေ၏။ ဒုက္ခပါပဲ၊ ငါးဖယ်ခြစ်ဝယ်တိုင်း ဒီလိုပဲပြောနေကျမို့ လွှတ်ခနဲပြောလိုက်မိခြင်းပါ။





သူမက တလွဲတွေးထင်မိတာထင်ပါရဲ့။ မစန်းက သူဝယ်နေကျအတိုင်း (၃၀) သား ချိန်ပေးလေသည်။ ငါးကြင်းအပိုင်းကို ခပ်ကြီးကြီးတုံးပေးပေမယ့် အကြေးခွံမစင်တာမို့ အိမ်ရောက်လျှင် သူက ရေဆေးပြီး အကြေးပြန်ချွတ်ကာ အတုံးသေးသေးလေး ပြန်တုံးတတ်ပါ၏။

"ဘယ်လောက်ကျလဲ အစ်မ"

"ပုစွန်က (၂၀၀၀) ငါးခြစ်က (၁၈၀၀) နဲ့ ငါးကြင်းက (၂၈၀၀) ဆိုတော့ (၆၆၀၀) ကျတယ်မောင်လေး"

သူ ကျသင့်ငွေရှင်းပြီး ဟင်းရွက်တန်းဘက် ဆက်လျှောက်ခဲ့ပါ၏။ သံပရာသီးအခွံပါးပြီး အရည်ရွှမ်းရွှမ်းလေးလုံးရွေးတာ၊ ပန်းခေါ်ဖီကျစ်ကျစ်ဖွေးဖွေးနှစ်ပွင့်၊ ဂေါ်ဖီထုပ်အနှစ်ရှိ ခပ်လေးလေး အသေးတစ်ထုပ်၊ တရုတ်ကန်စွန်း အရွက်ဖားဖားနှစ်စည်း၊ ချဉ်ပေါင်အရွက်လန်းတာ သုံးစည်း၊ ကင်ပွန်းချဉ်ရွက်နုနုသုံးစည်း၊ မုန်ညင်းဖြူနှစ်စည်းတို့ကိုရွေး၍ အိတ်ဖြင့် ထည့်ခိုင်းလိုက်ပါ၏။

ငရုတ်သီးစိမ်းသေးသေးလေးနှင့်အတူ နံနံပင်၊ ရှမ်းနံနံ၊ ရှောက်ရွက်၊ သရက်သီးသေးသေး၊ ဖန်ခါးသီး၊ ခရမ်းပြုတ်သီး၊ ရုံးပဒေသီး၊ စသည့် တို့စရာတို့ကို မကျန်စေရန်ထည့်ခိုင်းပါ၏။ ခရမ်းချဉ်သီးကို ပျော့တာနုတာလေး ရွေးသလို ပဲတောင့်ရှည်နှင့် ပဲစောင်း



www.burmeseclassic.com

www.burmeseclassic.com



လျှားသီးတို့ကို ပိုးထိုးတာမျိုး၊ ပွတာမျိုး မပါအောင် သူ သေချာ ရွေးလိုက်ပါသည်။

"ဒီထဲမှာ အရင့်နှစ်တောင့်တောင်ပါနေတယ်၊ လဲပေးပါ။ ပဲတောင့်ရှည်က ပိုးထိုးတာ သုံးတောင့်တောင်မှပဲ။ ဒီအစည်းက အပွ ကြီး မယူဘူး။ အပွဆိုတာ မာလကာသီးပဲ ကောင်းတာဗျ"

"သုံးစည်းငါးရာလေ မောင်လေးရယ်"

"ပေါချောင်ကောင်း မလိုချင်ပါဘူးဗျာ။ နှစ်ယောက်စာ တစ်စည်းနဲ့ လောက်ပါတယ်ဗျ"

"နင်ဟာလေ ရွေးကို ရွေးတတ်တယ်။ မိန်းမယူလည်း သေချာကြည့်ရွေး သိလား"

"ဒါပေါ့"

"လှတာရွေးရင် ညစာငတ်တတ်တာလည်း မမေ့နဲ့ဦး"

"ရုပ်လှတာများ ဘာလုပ်ရမှာလဲ အစ်မရဲ့။ အတွင်းစိတ်လှမှ တန်ဖိုးရှိတာ"

"သိကိုသိလွန်းတယ်။ တွေ့များ တွေ့နေပြီလား"

"ရှောက်သီးတစ်လုံးလောက်"

ဟော!... ရောက်လာပြန်ပါပြီ။ သူဝယ်လို့မပြီးခင် ဘာလို့





များ ဒီနားကိုရောက်လာပြန်ရတာပါလိမ့်။ ရှောက်သီးဗန်းထဲမှ အသီးတွေကို ဟိုဟာကိုင်ကြည့် ပြန်ချ၊ ဒီဟာပြန်ကောက်ကိုင်ဖြင့် ရွေးနေတာမို့ မကျွမ်းကျင်မှန်း သူ ရိပ်မိနေပါသည်။ ကူညီပြန်ရင်လည်း လူကို စေတနာဟုမမြင် ကျေးဇူးတင်မှာမဟုတ်မှန်း သိပါလျက်နှင့် စိတ်က မရိုးမရွဖြစ်လာလေ၏။

"အဲဒါယူလေ ... အခွံပါးတယ်၊ သုပ်စားဖို့ဆို နှစ်လုံးယူ မှပေါ့"

"ရှင်ပြောစရာမလိုပါဘူး"

"ရော်!... ခက်တာပဲ"

"ဒီနှစ်လုံးယူမယ် အစ်မ။ ဘယ်လောက်လဲ"

"ခဏလေးနော် ... ဒီမောင်လေးကို တွက်ပေးမလို့"

နေရင်းထိုင်ရင်း မျက်စောင်းအထိုးခံရပြန်ချေပြီ။ သူဝယ် သည့်စာရင်းက အတော်များသဖြင့် ဈေးတွက်တာကြာနေပါ၏။ ခဏ ခဏ မလာဖြစ်သဖြင့် တစ်ပတ်စာအတွက် မကျန်အောင် သူဝယ်ဖြစ် တာပါ။ ကောင်မလေးက မကျေမနပ်ဖြစ်နေလေ၏။ ဈေးဝယ်တာ ပြီးပြီမို့ ကုန်ခြောက်ဆိုင်ကိုဝင်ဖို့သာ နောက်ဆုံးကျန်တော့ပါသည်။

"ကြာဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်လုံးကို (၁၅၀)၊ နှစ်လုံးကို (၃၀၀) ပေးခဲ့ပေါ့"

"ရှင်ပါပြန်ပြီလား"

"စေတနာနဲ့ ပြောပေးတာလေ။ စောင့်ချင်လည်း ဆက်စောင့်ပေါ့။ (၁၀) လပိုင်း၊ (၁၀) ရက်နေ့ (၁၀) နာရီ (၁၀) မိနစ်လောက်ဆို ရလိမ့်မယ်"

"ဘာရှင့်!"

သူ ပြုံးစိစိဖြင့် မာမီ့ကြိမ်ခြင်းတောင်းကိုဆွဲလျက် ဈေးထဲမှ ထွက်လာခဲ့တော့၏။ (၉) လပိုင်း (၉) ရက်နေ့မှာ စဆုံဖြစ်ခဲ့တာမို့ အမှတ်တရပါ 'သနပ်ခါးလေး'။ စိတ်လှုပ်ရှားမိတာတော့ မဟုတ်ရပါ။ ဒီခေတ်မှာ ဒီလိုသနပ်ခါးကြိုက်သည့် မြန်မာမိန်းကလေးမျိုးက အရှားပါးဆုံး မဟုတ်ပါလား။

လှ၏ ချော၏ စွာပါ၏။ စွာတာလေးကလည်း သူ့မအတွက် ချစ်စရာကောင်းသည့် အချက်လေးပါပဲ။ အမှတ်တမဲ့မှ အမှတ်တရလေးပါ 'သနပ်ခါးလေး' ရယ်။

* * *



## အခန်း (၅)

လမ်းထဲဝင်လာသည့် Taxi ကြောင့် ခြံထဲမှထွက်ကာ ကားထဲကို ပြူးပြူးပြဲပြဲကြည့်လိုက်မိပါ၏။ ရှေ့ခန်းမှာပါလာသည့် မိုးကြယ်က ကားပြတင်းပေါက်မှ လက်တစ်ဖက်ထုတ်ပြတာမို့ သူ ပြုံးလိုက်မိပါသည်။ ဘေးခြံရှေ့ရပ်သွားပါသည့် Taxi နောက်မှ သူ ခပ်သွက်သွက်လိုက်လာခဲ့မိ၏။

"ဈေးကပြန်တာ Taxi နဲ့ပေါ့လေ"

"အတော်ပဲ ရဲပြည့်ဦးလေး။ ပစ္စည်းတွေ ဒီမှာပဲချခဲ့ပေးပါ။ ဒါကို အထဲကူသယ်ပေးပါ မိုးယံ"



www.burmeseclassic.com

www.burmeseclassic.com



“အေးပါ”

Taxi နောက်ခန်းမှ ဆန်အိတ်တစ်ဝက်နှင့် အာလူး၊ ကြက်သွန်၊ ငရုတ်သီးမှုန့်နှင့် ကြာဆံထုပ်တို့ကို အရင်ဆုံး ကားပေါ်မှ ချလိုက်ပါ၏။ ကြက်ဥ ဘဲဥထုပ်ကို မကွဲစေရန် လှမ်းယူလိုက်ပြီး အဖုံးပိတ်ပေးလိုက်သဖြင့် Taxi က လမ်းထဲမှ ပြန်ထွက်သွားလေတော့သည်။ ဝယ်လာတာက မနည်းမနောပါပဲလား။

“ပေါ့တာတွေ ရွေးသယ်သွား။ ဆန်ထုပ်က ငါ မ,မယ်”

“ငါ နိုင်ပါတယ်ကွာ”

“မင်းအိမ်ကလှမ်းမြင်ရင် မျက်ဖြူဆိုက်မှာစိုးလို့ပါ မိုးယံရ”

“ဖေဖေ ကုမ္ပဏီသွားပါပြီကွာ”

သူငယ်ချင်းကို ကူသယ်ပေးရင်း ခြံတံခါးဖွင့်ကာ အိမ်ထဲအထိ ဝိုင်းသယ်ခဲ့ပါ၏။ ဖေဖေရှိပါက ဒီဘက်ခြံထဲသို့ မျက်စောင်းဖြင့် တောင် မကြည့်ရသော်ငြား အန်တီလေးကတော့ သူ့ကို ဘာမှမပြောပါချေ။ သူ့အပေါ် အန်တီလေးက ဖေဖေ့ထက်ပင် ပို၍ချစ်မှန်း သူသိပါ၏။

“များလိုက်တာ”

“ကုန်ခြောက်ကတစ်လစာနဲ့ ကုန်စိုက ငါးရက်တစ်ပတ်စာ လေကွာ။ ဒီလောက်တော့ရှိမှာပေါ့”





“မင်းဘာသာမင်း ဝယ်လာတာလား”

“ဒါပေါ့”

ဆန်ထုပ်ကို ဖြည်နေပြီမို့ ဆန်ပုံးအဖုံးကို သူ ဖွင့်ထားပေး လိုက်ပါသည်။ သူသယ်စဉ်က သိပ်မနိုင်သည့်ဆန်ထုပ်က မိုးကြယ်၏ လက်ထဲမှာ ဗွေ့ခနဲပါသွားသလို ပေါ့ပေါ့လေးပါပဲလား။ ဆန်ကုန် အောင် အိတ်ကို ခါထည့်ပြီးမှ သေချာပြန်ခေါက်ကာ ကြိုးဖြင့် ပြန် စည်းလိုက်သဖြင့် သူ သဘောကျသည့်နှယ် ပြုံးလိုက်မိလေ၏။

“ဘာပြုံးတာလဲ”

“သဘောကျလို့ပါ”

“ဟော့ကောင် . . . ကျားကျားချင်းနော်”

“အာ . . . မင်းရဲ့သတို့သမီးကိုလည်း ဒီလို ဗွေ့ခနဲ အသာ လေး ပွေ့ချီနိုင်မယ်လို့ တွေးမိတာပါကွ”

လာပြန်ပြီတစ်ယောက်။ စောစောလေးကပဲ ဟင်းရွက်သည် က သူ့ကို မိန်းမကြည့်ရွေးဆိုပြီး ပြောလိုက်တာလေ။ မိန်းမ မပြောပါနဲ့ ရည်းစားတောင် မူးလို့ရှူစရာပင် မရှိပါ။ အခုထိ အလုပ်အကိုင် မယ်မယ်ရရ မရှိသေးပါဘဲ မိန်းမယူဖို့ တွေးပင် မတွေးရဲသေးပါ လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မင်း father ကြီးက မင်းကို မိန်းမပေးစားချင်နေပြီလား"

"ကြံကြံဖန်ဖန် ဘယ်ကလာ။ အလုပ်မလုပ်လို့ဆိုပြီး ကြည်မရဖြစ်နေတဲ့ဟာ အိမ်ပေါ်က နှင်မချတာတောင် ကံကောင်း"

"နှင်ချလည်း ငါတို့အိမ်လာနေပေါ့ကွ။ ခက်တာလိုက်လို့"

"အဲဒါမှ ပိုအပြောခံရမှာ။ ငါနဲ့မင်းကို အီကြာကွေးလို အမြဲနှစ်ချောင်းပူးနေလို့ အမြင်ကပ်နေတာဆိုမှ"

"ယောက်ျားချင်း ဘာများနစ်နာစရာရှိလို့လဲကွာ။ မင်း father ကြီးကိုက အဖြစ်ကို သည်းလွန်းတာပါ"

"သူ့ဒဏ်ကို ငါမနည်းခံနေရတာ မင်းမသိပါဘူးကွာ"

"မာမီနဲ့ မတည့်တာနဲ့ပဲ ကလေးတွေကို မပေါင်းရဘူး ပြောတာတော့ မမိုက်ပါဘူးကွာ။ လေးလေးက တစ်ခါတလေ မိန်းမဆန်လွန်းတယ်"

"မှန်လိုက်တာ၊ ပါးစပ်ကလည်း ပွစိ ပွစိနဲ့ပြောပြောလွှန်းပါရဲ့။ တစ်ဆိတ်ရှိ ဒီအိမ်ကိုပဲ မျက်စောင်းခဲပြီး ငါ့ကိုပဲ ကြိမ်းနေတာ"

ဖိုးကြွယ်က ဘာကိုသဘောကျမှန်းမသိဘဲ ခပ်တိုးတိုးရယ်ကာ အလုပ်ဆက်လုပ်နေလေ၏။ ကြက်သွန်တွေ၊ အာလူးတွေကို





တောင်းထဲသို့ထည့်တာ ငရုတ်သီးမှုန့်ထုပ်တွေ၊ ကြာဇံထုပ်တွေကို နံရံကပ်ဗီရိုထဲထည့်ကာ ကြက်ဥ ဘဲဥတို့ကို ရေခဲသေတ္တာရှိ အကန့်လေးတွေထဲ စီထည့်တာတို့ကို ဆက်တိုက်လုပ်နေပါ၏။

ဟင်းသီးဟင်းရွက်တို့ကို Plastic အိတ်အကြည်တို့ဖြင့် တစ်စုစီ သီးသန့်စီထုပ်ပြီး ရေခဲသေတ္တာအထပ်တွေမှာ စီထည့်လိုက်သဖြင့် အသားတွေကို ရေသေချာဆေးပြီး Plastic ဘူးထဲသို့ ထည့်ပြီးမှ ရေခဲသေတ္တာ၏ အပေါ်ဆုံးထပ်မှာ ထားလိုက်ပါသည်။ အခုချက်မည့် ဟင်းရွက်တို့ကို ဆန်ခါကုံးထဲမှာထည့်ထားပြီး ငါးနှင့်ပုစွန်ကို ဇလုံထဲထည့်ကာ ရေဆေးပြီး စဉ့်နီတုံးပေါ်ထားကာ အကြေးခွံပြန်ချွတ်ရင်း ပြန်တုံးနေလေ၏။ ပုစွန်ကို ခေါင်းနှင့်အမြီးပါမကျ ကိုယ်လုံးမှ အခွံပါ ချွတ်နေဖါသည်။

"ဖိုးကြွယ်"

"ဘာလဲ"

"ဘာရယ်တာလဲ"

"သြော် ... အချစ်ကြီးလို့ အမျက်ကြီးတာကို တွေးမိလို့ပါ"

"ဘယ်လို"

"မင်းမသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"မင်း father နဲ့ ငါ့မာမီရဲ့ ဒီလိုဒီလို ဇာတ်လမ်းလေ"

"ဘာရယ်"

သူ အံ့ဩသွားရပါ၏။ အန်တီလင်းအပေါ်မှာ ဖေဖေ မုန်းနေတာကိုတော့ သူ အသိဆုံးပါပဲ။ သို့သော် အတိတ်မှာရှိခဲ့သည့် ဖေဖေတို့၏ တိတ်တိတ်ပုန်းဇာတ်လမ်းကိုဖြင့် သူ နည်းနည်းမှ မရိပ်မိခဲ့ပ ချေ။ အန်တီလင်းက သားဖြစ်သည့် မိုးကြယ်ကို ပွင့်ပွင့်လင်းလင်း ပြောပြသတဲ့လား။

"မင်း ဘယ်လိုသိတာလဲ"

"ဒီလိုပဲ မာမီ နည်းနည်းပြောလိုက်ရုံနဲ့ တွေးကြည့်လိုက်တာ ပေါ့ကွ။ လူကြီးတွေရဲ့ ကြယ်ကြွေညဇာတ်လမ်းက ပျော်စရာထက် လွမ်းမောစရာတော့ ဖြစ်ခဲ့မှာအမှန်ပဲ"

"ဟင်"

"မင်းမသိတာတွေ အများကြီးပဲ ညီလေးရ။ ရှင်းရှင်းပြော ရင် အန်တီနှင်းနဲ့ မာမီ့မောင်ဝမ်းကွဲ အန်ကယ်လေးတို့တောင် ဇာ လမ်း ရှိခဲ့တာကွ"

ဘုရား! . . . ညီလေးတဲ့။ ဘာသဘောနဲ့ပါလဲ။ တစ်ကြိ





ဘစ်ခါမှ မခေါ်ဖူးတဲ့ နာမ်စားကိုမှ အမှတ်တမဲ့ခေါ်ရတယ်လို့။ ငယ်ကတည်းကမှ သူနဲ့ မိုးကြယ်ကို ခေးရုံမှာ ကလေးချင်းမှားခဲ့သည့် သတင်းက သူငယ်ချင်းတွေကြားထဲမှာ ပျံ့နှံ့ခဲ့ရတာပါ။ အန်တီလင်း ရဲ့သား ဖြစ်နေလို့များ သူ့ကို ဖေဖေ မျက်မုန်းကျိုးနေတာများလား။ ဖြစ်နိုင်ပါဘူးနော်။

"ဘာလဲ . . . အံ့ဩနေပြန်ပြီလား"

"မင်း မင်း . . . ငါ့ကို ညီလေးလို့ခေါ်တယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းက ငါ့ထက် အမှန်တကယ် (၅) မိနစ်ငယ်တဲ့ ညီလေးပဲလေ မိုးယံရဲ့"

"ဩော် . . . ဒါများ"

"ဒါများ အဆန်းလုပ်ပြောတယ် မထင်လေနဲ့ကွ။ ငါ့အပေါ် မှာ မင်း မဆပ်နိုင်တဲ့အကြွေး ရှိတယ်။ အဲဒါဘာလဲ သိလား"

"ဟင့်အင်း"

တကယ်လည်း မသိတဲ့ကိစ္စတွေက အများကြီးပါပဲလား။ လောက် အနှစ် (၂၀) ပေါင်းလာခဲ့ပါလျက် မိုးကြယ်ကသိနေပြီး သူတစ်ယောက်တည်း အဘယ်ကြောင့် မသိရတာပါလိမ့်။ (၅) မိနစ် ငယ်လို့ ညီလေးခေါ်တာကထားပါတော့။ နောက်ထပ် နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



သိစရာက ဘာအကြောင်းတွေများ ရှိပါသေးသလဲ။

"ဘာများလဲ"

"အဲဒါကတော့ ငါစိုးမယ့် မာမီ့နို့ကို မင်း လုပြီးစို့ခဲ့တဲ့ အကြောင်းပဲ"

"ဟင်!"

သူ မျက်လုံးပြူးသွားရပါ၏။ မနက်ကပဲ ဖေဖေက သူ့ကို နို့သက်ခံစို့သည်ဟု စွပ်စွဲခဲ့တာ မဟုတ်လား။ မိခင်နို့စို့ခွင့်မရခဲ့သည့် သူက ဖိုးကြယ်ရဲ့မာမီ အန်တီလင်း၏နို့ကို လုစို့ခဲ့သတဲ့။ တကယ်ပဲလား။ ဤအကြောင်းကို ဖေဖေရော အန်တီလေးပါ သိနေမှာပါ။ ဘာကြောင့်များ သူသိအောင် မပြောပြတာပါလိမ့်။

"အေး . . . မင်း အံ့ဩနေမယ်ဆိုတာ သိတယ်။ ဒါကြောင့် မာမို့ကို မင်း သံယောဇဉ်ရှိသလို မာမီကလည်း မင်းအပေါ်ချစ်တာ။ မင်းနဲ့ငါက သွေးသောက်ညီအစ်ကိုမတော်ရဘဲ နို့သောက်ညီအစ်ကို တော်ခဲ့တာပဲ"

"အဲဒါကို ဖေဖေတို့ ငါ့ကို တစ်ခါမှ မပြောခဲ့ဘူး"

"ငါ ပြောပြီးပြီလေ၊ မင်းအဖေနဲ့ငါ့မာမီက အတိတ်ရှိခဲ့ပါတယ်လို့"





"အဲဒီကိစ္စ မင်းအံ့ဩယ်ဒီ အန်ကယ်ကျော်ရော သိခဲ့လား"

"သိတယ်တဲ့။ မာမီက ပွင့်လင်းတဲ့သူပဲဟာ"

"အားပါး! . . . ဒါနဲ့တောင် ခြိဘောချင်းကပ်ပြီး နေရတယ်လို့"

"ဒါပေါ့ကွ၊ ပါးစပ်က မုန်းတယ် မုန်းတယ်ဆိုပြီး Heart က တဒုန်းဒုန်းခုန်နေတာ"

"ဘာ"

"သူတို့ကိစ္စနဲ့ဆက်နွယ်ပြီး ဘာမဆိုင် ညာမဆိုင်နဲ့ အန်ကယ်လေးတို့ပါ ဇာတ်လမ်းပြတ်သွားရတာပဲကြည့်"

သူ အံ့ဩပြီးရင်း အံ့ဩနေရပါ၏။ မောင်လှယ် နှမလှယ် ဇာတ်လမ်းမျိုးက ဖေဖေတို့လက်ထက်မှာမှ ရှိခဲ့ရတယ်လို့။ ဒါကြောင့် သူ့ရှေ့မှာ ဖေဖေနဲ့အန်တီလေး၏ အပျိုကြီးဖြစ်ရသည့်ကိစ္စနှင့် စကားများကြတာကိုး။ သူက သူ့ကို အန်တီလေးစောင့်ရှောက်ခဲ့ရတာမို့ ဒီလိုမျိုး အပျိုကြီးဘဝရောက်ခဲ့သည်ဟု ထင်ခဲ့မိတာလေ။

ဘယ်လိုပါလိမ့်။ ဖေဖေနှင့်အန်တီလင်းရဲ့ အတိတ်ဇာတ်လမ်းက မပြီးသေးရင်ဖြင့် သူနှင့်ဖိုးကြယ်အတွက် အနှောင့်အယှက် ဆက်ဖြစ်နေဦးမှာ အသေအချာပါ။ ဒါဖြင့် ပြန်ပြီး ပြေလည်သွားရင်ကော ဘာဖြစ်မှာလဲ။ ဖိုးကြယ်က အစ်ကိုနေရာကို အဆင်သင့်ယူပြီး သူ့က



www.burmeseclassic.com

www.burmeseclassic.com



Automatic ညီလေးရာထူးကို ရတော့မှာပါ။ မဖြစ်သေးဘူး ထင်ပါရဲ့။

"ဖိုးကြယ်"

"ထမင်းစားသွားပါလား"

မြိုင်တူ စကားသံထွက်သွားပါ၏။ မျက်စိရှေ့မှာတင် ကျွမ်းကျင်စွာလုပ်နေပါသည့် ဖိုးကြယ်၏အလုပ်က လျင်မြန်သည့်နယ်ပါ။ ကန်စွန်းရွက်သင်ပြီးနေပြီ။ ကင်ပွန်းချဉ်ရွက်ပါ အရွက်ခြွေပြီးသလို ခရမ်းချဉ်သီးကို ထက်ခြမ်းခွဲကာ ပါးပါးလေးလှီးထားပြီးချေပြီ။

ဂျင်း (ချင်း) တစ်တုံးကို အခွံခွာပြီး ခပ်ပါးပါးလှီးထားပါ၏။ ကြက်သွန်ဖြူဥသေး လက်တစ်ဆုပ်စာခန့်ကို အခွံခွာသလို ကြက်သွန်နီ အလုံးခပ်လတ်လတ်သုံးလုံးကိုပါ အခွံခွာထားလေသည်။ ကြိတ်စက်မသုံးဘဲ ငရုတ်ဆုံထဲမှာ ဂျင်းကို သီးသန့်ထောင်းပြီး ပန်းကန်ပြားထဲမှာ ကြက်သွန်ဖြူတစ်ပုံ၊ ဂျင်းတစ်ပုံ၊ ကြက်သွန်နီတစ်ပုံစီ ထောင်းပြီး ပုံထားလေ၏။

ကြက်သွန်ဖြူသုံးလေးလုံးကို စဉ့်နီတုံးထက် ဓားပြားဖြင့် ရိုက်ထုထားကာ ငရုတ်ဆုံထဲမှာ ငါးခြစ်ကိုထည့်ထောင်းလေသည်။ ခုနထောင်းထားပါသည့် အပုံတွေထဲမှ ဂျင်းနှင့်ကြက်သွန်ဖြူတို့ အနည်းငယ်ယူ၍ ရောထောင်းကာ ဇလုံထဲထည့်ပြီး ဆားဟင်းချိုမှုန့်တို့ဖြင့်





နယ်ရင်း အလုံးခပ်ပြားပြားလေး ဆုပ်ထားလေ၏။

"ဘာချက်မလို့လဲ"

"ဒီနေ့ဟင်းက ငါးဆုပ်ဆီပြန်ဟင်းရယ်၊ ကန်စွန်းရွက်ကြော်ရယ်၊ ငါးကြင်းနဲ့ရောချက်တဲ့ ကင်ပွန်းချဉ်ရွက်ဟင်းချိုရယ်။ ပြီးတော့ ငါးပိတို့စရာပေါ့၊ စားမှာလား"

"မစားပါဘူး"

"ဘာဖြစ်လို့လဲကွ၊ မင်းအဖေသိရင် ဆူမှာစိုးလို့လား"

"မဟုတ်ပါဘူး"

"အားနာလို့ပေါ့လေ။ ငါပြောပြီးပါပြီ မိုးယံရာ။ ငါ့မာမိနဲ့ မင်းမာမိက အတူတူပဲလို့"

"ဒါဖြင့် ဖေဖေနဲ့အန်တီလင်းကို မင်းက သဘောတူတယ်ပေါ့လေ"

သူ တီးတိုးရယ်မောလိုက်မိပါ၏။ မီးဖိုတွေ အဆင်သင့်ဖြစ်နေပြီမို့ ဒယ်အိုးဖြင့် ငါးဆုပ်လုံးတွေစီပြီးကြော်ထားသလို တစ်ဖက်မီးဖိုဆက်မှာ ကင်ပွန်းချဉ်ရွက်နယ်ဖတ်ထားတာကို ရေစပ်စပ်ဖြင့် တည်လိုက်ပါသည်။ ငါးဆုပ်တစ်ဖက် ကျက်သွားတာကို နောက်တစ်ဖက်ပြန်လှန်လိုက်ရင် တစ်ဖက်အိုးက ဆူလာသဖြင့် ငါးနယ်ထားတာကို



www.burmeseclassic.com

www.burmeseclassic.com



ရောထည့်ကာ ခဏစောင့်ပြီး ရေထည့်ကာ အရသာမြည်းပြီး လိုအပ်တာထပ်ထည့်လိုက်ပါ၏။ ဘာမှ သိပ်မကြာပါဘဲ ချက်ပြုတ်ခြင်းက အပြီးသတ်လေသည်။

"သဘောတူတယ်တော့ မဟုတ်ဘူးပေါ့။ မာမိတို့လူကြီးတွေ အဆင်ပြေသွားလည်း တို့နှစ်ယောက်က Ok ပါတယ်။ မင်းကရော"

"အင်း . . . ဒီလိုပါပဲ"

"ငါရေချိုးပြီး ထမင်းစားကြစို့။ ပြီးရင် မာမို့ကို ထမင်းချိုင့်သွားပို့ပြီး ဝပ်ရှော့သင်တန်းသွားရမယ်"

"OK!"

ဒီလောက် စနစ်တကျလုပ်တတ်ပြီး အိမ်အလုပ်မလစ်ဟင်းအောင် လုပ်တတ်ပါသည့် ဖိုးကြွယ်ကို ဖေဖေ ဘာကြောင့် ကြည့်မရတာပါလိမ့်။ အန့်တီလင်းကြောင့် အဖျားခတ်တာလည်း ဖြစ်နိုင်ချေများပါ၏။

* * *



## အခန်း (၆)

မြို့ထဲသို့ Taxi ဖြင့် လာတာမို့ အဆင်ပြေပါ၏။ သင်တန်းဆွေ တစ်ခုပြီးတစ်ခုကို ဖုန်းဖြင့်ဆက်သွယ်ပြီး အဆင်ပြေမည်ဟု ယူဆသည့် သုံးလေးခုနှင့် ချိတ်ဆက်ကာ ရောက်လာခြင်းဖြစ်လေသည်။ သင်တန်းကြေးပေးရမှာ အရင်ဆုံးမို့ ဖေဖေ့ဆီမှာ တောင်းပြီး ယူခဲ့ရပါ၏။

သင်တန်းအမည်ဆိုင်းဘုတ်ကို မော့ကြည့်လိုက်ပြီး တိုက်ကြား လှေကားမှ အပေါ်ထပ်တွေကို တက်လိုက်ပါသည်။ အလိုလေး! ဒီလိုသာ လှေကားထစ်ပေါင်း (၅၀) (၁၀၀) ကို နေ့တိုင်း အတက်



www.burmeseclassic.com

www.burmeseclassic.com



အဆင်း လုပ်ရလျှင်ဖြင့် ရှိစုမဲ့စု Body weight က ပိုပြီးကျတော့မယ် ထင်ပါရဲ့။ သင်တန်းခန်းမ Corridor မှာ သင်တန်းတက်မည့် လူငယ် အချို့ရှိနေလေ၏။

မှန်တံခါးသာတပ်ထားသဖြင့် အတွင်းသို့ မြင်နေရပါသည် အပြင်ခန်းက ရုံးခန်းသဖွယ် စားပွဲနှင့်ခုံတွေသာရှိနေတာမို့ ဝင်လို့ရမည် ဟု ယူဆပြီး မှန်တံခါးကို တွန်းဝင်လိုက်မိ၏။ ဘေးတိုက်အနေအထား ဖြင့်ထိုင်ကာ အလုပ်ရှုပ်နေပါသည့် မိန်းကလေးကို သူ ငေးခနဲ ကြည့် လိုက်မိပါသည်။

အလို! . . . နှလုံးသားဆီမှ တဒုတ်ဒုတ်ဖြင့် အခုန်မြန်လာ ခြင်းက အဘယ်ကြောင့်ပါနည်း။ ဆံပင်စင်းစင်းလေးကို မြင့်မြင့်လေး စည်းထားကာ စံပယ်ကုံးတို့က လှုပ်လီလှုပ်လဲ့ဖြင့် ဆံနွယ်ရင်းမှာ ကန့် ကလျ ရှိနေပါ၏။ မျက်လွှာချထားတာမို့ ရှည်လျားပြီး ကော့နေ သည့် မျက်တောင်တို့ကို အရှင်းသားမြင်နေရပြီး နှာတံစင်းစင်းလေး ထင်းနေလေသည်။

မရယ်မပြုံး နှုတ်ခမ်းဖူးဖူးလေးနှင့် မေးရိုးလှလှလေးကအ သူ့မေ၏လှပမှုကို အရှင်းသားမြင်စေပါ၏။ လည်တိုင်သွယ်သွယ်လေး လက်ဖောင်းအင်္ကျီ အပြာဖျော့ဖျော့လေးက ပိုလှစေရန် ပံ့ပိုးနေသကဲ့





သွယ်ပြောင်းဖြူဝင်းနေပါသည့် လက်တံတို့နှင့်အတူ စာရွက်တွေထက် ဒီရေးမှတ်နေသည့် လက်ချောင်းသွယ်သွယ်လေးတို့ဖြင့် ပြီးပြည့်စုံ သည့် မိန်းမလှလေးကို ပထမဆုံး တွေ့ဖူးခြင်းပါပဲ။

"ဘာကိစ္စ"

"ဟင်!"

ဖျတ်ခနဲ မော့ကြည့်လိုက်ပါသည့် မျက်ဝန်းနက်တို့နှင့် ကြည့်ဆုံရစဉ် သူ့ရင်ထဲ လှပ်ခနဲအေးသွားရလေသည်။ လှလိုက် တာ။ ဒီမျက်ဝန်းလေးက စကားတွေအများကြီးပြောနေသည့်နှယ် လက်လက် တောက်ပနေတာလေ။ ဘေးတိုက်အနေအထားပင် က ရှေ့တည့်တည့်မှာပင် ပိုပြည့်စုံသည့် အလှတရားတို့ကိန်းအောင်း နေသည့်နှယ်ပါ။

"ဒီမှာ"

"ဗျာ"

"ဘာကိစ္စရှိလို့လဲ မေးနေတယ်လေ"

"အဲ! . . . ဟို သင်တန်းတက်ဖို့လာတာပါ"

"ဩော် . . . ဒါဖြင့် ခဏထိုင်ပါ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမရှေ့ရှိခုံမှာ သူ ဝင်ထိုင်လိုက်ရပါ၏။ လုပ်လက်စ စာရွက်စာတမ်းတို့ကို တစ်ထပ်စီစနစ်တကျပြန်စီပြီး ထပ်လိုက်ကာ file တစ်ခုစီ တွဲလိုက်လေသည်။ ပြီးမှ အံဆွဲတံခါးဆွဲဖွင့်ကာ ထည့်သိမ်းလိုက်ပါ၏။ ထို့နောက် စားပွဲထက်ရှိ လယ်ဂျာစာအုပ်ကိုယူကာ ဘောပင်ကိုင်လိုက်ပြီး သူ့ကို ဖျတ်ခနဲ ကြည့်ပြန်လေသည်။

"နာမည်စာရင်း ကြိုပေးထားလား"

"ဗျာ ... ဩော် ... ဟုတ်ကဲ့"

"ပြောပါ"

"ခင်ဗျာ"

"ဩော် ... ရှင် ဘယ်လိုဖြစ်နေတာလဲ။ နာမည်ပြောခိုင်းတာ ရှင့်"

"မိုးယံ မိုးယံထက်ပါ"

"မိုးယံထက်နော် ... ရှာကြည့်ဦးမယ်။ ဒီမှာတွေ့ပြီ။ အသက်က (၂၀)၊ ဘွဲ့ရပြီ။ ဟောတော် ... အခုမှ ဒီသင်တန်းလာတက်တာ ပေါ့လေ"

"ဟုတ်ပါတယ်"

"သူများတွေဆို အထက်တန်းအောင်တာနဲ့ လာတက်ဦး





ကျွမ်းကျွမ်းကျင်ကျင် ဖြစ်ကုန်ပြီ။ ရှင်က ဘာလို့ နောက်ကျရတာလဲ"

"မတက်နိုင်လို့ပေါ့ဗျာ"

"ရှင်!"

ကောင်မလေးမျက်နှာမှာ အံ့ဩရိပ်ထင်လေ၏။ ပြီးနောက် ကရုဏာသက်သွားပါသည့် အရိပ်အယောင်တို့က မျက်ဝန်းထဲ ပေါ်လာလေတော့သည်။ အလို! မြန်မာစကား၏ နက်နဲကျယ်ပြန့်မှုက တကယ် ပါပဲလား။ သူက အချိန်ပေးပြီး "မတက်နိုင်" တာကိုပြောလိုက်သော်ငြား သူမက သူ ငွေကြေး "မတတ်နိုင်" ဟု သဘောပေါက်သွားပြီ ထင်ပါရဲ့။

"ဒါဖြင့် အခု အလုပ်တစ်ဖက်နဲ့ လာတက်ရတာပေါ့လေ"

"ဗျာ ... ဟုတ်ကဲ့"

"Section တွေက အများကြီးရှိပါတယ်။ အလုပ်ဆင်းနေတဲ့ သူတွေကို ညနေပိုင်း တစ်ပတ်မှာသုံးရက်ဖွင့်ထားပေးတယ်။ သောကြာ စနေ၊ တနင်္ဂနွေပေါ့။ တက်လို့ဖြစ်မလား"

"ဘယ်အချိန်လဲဟင်"

"သာမန် section က တစ်ပတ်ကို (၅) ရက်ပါ။ တစ်ရက် တစ်နာရီပဲ။ (၃) ရက် section က တစ်ရက်ကို တစ်နာရီခွဲ နှစ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



လောက် လိုအပ်သလို အချိန်ပေးရပါတယ်။ ညနေ (၅) နာရီခွဲ (၆) နာရီလောက်ပေါ့”

“အင်း”

“လူနည်းတဲ့ section မို့ (၇) နာရီမှရောက်လည်း ဖြစ်ပါတယ်။ အဆင်ပြေလား”

သူ မပြုံးမိအောင် မနည်းထိန်းထားရပါ၏။ သူ့ပုံစံက မပြည့်မစုံပုံစံမျိုး ဖြစ်နေလို့များလား။ ခါတိုင်းလို အဝတ်အစားကို match ဖြစ်အောင် ရွေးဝတ်ခဲ့တာမဟုတ်ပါဘဲ အရောင်သိပ်မရှိတော့သည့် shirt လက်တိုနှင့် Jeans အဟောင်းကို ပေါ့ပေါ့ပါးပါးလေး ဝတ်ခဲ့သည့်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် လာကြုံရတယ်လို့။

အခြေအနေနဲ့ အချိန်အခါဆိုတာ မရည်ရွယ်ပါပဲ အကြောင်းအခွင့် တိုက်ဆိုင်တတ်သည်ဆိုသည့် စကားပုံကို သူ အပြည့်အဝ ထောက်ခံရတော့မည်။ လိမ်ညာဖို့မရည်ရွယ်ပါဘဲ အခြေအနေက လိမ်သလိုဖြစ်လာလေပြီ။ မိန်းကလေးတွေ၏ အားသာချက်က ‘မျက်ရည်’ ဖြစ်ပြီး အားနည်းချက်ကဖြင့် ‘သနားမှု’ ဆိုတာ အမှန်ပါပဲလား။

အခြေအနေက ငါ့ဘက်မှာ ရှာရန်ရာနှန်းပြည့်မို့ မိုးသားတွေ





ညည်းမှောင်နေပြီ ဖိုးကြယ်ရေ။

“သင်တန်းကြေးက”

“ဩော် ဟုတ်တယ်၊ တစ်ခါတည်း အပြတ်မပေးနိုင်လည်း သုံးရစ်ခွဲပေးလို့ ရပါတယ်။ အခုလောလောဆယ် ရှင် ဘယ်လောက်ပေးနိုင်မလဲ”

ကဲ!...သူမပြောဘူးလား။ တကယ်ပင် သူ့ပုံစံက နွမ်းနယ်နေပြီ ထင်ပါရဲ့။ အထင်သေးတာမျိုး မဟုတ်ရပါဘဲ အတော်လေး စိတ်မကောင်းသည့် မျက်ဝန်းတို့က ပြည့်နေသလိုပါ။ ဖိုးကြယ်သာ သိရင်ဖြင့် သူ့ကို ဟားတိုက်ရယ်မောမှာ အမှန်ပါပင်။

“သုံးသောင်းလောက်ပါမယ် ထင်တာပဲ”

“ရတယ်လေ၊ အဲဒါပဲပေးခဲ့ပေါ့။ စာရင်းမှတ်လိုက်မယ်နော်”

ကျွန်မရှေ့မှာ ခပ်ယို့ယို့လေးထိုင်နေပါသည့် လူငယ်လေးက ဘောင်းဘီအိတ်ထဲကို ဟိုဘက်ဒီဘက်ရှာသလို နှိုက်နေပါ၏။ ဒီကို လာကြသည့် ချာတိတ်တွေတိုင်း နိုင်ငံခြားဖြစ် ပစ္စည်းအသုံးအဆောင်တို့ဖြင့် ခေတ်ဆန်ကြွားကြွား style မျိုးချည်းသာ လာကြတာများပါသည်။

ဒီတစ်ယောက်လို ဖုန်းမပါ၊ ပိုက်ဆံအိတ်မပါဘဲ ခပ်နွမ်းနွမ်း



www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုးဖြင့် တစ်ယောက်တလေမှ ရောက်မလာဖူးပါချေ။

စားပွဲပေါ်တင်လိုက်ပါသည့် တစ်ထောင်တန်အထပ်။ ပြီးနောက် လိမ်ကျစ်ထားပါသည့် ငါးထောင်တန်အနည်းငယ်နှင့် အကြွေ (၂၀၀) တန်နှင့် (၁၀၀) တန်က မည်မျှရှိမည်ဟုပင် မသိရပါ။ သူက ငွေစက္ကူတွေကို ပြန့်စေရန် ဖြန့်နေလေ၏။ ကြည့်ရတာတော့ ငွေသုံးသောင်းပြည့်မည်မထင်ပါလေ။

“တစ်သောင်းခွဲ၊ နှစ်သောင်းနဲ့ ခုနစ်ထောင်။ ပြီးတော့ အဲ! နောက်ထပ် ထောင့်ငါးရာပဲရှိတယ်။ ဘယ်လိုလုပ်ရမလဲ”

ထင်သည့်အတိုင်းပါပဲ။ ကြိုတင်ငွေသွင်းသည့်ငွေက မပြည့်ပါချေ။ သက်ပြင်းကို ခိုးရှိုက်မိပါ၏။ ကျွန်မဘဝမှာ လူတကာကို သနားညှာတာမိတာမျိုး အနည်းအကျဉ်းမျှရှိခဲ့ပေမယ့် ယခုလို သူစိမ်းတစ်ယောက်အတွက် ရင်မောရခြင်းကဖြင့် ပထမဦးဆုံးအကြိမ်ပါပဲ။

“မပြည့်လည်း လိုတာ ကျွန်မစိုက်ပေးထားမယ်လေ။ ရှင် ပြန်ဖို့ကားခရှိရဲ့လား”

“အားနာလိုက်တာ”

“ရပါတယ်ရှင်”

ပိုက်ဆံအထပ်ကို သူမ ရှေ့သို့ သူတွန်းပို့လိုက်မိပါ၏။ Form





ဖြည့်ရန်အတွက် ရေးစရာရှိတာကို ရေးပြီးနောက် သူ့ကို လက်မှတ်ထိုးစေပြီး သင်တန်းကတ်ပေါ်မှာ တံဆိပ်တုံးနှိပ်ပေးလေသည်။ အခုမှပဲ ကျောင်းသားဘဝပြန်ရောက်ပြီထင်ပါရဲ့။

“Card က သင်တန်းတက်တိုင်း မမေ့မလျော့ ယူလာရမှာနော်။ ပျောက်လို့မရဘူး”

“ဗျာ!”

“ကျစ်! ဒါမှမဟုတ်လည်း ကျွန်မဆီမှာပဲ အပ်ထားလိုက်လေ။ ရှင် သင်တန်းလာတက်တဲ့အခါ လာယူပေါ့”

“ဟုတ်ကဲ့ ကျွန်တော်”

ဘာဆက်ပြောရမည်မှန်းမသိဘဲ မရဲတရဲဖြစ်နေပါသည့် လူငယ်လေးကြောင့် ကျွန်မရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေရတာ အမှန်ပါ။ ဟိုနေ့က ဈေးထဲမှာတွေ့ခဲ့ပါသည့် လူနှင့် တခြားစီပါပဲလား။ ဟိုက ရဲတင်းလွန်းပြီး မိန်းကလေးမြင်တာနှင့် ပြီတီတီလုပ်ချင်သလိုမျိုးလေ။ လူကို နောက်ကနေ ‘အသည်း’ ဆိုပြီး တမင်တကာ ခေါ်ခဲ့တာ မဟုတ်လား။

ဒီလောက် ခပ်မာမာပြန်ပြောတာတောင် မနာဘဲ ‘လှလို့’ ဆိုပြီး ခပ်ရဲရဲပြောဝံ့တာ မဟုတ်ပါလား။ မိန်းကလေးတွေလှတာများ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆန်းလို့လဲ။ သူတို့ယောကျ်ားတွေရဲ့ အထင်တသေးဖြင့် ခပ်ပေါ့ပေါ့ ထွက်လာတဲ့ စကားလုံးတွေကြောင့် အမြင်ကပ်မိတာပါ။

အခု ဒီတစ်ယောက်ကဖြင့် ဟိုလူနှင့် နည်းနည်းမှ မဆိုင်သည့် နယ် အေးဆေးရိုးသားလွန်းနေတာလေ။ လူကိုကြည့်သည့်အကြည့်ကို က လိုချင်တပ်မက်သည့် ရမ္မက်မျိုး လုံးဝရှိမနေပါဘဲ အေးဆေးတည် ငြိမ်လှပါသည့် အကြည့်တို့သာ ရှိနေတာပါလေ။

"ပြန်လို့ရပါပြီ။ လာမယ့်သောကြာနေ့မှာ စတက်နော်"

"ကျွန်တော် (၅) နာရီရောက်အောင်လာပါ့မယ်"

"ကောင်းပါပြီ"

လူငယ်လေးက အခန်းထဲမှထွက်ရန် ခုံမှထသွားလေ၏။ သူ့ကျောပြင်ကို ခဏမျှ ငေးနေမိစဉ် ဆတ်ခနဲပြန်လှည့်လိုက်သဖြင့် လန့်သွားရပါသည်။

အလိုလေး!... ကျွန်မကြည့်နေတာကိုများ သူ ရိပ်မိသွားပြီ လား။ ယောကျ်ားလေးတစ်ယောက်အပေါ် ဤမျှအထိ စိတ်ဝင်စား မိတာ ကျွန်မဘဝမှာ ပထမဦးဆုံးပါပဲ။

"ဘာကျန်ခဲ့လို့လဲ"

"နာမည်"





"ရှင်! ရှင့် card ကို ဒီမှာပဲထားခဲ့လို့ ပြောထားတယ်လေ"

"မဟုတ်ဘူး ... ဒီကနာမည် ဘယ်လိုခေါ်လဲလို့ သိချင်လို့ ပါ"

ကျွန်မ ပြုံးလိုက်မိပါ၏။ ဒါတော့ မေးရဲပါလား။ ရှက်သလို ကြောက်သလိုဟန်မျိုး ရှိနေပေမယ့် ပြောစရာရှိတာကိုတော့ သူ ပြောဝံ့တာပါလေ။ ကြိုက်တယ်ရှင်၊ အဲဒီလိုမျိုး အပိုမပြောတတ်ဘဲ လိုရင်းကိုသာ အတိုပဲ ပြောတတ်သည့်အကျင့်လေးကိုပါ။ တစ်မျိုး မထင်လိုက်ပါနဲ့။

"ကြွေပါ"

"ဗျာ"

"ကျွန်မနာမည်ကို ရှေ့ကနေ 'မ' တပ်ခေါ်ဖို့ စိတ်မကူးနဲ့ နော်။ ရှင့်ထက် ကျွန်မက (၃) လငယ်တယ် ကိုမိုးယံရဲ့။ ရင်းရင်းနှီးနှီး ကြွေလို့ခေါ်လို့ရပါတယ်"

"ကျေးဇူး"

သူ အမြန်ခုံး လစ်ထွက်ခဲ့ရတော့၏။ ဘယ်လိုကနေ ဘယ် လို ဤသို့ဖြစ်ကုန်သည်မသိပါ။ ဒီနေ့မှပဲ မေ့ကျန်ခဲ့မိသည့် ဖုန်းကိုပဲ ကျေးဇူးတင်ရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



သို့တည်းမဟုတ် ဘောင်းဘီအိတ်ကပ်ထဲမှာ အမြဲထည့်တတ်သည့် ခပ်ပြားပြားပိုက်ဆံအိတ်ကို မထုတ်မိတာကိုပဲ ကျေးဇူးတင်ရမည်ထင်ပါရဲ့။

အဲဒီအိတ်ထဲမှာ တစ်သောင်းတန်၊ ငါးထောင်တန်တွေအထပ်လိုက်ရှိတာ သိသိကြီးနဲ့ ဘေးမှာထိုးထည့်ထားမိသည့် အကြွေတွေကိုသာ နှိုက်ထုတ်မိခဲ့တာလေ။

လိမ်ညာဖို့ မရည်ရွယ်ရိုးအမှန်ပါ။ "ဒီမှာစာရင်းပေး၊ ဒီမှာငွေသွင်း" ဆိုပြီး ခပ်မြန်မြန်ပြီးသွားမည့်ကိစ္စကို နည်းနည်းလေးရှည်အောင် ဆွဲဆန့်လိုက်မိရုံပါပဲ။

"ကြွေ" တဲ့။

တကယ့်ကြွေရုပ်လေးနှယ် ဖြူဖွေးဝင်းပနေပါသည့် ကောင်မလေး။ ကျောလယ်ခန့်သာရှိမည့် ဆံပင်စင်းစင်းလေးတွေကို ခပ်ရှိုးရှိုးပင် မြင့်မြင့်လေးစည်းထားရုံပါ။

မျက်နှာမှာ မည်သည့်မိတ်ကပ်မျိုးကိုမှ မလိမ်းထားပါပဲသနပ်ခါးရေကျဲလေးသာ လူးထားတာလေ။ ဆိုးဆေး မတင်ထားပါသည့် နီစွေးစွေး နှုတ်ခမ်းလေးတွေ။

အို! ... သူ့ဘဝမှာ အရင်ဦးဆုံး နှလုံးခုန်သံတွေ မြန်ဆန်ခဲ့





ခြင်းတော့ မဟုတ်ပါလား။ အဘယ်မျှ ချစ်စရာကောင်းလိုက်သည့် မိန်းကလေးပါလိမ့်။

မျက်တောင်ကော့လေးတွေ ဖုံးကွယ်ထားပါသည့် မျက်ဝန်းတောက်တောက်လေးတစ်စုံက သူ့ရင်ထဲကို ထွင်းဖောက်မြင်သွားတော့မည့်နှယ်ပါ။

ကြွေ ...။

မြင်မြင်ချင်း ချစ်မိခဲ့တာကို ဝန်ခံပါရစေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - (၇)

ကိုကြီးက ခြံထဲသို့ ကားကို ကွေ့ဝင်လိုက်ပါ၏။ တိုက်ရှေ့မှာ ရပ်စောင့်နေပါသည့် ကြီးမေကို အဆင်သင့်တွေ့ရလေသည်။ ကျွန်မတို့မှာ မောင်နှမနှစ်ယောက်သာရှိပြီး မိဘနှစ်ပါးစလုံးမရှိတော့ပါ။ အုပ်ထိန်းသူအဖြစ် မေမေ့အစ်မဖြစ်သူ ကြီးမေ ဒေါ်ခင်စပယ်ကသာ ကျွန်မနှင့်ကိုကြီးကို ထိန်းကျောင်းပဲ့ပြင်ပေးခဲ့တာလေ။

ကိုယ်ပိုင်လုပ်ငန်းကြီး ထူထောင်နိုင်အောင် မချမ်းသာပေမယ့် ဘဝရပ်တည်နိုင်ဖို့ကို မောင်နှမနှစ်ယောက်စလုံး ကြိုးစားအားထုတ်နေရပါ၏။ ကိုကြီး ကိုအာကာက computer တွေနှင့် ပတ်သက်သည့်



www.burmeseclassic.com

www.burmeseclassic.com



Accessary ပစ္စည်းတွေ ထုတ်လုပ်ရောင်းချသည့်ကုမ္ပဏီမှာ show room မန်နေဂျာအဖြစ် တာဝန်ယူထားပါသည်။

ကျွန်မက ထို showroom ၏ ဘေးအပေါ်ထပ်မှာ learning centre ဖွင့်ထားပါသည့် ကိုကြီးနှင့် စေ့စပ်ထားပါသည့် မမြဖူးငုံ၏ လက်ထောက်အဖြစ် တာဝန်ရထားလေသည်။ မောင်နှမနှစ်ယောက် ဝင်ငွေဖြင့် အိမ်၏စားစရိတ်ကို ကောင်းမွန်စွာ ထိန်းထားနိုင်ပါ၏။ ကြီးမေကလည်း အငြိမ်းစားယူထားသည့် ကျောင်းဆရာမမို့ ပင်စင်လစာ အမြဲရနေလေသည်။

"စောသားပဲ"

"ရန်လုံကော ကြီးမေ"

"ရှိုး၊ မနက်ကလည်း ထမင်းကောင်းကောင်းမစားဘဲ စိတ်ကောက်နေလေရဲ့"

"သင်းသင်းက ချော့မကျွေးဘူးလား"

"ကျွေးပါတယ် မမရဲ့။ ရင်ကြပ်တာလား ဘာလားမသိ အလိုလို စိတ်တိုနေတယ်"

အပြင်ကပြန်လာတိုင်း အမြဲပြေးကြိုလေ့ရှိသည့် ရွှေအိုရောင် မွေးပွခွေးလေးက ထွက်မကြိုပါဘဲ ပျောက်နေလေ၏။ အိမ်—





ကလေးသူငယ်မရှိတာမို့ ဒီခွေးလေးကို မေမေရှိစဉ်က ဝယ်မွေးခဲ့တာပါ။ အရမ်းလိမ္မာပြီး လူ့အရိပ်အကဲကို သိတတ်လွန်းသည့် ခွေးလေးပါလေ။

ခပ်လှလှလေးမို့ ဘိုဆန်ဆန်နာမည်ပေးဖို့ရှာကြရင်း ကျွန်မကြိုက်သည့် မြန်မာနာမည် ရန်လုံကိုသာရွေးဖြစ်ခဲ့ကြပါ၏။ သခင်ကို ဂရုစိုက်တတ်သလို ချွဲလည်းချွဲပြတတ်လေသည်။ မနာလိုစိတ်လည်း ရှိသလို အသန့်အပြန့်လည်း ကြိုက်လေ၏။

ခြံထဲလမ်းဆင်းလျှောက်ပြီး ပြန်လာလျှင် ခြေထောက်အပေ ဖြင့် အိမ်ထဲမဝင်ပါဘဲ ရေဆေးပေးရပါသည်။ ညအိပ်သည့်အခါ စောင်ခြုံပြီး သိပ်ရပါ၏။

စောင်ခြုံပေးဖို့ မေ့သွားသည့်အခါမျိုးမှာ ကျွန်မ ခြေထောက်ကို အသာလာတို့ပြီး ပြောတတ်လေသည်။ ထမင်းကို ကြက်အသည်းအမြစ် ပြုတ်ထားတာနှင့်သာ သီးသန့်စားလေ့ရှိပြီး အစာခြောက်မျိုး မကျွေးဖြစ်ပါချေ။

"ရန်လုံ . . . သားရေ"

"ဝုတ်! ဝုတ်!"

သူ့အိပ်နေကျ ခုတင်ထက်မှ ပြေးဆင်းလာပုံပါ။ အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည့် ရန်လုံကို အသာဆီးကြိုပွေ့လိုက်ပါ၏။ အအေးမိတာလား၊ အစားမှားလားဟု အမြန်ဆုံးစဉ်းစားလိုက်ရပါသည်၊ အအေးမိရအောင်လည်း တစ်ပတ်တစ်ကြိမ်သာ ရေနွေးနွေးဖြင့် စပ်ကာ ကျွန်မကိုယ်တိုင် ရေချိုးပေးလေ့ရှိတာလေ။

"အေး ... ဟုတ်လား။ သားက မန်မန်းမှမစားတာကိုး ဆာနေမှာပေါ့။ သင်းသင်းက မကျွေးဘူးလား။ အေး! ... သူ့ကို တုတ်ကြီးကြီးနဲ့ ရိုက်ရမယ်နော်။ လာလာ ... မမကိုယ်တိုင် ကျွေးမှာပေါ့။ သားက လိမ္မာတဲ့ဟာ"

"ငချွဲကောင်"

"နင်ပေါက်ကရ ဘာတွေလျှောက်ကျွေးလို့လဲ"

"ဘာမှမကျွေး။ အဲ! ... မနေ့က သမီးစားနေတဲ့ ရေခဲချောင်းကို တောင်းစားတာနဲ့ နည်းနည်းကျွေးလိုက်တယ်"

"အဲဒါကြောင့် ငါ့သား ချောင်းဆိုတာ။ နင်တရားခံနော် သားရယ်၊ ထမင်းစားပြီးရင် ဆေးသောက်ရမယ်နော်"

"မမ ချောကလက်ကျွေးလည်း သူစားတာပဲကို"

"ချောကလက်နဲ့ ရေခဲချောင်းက တူမလားဟဲ့။ တကယ် လျှာရှည်တယ်"





ကျွန်မက အဝတ်အစားပင် မလဲနိုင်သေးဘဲ နောက်ဖေးဘက်ဝင်လာပြီး ရန်လုံကို အစာကျွေးရန် ပြင်လိုက်ပါသည်။ အရင်ဆုံး လက်ကို စင်ကြယ်အောင်ဆေးပြီး ရန်လုံကို နယ်ကျွေးမည့် ထမင်းပန်းကန်ကိုပါ ဆပ်ပြာရည်ဖြင့် ထပ်ဆေးလိုက်ပါ၏။ ထမင်းအိုးထဲမှ ထမင်းဖွန်းကြီးတစ်ဖွန်း ခပ်ထည့်လိုက်ပါသည်။

အသည်းအမြစ်ပြုတ်ထားပါသည့် အိုးသေးလေးထဲမှ ဇွန်းဖြင့် အဖတ်ဆယ်ကာ စဉ့်တီးတုံးကို သန့်စင်ပြီးတင်လျက် ပါးပါးလေးလှီးလိုက်ပါသည်။ အရည်လေးသင့်ရုံထည့်ပြီး ဆားနည်းနည်းဖြင့် နယ်လိုက်ပါ၏။ လက်ကို အနံ့အသက်ပျောက်စေရန် ထပ်ဆေးလိုက်ပြီးမှ ရန်လုံ၏ သောက်ရေခွက်ထဲသို့ ရေသန့်ဘူးထဲမှ ရေအလောတော်မျှ ထည့်ကာ အစာကျွေးနေကျ အလယ်ခန်းထောင့်သို့ သယ်၍ ကျွေးလိုက်ပါသည်။

"နည်းနည်းဖြစ်ဖြစ် ဝင်အောင်စားပါ သားရယ်၊ လိမ္မာပါတယ်နော်"

ဘေးမှာထိုင်စောင့်ပြီး ကျွေး၍ပဲလား။ မနက်ကတည်းက ဘာမှမစားသဖြင့် ဗိုက်ဆာနေ၍ ရန်လုံက ကျွန်မရှေ့မှာ အစာကို ကောင်းကောင်းစားလေ၏။ ဒီလိုချောင်းဆိုးဖျားနာတာမျိုး မဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက်ဖြင့် ဟင်းကို ချင်း၊ ကြက်သွန်ဖြူထောင်း၍သာ ပြုတ်ကျွေးပြီး ဆီတွေဘာတွေနှင့် မချက်ကျွေးတာပါ။ ဒါတောင်မှ ဒီကလေးက ရင်ကြပ်ရတယ်လို့။

'အသည်း'တဲ့။ လူကိုမှားခေါ်သည့်နယ် အချိုးမျိုးဖြင့် စသွားသည့်လူကို ဖျတ်ခနဲ သတိရမိသွားပါ၏။ ရန်လုံအတွက် ချက်စရာမရှိသဖြင့် အမိကအဖြစ် သွားဝယ်ကာမှ ဆိုင်မှာ အထုပ်ကျန်ခဲ့ရတယ်လို့၊ နောက်ကလိုက်ပေးတာကို ကျေးဇူးတင်မိသော်ငြား လူကို ပြုံတီတီနှင့် လှလို့လို့ပြောသွားတာကြောင့် စိတ်တိုမိတာအမှန်ပါ။ လှလို့လှတယ် ပြောတာကို အမှန်က ကျေနပ်ရမှာထင်ပါရဲ့။

လူ့စိတ်ကလည်း အဆန်းပါပဲ။ ကျေးဇူးတင်ဖို့နေနေသာသာ သူ့အပေါ် ရန်တွေ့ပြီး ဘုဘောက်လေသံနှင့်သာ ပြောထွက်ဖြစ်ခဲ့တာလေ။ အိမ်ကခွေးလေးတောင် ကြက်အသည်းအမြစ်နဲ့ ပုံမှန်စားရရင် ဟိုတစ်ယောက်ရော အိမ်မှာ အသားငါးနဲ့ စားရပါ့မလား။ တော်ကြာ အသားမှာ ငါးပိ၊ အရွက်မှာ ကန်စွန်းဆိုပြီး ငါးပိတို့စရာနဲ့သာ စားရလျှင်ဖြင့် –

တွေးရင်းဖြင့် သက်ပြင်းကိုသာ စိတ်မောမောဖြင့် ချမိလေ၏။ ကြွေ့ဘဝမှာ မိဘတွေမရှိကြတော့ပေမယ့် အမေနေရာမှာ ကြီးမေရှိပြီး အဖေနေရာက ကိုကြီးရှိခဲ့တာမို့ ပြည့်စုံလုံလောက်မှုရှိခဲ့တာပါ။ ဒီလိုတွေးတော့ ပူပန်ရတာမျိုး တစ်ကြိမ်မှ မရှိပါဘဲ ဘယ်လိုဖြစ်ပြီး ကြွေ့ရင်က သူ့ကြောင့် ပူပန်နေရတာပါလိမ့်။

ဪ . . . ကိုမိုးယံထက်ရယ်။

"သိပ်စိတ်ပူနေလည်း ဆေးခန်းသွားပြကြမယ်လေ။ ညပိုင်းဖွင့်တဲ့ Pet Clinic တွေရှိတာပဲ"

နောက်မှရောက်လာသည့်ကိုကြီးကြောင့် ရုတ်တရက် လန့်သွားရပါ၏။ ရန်လုံအတွက် ပူမိတာထက် သူစိမ်းတစ်ယောက်ကို ပိုပြီးပူပန်မိနေသည့် ရင်တွင်းမှစိတ်ကို သိမှာစိုးရိမ်သွားမိလေသည်။ အလို! ပထမဦးဆုံးအကြိမ်အဖြစ် လူတစ်ယောက်အပေါ်မှာ သာမန်ထက် ပိုပြီး ကြွေ ကရုဏာသက်မိပါရောလား။

"ရပါတယ် ကိုကြီးရဲ့၊ လျှက်ဆားလေးပဲ ကျွေးလိုက်ပါ့မယ်။ ဒီည စောင့်ကြည့်လို့မှ မသက်သာရင် ဆေးခန်းပြမှာပါ"

"ဒီကောင်က ဆေးထိုးဆေးသောက် သိပ်ကြောက်တဲ့ဟာ။ လျှက်ဆားကျွေးလို့ စားပါ့မလား ညီမလေးရဲ့"

"ကြွေ ချော့ကျွေးရင် စားပါတယ်"

"ရေချိုးတော့လေ။ ညစာစားကြရအောင်"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်!"

ရန်လုံ စားပြီးအောင် စောင့်ချင်သေးပေမယ့် ကျွန်မလည်း အတော်ဆာနေပြီမို့ ရေချိုးရန် အပေါ်ထပ်သို့ ခပ်သွက်သွက်တက်ခဲ့ပါ၏။ အိမ်မှာ ရာသီဥတုသိပ်အေးသည့်အခါ သုံးနိုင်မည့် ရေပူစက် တတ်ထားသဖြင့် ရေပူရေအေးစပ် ချိုးနိုင်လေသည်။ ရေချိုးလျှင် အချိန်ကြာတတ်သည့် ကျွန်မက ကိုကြီးတို့ စောင့်နေမှာမို့ ခပ်မြန်မြန်သာ ချိုးလိုက်ရပါ၏။

မျက်နှာကို ဘာမှမလူးဖြစ်တော့တဲ့ ခေါင်းဖြီးရင်း ကျားပါးစပ်ညှပ်ဖြင့် လိပ်ခေါက်တင်လိုက်ပါသည်။ မှန်ထဲမှာ မြင်နေရပါသည့် မျက်နှာပြောင်နှင့် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိလေ၏။ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းဖူးဖူး၊ နဖူးပြေပြေ၊ လည်တိုင်သွယ်သွယ်နှင့် ရှပ်ရည်က သိပ်အလှကြီးဟု မထင်ရပါလေ။ ကြည့်စမ်း! ဒါ သက်သက်မဲ့ ကြွေ့ကို ဟိုလူညာပြောသွားတာပါလား။ စိတ်တိုလိုက်တာနော်။

"ဒေါက်! ဒေါက်!"

"မမလာခဲ့တော့တဲ့၊ အဆင်သင့်ဖြစ်နေပြီ"

"အေးပါ ... လာပြီ"





အဝတ်ဗီရိုကိုဖွင့်လိုက်စဉ် အစီအရီချိတ်ထား ထပ်ထားပါသည့် အဝတ်အစားတို့ကို တွေ့ရလေ၏။ ကြွေတို့ သိပ်ကြီးမချမ်းသာမှန်း သိထားပေမယ့် ကိုကြီးက လိုလေသေးမရှိ ပြည့်စုံအောင် ဖြည့်ဆည်းပေးထားတာပါ။ ဒါဖြင့် ဟိုလူငယ်လေးမှာရော အဝတ်အစား ဘယ်နှစ်စုံများ ရှိပါ့မလဲ။ အာရုံက ခပ်နွမ်းနွမ်းပုံစံဖြင့် သူ့ကိုမြင်ယောင်သွားမိပြန်လေ၏။

အိမ်နေအဝတ်ထပ်မှ ပေါ့ပေါ့ပါးပါး blouse နှင့် quater pants ဆင်တူတစ်စုံကို ယူဝတ်လိုက်ပါသည်။ ကိုယ့်အိမ်နေအဝတ်အစားကတောင် သူ့အဝတ်အစားထက် ပိုများသစ်လွင်နေမသလိုပါပဲလား။ သက်ပြင်းကို ကျိတ်ရှိုက်လျက် အခန်းထဲမှ ထွက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ပါ၏။ ထမင်းစားခန်းရှိ စားပွဲမှာ အဆင်သင့် ပြင်ဆင်ပြီးနေလေပြီ။

"ညဘက် class ဖွင့်ဖို့ စီစဉ်ထားတယ်လို့ ဖုန်းငုံ့ပြောတာ ... ဟုတ်လား ကြွေ"

"ဟုတ်တယ် ကိုကြီး"

"ဘယ်အချိန်လဲ၊ အိမ်ပြန်နောက်ကျမှာပေါ့"

"မမ မသင်ပါဘူး။ ကြွေနဲ့ မမ လက်ထောက်မရွှေဝင်ပါပဲ



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးမှာပါ”

“ဒါဖြင့် ကိုကြီးပဲ အပြန်စောင့်ကြိုပေးရမယ်ပေါ့လေ”

“သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက်တည်းပါ ကိုကြီးရဲ့။ ကျန်တဲ့ရက်တွေက ပုံမှန်အတိုင်း (၅) နာရီအပြီးပဲဟာ”

“ကဲ! ... အလုပ်အကြောင်း နောက်မှပြောကြပါ။ အခု ထမင်းဝင်အောင်စား။ သမီးလည်း ခုတစ်လော အစားနည်းတယ်နော်။ Diet များလုပ်နေတာလား။ လှဖို့ထက် ကျန်းမာဖို့က ပိုအရေးကြီးတာ မမေ့နဲ့”

“ကြွေက ဘာမှ အစားရှောင်တာမလုပ်ပါဘူး ကြီးမေရယ်။ ခုတစ်လော သင်တန်းသားအသစ်တွေ လက်ခံပေးရတာနဲ့ ပင်ပန်းသွားလို့ပါ”

“ကြီးမေရော မစားဘူးလား”

“ကျုပ်တို့ တူအရီးက ညနေ (၅) နာရီဆို ဆာတာနဲ့ စားပြီး နေပြီ၊ ပုံမှန်ပဲ။ မင်းတို့မောင်နှမသာ ဝင်အောင်စားကြ၊ သင်းသင်း သောက်ရေထည့်ပေးဦးလေ”

“ဟုတ်ကဲ့ပါ ကြီးကြီး”

ကြီးမေက အာဟာရမျှတအောင် ပြင်ဆင်ချက်ပြုတ်ကျွေး





ပါ၏။ ကျွန်မ နားရက်ရသည့်အခါမျိုးမှာလည်း မီးဖိုချောင်အလုပ်ကို ဝိုင်းကူလုပ်ပေးတတ်ပါသည်။ ဈေးဝယ်လျှင် ကြီးမေ အများသဖြင့် သွားတတ်ပေမယ့် သင်းသင်းနှင့်သာ အတူသွားတာမို့ အိမ်အလုပ် လစ်ဟင်းသလို ကျွန်မတို့မောင်နှမက မိုးလင်းတာနှင့် အပြင်ထွက်ရ သဖြင့် ကျွန်မပင် နောက်ပိုင်းသွားဖြစ်လေ၏။

ဝယ်စရာစာရင်းကို ကြီးမေပြောသည့်အတိုင်း လိုက်ရေးပြီး သွားမှသာ အစုံအလင် မမေ့ကျန်တာမျိုး မဖြစ်ပါ။ ဒီလို သုံးလေးရက် တစ်ကြိမ် သွားဝယ်တတ်ပေမယ့် ဟိုနေ့ကလူနှင့် မတွေ့ဖူးသလို တစ်ရက်သာ တိုက်တိုက်ဆိုင်ဆိုင်သာ ဆုံခဲ့မိတာပါ။ လူကို ပက်ခနဲ ပြန်ပြောလေ့ရှိသည့်ဝဋ်ရှိက ကျွန်မကို ချက်ချင်းပြန်လည်စေခဲ့တာပါ သလ။

(၁၀) လပိုင်း (၁၀) ရက်နေ့၊ (၁၀) နာရီ (၁၀) မိနစ်မှာ ဆပ်တွေ့ကြမယ်တဲ့။ ရှူးပါ့ရှင်။

“ကြွေ”

“ရှင် ကိုကြီး”

“ဘာတွေ တွေးနေလဲ။ ထမင်းစားတော စိတ်မပါဘူး။ သတ္တဝါ တွေအပေါ် သိပ်ကြီး သံယောဇဉ်မထားမိစေနဲ့ ကြွေ။ မပြောကောင်း



www.burmeseclassic.com

www.burmeseclassic.com



မဆိုကောင်း တစ်စုံတစ်ခုဖြစ်လာရင် ကြွေ မခံစားနိုင်မှာစိုးလို့ ကြိုပြောထားတာ”

အလိုလေး! … ကြွေ့ရင်ထဲထိတိုင် ကိုကြီး မြင်နေသည့်နှယ်ပါ။ သတ္တဝါတွေအပေါ်တဲ့။ တိရစ္ဆာန်ဟု မသုံးတာမို့ သတ္တဝါတွေထဲမှာ လူသည်လည်း အပါအဝင်ဖြစ်နေလေ၏။ ဘယ်လိုများ ကြွေ့စိတ်ကို မြင်နေတာပါလိမ့်။

အံ့ဩဖွယ်ကောင်းလေစွ။ သူစိမ်းသူရံတွေကို သနားကြင်နာ တတ်တာမျိုး အများကြီးမရှိခဲ့ပါလျက် တစ်ဦးတည်းသော လူတစ်ယောက်အပေါ် ကရုဏာသက်နေမိတာ အပြစ်များလားကွယ်။

“ကြွေနားလည်ပါတယ်”

“Sunday က ကိုကြီး off ရက်မို့ တကူးတက မကြိုနိုင်ဘူး ကြွေ”

“ရပါတယ် ကိုကြီးရဲ့။ ကြွေ Taxi နဲ့ပဲ ပြန်မှာပါ။ မဝါလည်း အဖော်ရှိတာပဲကို။ ဪ … မေ့တော့မလို့။ အဲဒီသုံးရက်မှာ ကြွေ့ကို ထမင်းချိုင့် ပို့ထည့်ပေးပါ ကြီးမေ”

“အေးပါတော် … သမီးသာစားနိုင်သလောက် စားစမ်းပါ။ ကြီးမေအတွက် ပင်ပန်းတာမှမဟုတ်ဘဲ စိတ်ချ”





ဘာလို့လဲဟု မမေး၍ တော်ပါသေး၏။ ရှင့်ကြောင့်ပါ ကိုမိုးယံထက်ရယ်။ ပင်ပင်ပန်းပန်းနဲ့ အလုပ်ကအပြန် အမြေးအလွှားရောက်လာမယ့် ရှင့်ဝမ်းဗိုက် လစ်ဟာနေမှာကို ဖြည့်ပေးချင်တဲ့ စေတနာတွေ သိန်းသန်းချီရှိနေတာကို ရှင် သိပါလေစ။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မနက်စောစော လေ့ကျင့်ခန်းလုပ်ပြီး ခဏနားကာ ချွေးတိတ်အောင်စောင့်ပြီးမှ ရေချိုးပါ၏။ ဆံပင်အတော်ရှည်နေပြီမို့ မဖြစ်မနေ ညှပ်ရတော့မှာပါ။ သူက ဆံပင်ရှည်လည်း နေတတ်သလို ဆံပင်တိုလည်း ဘာမှ စိတ်မရှုပ်တတ်ပါ။ မိုးယံကဖြင့် ဆံပင်နည်းနည်းရှည်ပြီး ကုတ်ထောက်ရုံနဲ့ ဘယ်လိုမှ မနေတတ်ပါလေ။

"သားလား"

"ဟုတ်!...မာမီ"

"ဘာလုပ်နေပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းချက်မလို့ပါ"

"ဟယ် ... စောစောစီးစီး"

"မာမိပဲ ဒီနေ့ ပစ္စည်းသွားယူပေးရမယ်ဆို"

"အေးလေ"

"အိမ်မှာ ပြန်ချက်ဖို့အချိန် ဘယ်ရှိပါ့မလဲ။ ဒါကြောင့် ချက်မလို့"

မာမိက အခန်းထဲမှထွက်လာပါ၏။ ပခုံးပေါ်နားအထိ နဂိုကောက်ဆံပင်ကို ခွေလိပ်ပြီး ကျားပါးစပ်ကလစ်ဖြင့် တင်ရင်း သူရှိနေသည့် မီးဖိုခန်းသို့ ဝင်လာလေသည်။ ဟင်းချက်စားပွဲပေါ်မှာ တင်ထားသည့် ဆန်ကာကုံးနှင့် စဥ့်နှီတုံးကိုကြည့်ကာ ပြုံးလိုက်လေ၏။

"ဘာလို့လဲမာမိ"

"သဘောကျလို့ပေါ့ရှင်။ ဒီလို ငွေရှာတော်ပြီး မီးဖိုချောင်နိုင်တဲ့သားလိမ္မာကို လာတင်တောင်းကြရင် မာမိ ဘာပြောရမလဲ"

သူ တဟားဟားဖြင့် အော်ရယ်မိတော့၏။ မနက်စောစော (၆) နာရီမှာ သားအမိနှစ်ဦးသား ရယ်စရာပြောဖြစ်တယ်လို့ သားယောကျ်ားလေးကို လာတောင်းတာမျိုးက ဘယ်မှာရှိပါ့မလဲ။ မာမိတော့ ဒီသားလေးကို နမျောတာသရှိနေရင်ဖြင့် သူတော့ တစ်ကိုယ်





တည်း လူပျိုကြီးဖြစ်ကိန်းရှိပြီထင်ပါရဲ့။ မင်းတော့ ထခုန်တော့မှာလား မိုးယံရေ။

"အတွင်းသိတွေပဲ မြင်ကြမှာပါ မာမိရာ။ စိုးရိမ်တတ်ရတယ်လို့"

"နည်းနည်းပါးပါး ရင်ခုန်စေတဲ့ ကောင်မလေးမျိုး မတွေ့သေးဘူးလား"

"အာ ... ပေါက်ကရတွေ။ မာမိပဲ မျက်စောင်းမထိုးမိစေနဲ့ဆို။ သတိပေးထားပြီးတော့"

"ဟင်း ဟင်း ... အကြီးအဖန်မဟုတ်ဘဲ အမှန်အကန် မိန်းကလေးမျိုးဆို မာမိက welcome ပါသားရယ်"

"တော်သေးတာပေါ့"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က Bachelor ဘဝနဲ့ပဲ ဆက်သွားရမယ်လို့ ဆင်နေတာ"

"အံမယ် ... မာမ့်ကိုများ အထင် small လိုက်တာ။ တစ်ဦးတည်းသောသားဆိုပြီး ရင်ခွင်ထဲထည့် ဥစ္စာခြောက်နေမယ့် အမေမျိုးမဟုတ်ပါဘူး မောင်တာရာ။ လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကြရတာ သဘာဝပဲ။ သားသာ မိန်းမအရွေးမမှားဖို့ မာမီက သတိ
ပေးရုံပဲ''

''ဒါဖြင့် ... အခု ခေါ်လာရမလား မာမီ''

''အံမယ် ... မိန်းမယူတာများ ခွေးလေး ကြောင်လေးလို
အိမ်ပေါ်ခေါ်တင် မွေးတာလို့များ ထင်နေလား။ လွယ်မယ်မထင်နဲ့ရှင့်''

''ဟင်းဟင်း ... စတာပါ မာမီရာ။ တကယ်မထင်ပါနဲ့
Tea သောက်တော့မလား''

''No! ... မာမီ ရေချိုးဦးမယ်''

မာမီက ပြောလည်းပြော၊ ခုံမှထရပ်ကာ ရေချိုးရန် ပြင်လေ
တော့သည်။ သူက ရေနွေးတည်ထားတာကို ဓာတ်ဘူးထဲသို့ ထည့်
လိုက်ပြီး ပေါင်းအိုးဖြင့် ထမင်းတည်ထားလိုက်ပါ၏။ စားပွဲပေါ်
ဟင်းသီးဟင်းရွက်နှင့် အသားကို ဟင်းချက်ရန် ပြင်ဆင်လိုက်ပါသည်
အရင်ဆုံး အာလူးကို ရေစင်စင်ဆေး၍ ပြုတ်ထားလိုက်၏။

ဂေါ်ရခါးသီးကို အခွံနွာ၍ ရေစိမ်ထားပြီးမှ အရင် အပြားလေး
လှီးကာ အချောင်းရှည်ရှည်လေးဖြစ်အောင် လှီးလိုက်ပါသည်။ ခရမ်း
ချဉ်သီးနီနီလေးတွေကို ရေဆေး၍ ငါးပိချက်ချက်ရန် အနေတော်
လှီးထားလိုက်ပါ၏။ ငရုတ်သီးဆီသပ်ရန် ကြက်သွန်နွာ၊ ငရုတ်သီးထောင်း





တာတို့ကို ခပ်မြန်မြန်လုပ်လိုက်ပြီး ညက ချဉ်။ ကြက်သွန်ဖြူ ထောင်းပြီး
ရေနည်းနည်းဖြင့် ပြုတ်ထားမိသည့် ကြက်သားအပြားလေး ဖြစ်အောင်
ပြန်လှီးကာ ကြက်သွန်နီဆီသပ်ပြီး ကျွတ်ကျွတ်လေးဖြစ် အောင်
ပြန်ကြော်မှာပါ။

နွှင်ထားသည့်အရိုးတို့ကို ဂေါ်ဖီထုပ်ဖြင့် ဟင်းချိုချက်ရန်
ပြင်လိုက်ပါ၏။ အာလူးပြုတ်တာနူးပြီမို့ ဂေါ်ရခါးသီးကို ကြက်ဥခေါက်
၍ ရော်ကြော်တာတစ်ခွက်၊ ငရုတ်သီးစိမ်းစပ်စပ်ဖြင့် ခရမ်းချဉ်သီး
ငါးပိချက်တစ်ခွက်၊ ကြက်သားပြုတ်ကြော်တစ်ခွက်၊ ဂေါ်ဖီဟင်းချိုရည်၊
အာလူးကတ်တလိတ်နှင့် တို့စရာမို့ မာမီထမင်းစားဝင်မှာပါလေ။

''မာမီ ဘာကူလုပ်ပေးရဦးမလဲ''

''အားလုံးပြီးပါပြီ မာမီ''

''သားက မာမို့ထက်တောင်မှ ချက်တာမြန်တယ်''

''စားသောက်ဆိုင်ဖွင့်လိုက်ရမလား''

''ပင်ပန်းမှာပေါ့ မလုပ်ရဘူး''

''မာမို့ချွေးမရရင်ကော''

''မခိုးပါဘူး။ မောင်တစ်ထမ်း မယ်တစ်ရွက်စိတ်ဓာတ်ရှိတဲ့
မိန်းကလေးဆို Ok ပါ။ အဲဒီတော့မှ စဉ်းစားကြမယ်''



www.burmeseclassic.com

www.burmeseclassic.com



“ကိန်းခပ်ကြီးကြီးဖြစ်နေရင် ဘယ်လိုလုပ်ရမလဲ”

“ဝေးဝေးရှောင်ပါရှင်။ မောင်ရေ ခင် လက်သည်းဆိုးနေလို့ သောက်ရေလေးတစ်ခွက်လောက်ဆိုပြီး ထထည့်ပေးမယ်မကြံလေနဲ့”

“ထည့်ပေးရင် မာမီက ဘာလုပ်မှာလဲ”

“နှစ်ယောက်စလုံးကို အိမ်ပေါ်က ကန်ချပစ်မှာ။ မယုံမရှိနဲ့”

ကျွန်တော် ရယ်မိပြန်လေ၏။ ဤသို့သော မိန်းမမျိုးထဲမှာ စာရင်းဝင်မဟုတ်ခဲ့သည့် မာမီနှင့်လေးလေး (ဦးမိုးသောက်) တို့ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ဖူးစာမဆုံခဲ့ရပါသလဲ။ သူသိရသလောက်ကဖြင့် မာမီက အတိတ်ကို တမင်တကာ မေ့ထားပြီး ပစ္စုပ္ပန်ကာလမှာသာ စိတ်ပျော်အောင် နေတတ်သည့် အမျိုးသမီးတစ်ဦးပါလေ။

“ရေမျှားတော့မယ် သတိထားလေ”

“ကော်ဖီက မျှားပါတယ် မာမီရယ်”

Prermier Coffee က ဖျော်ပြီး ခဏနှပ်ထားရတာနဲ့ ခွက်အဖုံးအုပ်ကာ မီးကင်ထားပါသည့် ပေါင်မုန့်နှစ်ချပ်ကို Jam သုတ် လိုက်ပါသည်။ ကိန်းခပ်ကြီးကြီး မိန်းကလေးကို ချွေးမ မတော်နိုင်ဘဲ ဆို၍ ဟိုတစ်လောက တွေ့ခဲ့သည့် ကောင်မလေးကို ဖျတ်ခနဲ သတိရ မိသွားပါ၏။ ခပ်စွာစွာနှင့် သနပ်ခါးလေးပါပဲ။





“ဟယ်! ... နေရင်းထိုင်ရင်း ပြုံးနေပြန်ပါလား။ မင်း မရူး ခတော့ဘူး မောင်တာရာ”

“မဟုတ်ပါဘူး မာမီရယ်။ သတိရမိသွားလို့ပါ”

“ပြောပြစမ်းပါဦး ... ဘယ်မိန်းကလေးက ငါ့သားရင်ဘတ် ထဲ ဝင်ရဲတာလဲ”

“ရင်ဘတ်ထဲ မရောက်ပါဘူးဗျာ”

“ဦးနှောက်ထဲတော့ ရောက်တယ်ပေါ့လေ၊ ဟော! ... ပြုံး ပြန်ပြီ”

“ဈေးထဲမှာ အမှတ်မထင် တွေ့ရုံပါ မာမီ။ ဒီထက်မပိုပါဘူး”

“ဒါဖြင့် ဘာကိုသဘောကျပြီး ပြုံးရတာလဲ။ မှန်မှန်ပြောပါ မောင်တာရာ”

“မာမီကလည်းလေ အခုမှပဲ စုံထောက်ကြီးအေါ်စံရှားနဲ့ လာ တွေ့နေပြီ”

“ဝေ့လည်ကြောင်ပတ် ပြောမနေပါနဲ့။ လိုရင်းကိုပဲပြော”

“ဟဲဟဲ ... စွာလို့”

“ဘာ”

မာမီက သူ့ကို မျက်လုံးပြူးပြီး အံ့သြစွာဖြင့် ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ တကယ်ဆို သူကသာ သနပ်ခါးလေးကို 'အသည်း'ဟုခေါ်ပြီး ပြဿနာစရှာခဲ့မိတာပါ။ ဘယ်သူက စိတ်မဆိုးဘဲနေပါ့မလဲ။ သူ့ကို အစကတည်းက မျက်စိကျနေသည့် ကောင်မလေးတွေဆိုလျှင် ထားပါတော့။ အခုမှတွေ့သည့် မိန်းကလေးက စိတ်ဆိုးတော့မှာ အမှန်ပါပဲ။

"မဖြစ်ဘူး။ ခပ်စွာစွာ ချွေးမမျိုးရရင် ငါနဲ့ နောင်ကျိမ်ချတော့မယ်"

"မာမီကလည်း ကျွန်တော်က မာမီမေးလို့ ပြောပြရုံပါ။ ဒီထက်မပိုပါဘူး"

"အပြောနဲ့အလုပ် ညီပါစေ မောင်တာရာ။ မိန်းမပြောသမျှ အင်းချည်း ခေါင်းညိတ်ရအောင်တုံးတဲ့ယောက်ျားမျိုးက သားရော ကိုထက်ပါ မဖြစ်စေရဘူး"

"မိုးယံက သူကြိုက်တာသူ ယူမှာပေါ့ မာမီရဲ့။ မာမီ ဝင်စွက်ဖက်လို့ ဘယ်ရပါ့မလဲ"

"မာမီ မစွက်ဖက်လည်း သူ့အဖေက ဒီလို lecture မျိုး နေ့စဉ် ရိုက်သွင်းနေမှာပါ သားရယ်။ စိတ်ချစမ်းပါ"

"မာမီ"

"ဘာတုံး"





"လေးလေးနဲ့ ဘာလို့လမ်းခွဲဖြစ်ခဲ့တာလဲ"

မာမို့မျက်စောင်းက သူ့ထံ ဒိုင်းခနဲ ရောက်လာလေ၏။ သားအမိချင်း အတွင်းရေးအထိ နက်နဲပွင့်လင်းစွာ ပြောတတ်တာမို့ ဖုံးကွယ်ထားရန် မရှိပါချေ။ မိုးယံကတော့ မည်သို့ယူဆမည်မသိပါ။ သူကတော့ မာမီတို့၏ အချစ်ဦးရာဇဝင်ကို ဒီထက်ပိုသိချင်တာ အမှန်ပါ။

"ဘာလို့မေးရတာလဲ၊ ကြာပါကြာလှပြီ"

"မာမီ ခုထိ မမေ့သေးဘူး မဟုတ်လား"

"ဘာကိုလဲ"

"လေးလေးကို"

"တမလွန်က သား ဒယ်ဒီ၊ လည်ပင်းလာညှစ်ချင်နေဦးမယ်။ မေးစရာလား"

"လေးလေးလည်း ခုထိ မမေ့သေးလို့ အခုလို ဖြစ်နေတယ်ထင်တာပဲ"

"ငါ့အသက် (၄၀) ကျော်နေပြီ၊ မောင်လင်းလက်ကြယ်"

"အသက် (၄၀) မှ ဘာဝေးကြတာဆို"

"ဟယ်!.. စကားကလည်း တတ်လွန်းပါ့၊ ဘယ်သူ့သားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမို့သားလေ"

"အမေကိုစတာ အကြောင်းမဟုတ်ဘူး။ ကိုထက်ကို တစ်ခေ့တစ်စောင်း သွားမပြောမိစေနဲ့ဦး။ ဟိုက ကြားရင် မိုးမီးလောင်လိမ့်မယ်"

"ဟီးဟီး ... ပြောလို့တောင်ပြီးနေပြီ"

"ဘာပြောတယ်"

"မာမိတို့ပတ်သက်ခဲ့ဖူးတယ်ဆိုပြီး ပါးပါးလေးပြောဖြစ်တာပါ"

"မင်းဟာလေ ကြာလေ ကြာလေ၊ ငါမပြောလိုက်ချင်ဘူး။ ယောက်ျားဆိုတာ ဆိုခဲစေမြဲစေ နှုတ်လုံရတယ် မောင်တာရာရဲ့"

"မိုးယံပဲ မာမီရယ် ... တခြားလူမှ မဟုတ်တာ"

"အေး ... အဲဒါကြောင့် အထင်ခံရတာတောင် နည်းသေးတယ်"

"ဗျာ!"

"စကားများမနေနဲ့ ထမင်းချိုင့်ပြင်ပေးတော့လေ။ မြို့ထဲက ပန်းတိမ်ဆိုင်ကို (၁၀) နာရီချိန်းထားတယ်။ ယူရမယ့်ပစ္စည်း list နဲ့ sample ကို phone နဲ့ပို့ထားတာ ယူသွားဦး။ Phone မမေ့ခဲ့နဲ့





ငွေက ဘဏ်မှာထုတ်သွားရမှာ"

မာမီက စကားဖြတ်ကာ ဆိုင်ထွက်ရန် ပြင်လေတော့၏။ သူက အတွေးလွန်တတ်သူမဟုတ်သော်ငြား မာမို့ပြောစကားက အတော်ထူးဆန်းနေတာအမှန်ပါ။ 'ကြာလေ ကြာလေ' ဆိုတာ 'အထင်ခံရတာ နည်းသေးတယ်' ဆိုသည့်စကားရဲ့အဓိပ္ပာယ်က ဘာများပါလိမ့်။ စကားတတ်ပါသည်ဆိုသည့် လင်းလက်ကြယ်ထက် မိခင်ဖြစ်သူက ပိုစကားကြွယ်တာကို ဘယ်သူများ သိနိုင်ပါမည်နည်း။

"ဆိုင်ကို တစ်ခါတည်း လိုက်ရမှာလား မာမီ"

"လိုက်ချင်လိုက် မလိုက်ချင်နေ"

"ကျွန်တော့်ကို စိတ်ဆိုးသွားတာလား"

"ကြိကြိဖန်ဖန် ... ဘာကိုစိတ်ဆိုးရမှာလဲ"

"လေးလေးအကြောင်း အစဖော်မိလို့လေ"

"အေးဆေးပါ သားရယ်။ မာမီက မင်းလေးလေးကို အထိခံ ကြွေပန်းကန်မျိုးမှ မဟုတ်တာ။ ရှေးဟောင်းနှောင်းဖြစ်တွေ အမှတ်ချပြီး ပြန်ပြောလည်း ဇာတ်လမ်းတစ်ပုဒ်ထက် ဘာမှမပိုပါဘူး။ လူဆိုတာ တစ်သက်မှာ တစ်ခါတော့ မိုက်မဲမိကြမှာပဲ။ ဒါပေမဲ့ မာမို့သားကိုတော့ အဲဒီလို နာကျင်မှုမျိုး မခံစားစေချင်တာအမှန်ပါ Honey။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တော့ချစ်ပါ။ ဒါပေမဲ့ အဲဒီအချက်ကို ရှိသမျှအကုန်ပုံအောပြီး မပြမိပါစေနဲ့”

“ဗျာ . . . ဘာဖြစ်လို့လဲ”

“သေရာပါဒဏ်ရာ ရတတ်လို့ပဲ။ Let's go to Bazaar, Honey. Hurry up!”

မာမီက အဝတ်လဲရန် ပြင်ဆင်နေပြီမို့ သူထိုင်နေလို့မရတော့ပါချေ။ မာမီ့အတွက် ထမင်း ငါးဆင့်ချိုင့်ကို ပြင်ဆင်ထည့်ပေးလိုက်ပြီး အဝတ်အစားလဲဖို့ အခန်းထဲဝင်လိုက်ပါ၏။ ပဟေဠိပါပဲလား လင်းလက်ကြယ်။ ချစ်တော့ ချစ်ပါ၊ ရှိသမျှ ပုံအောမပြမိပါစေနဲ့တဲ့လား။ ဘာသဘောပါလဲ မာမီ။

မာမီ့ရဲ့ငယ်ချစ်ဦးပုံပြင်က နာကျင်မှုတွေအပြည့်နဲ့တဲ့လား။ အချစ်ဆိုတာ နာကျင်ခြင်းနဲ့ အဓိပ္ပာယ်တူညီနေလို့လားမာမီ။ လူတွေရဲ့ စိတ်နှလုံးကို လွှမ်းမိုးနိုင်သူဟု ယူဆသတ်မှတ်ထားပါသည့် ချစ်ခြင်းက ပျော်ရွှင်ခြင်းဆိုတာထက် ဝမ်းနည်းနာကျင်ခြင်းကိုသာ ပိုပေးချင်နေပါလျက် ထိုအရာကိုဆုပ်ကိုင်ထားဖို့ထက် လွှင့်ပစ်ရန်သာ ပြင်ဆင်ရမှာပါ။

မိုးယံ၊ ငါတို့တွေရဲ့ဘဝမှာ အဲဒီအချစ်ကို ရင်ခုန်ပြီး ရှာ





လိုအပ်ပါ့မလား။ အထူးသဖြင့် အသည်းငယ်တတ်သည့် မင်းလို လူပျော့လေးအတွက် အဲဒီနာကျင်မှုကို မခံစားစေချင်တာအမှန်ပါ။ နည်းနည်းလေးပဲချစ်ချစ်၊ များများကြီးပဲချစ်ချစ်၊ ပါးပါးလေးချစ်မိတာနဲ့ နှလုံးသားကို မွှန်းရှနာကျင်စေသည့် မားသွားဖြစ်နေပါလျက် ဝေးဝေးက ရှောင်ကျဉ်ရမှာလေ။

မင်းဆိုရင်ကော ရှောင်နိုင်ပါ့မလား မိုးယံ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရှုပ်အကျီဝတ်ရင်း ကြယ်သီးတပ်နေစဉ် အခန်းတွင်းသို့ အန်တီလေး ဝင်လာလေ၏။ ဗီရိုထဲသို့ လျှော်ဖွပ်မီးပူတိုက်ထားသည့် အဝတ်တို့ကို ထည့်စီပေးပြီး သူ့ကိုကြည့်လိုက်လေသည်။ မသိချင် ယောင်ဆောင်ဖို့ ပြင်ထားတာတောင်မှ တည့်တည့်ကြီး တိုးရတယ်လို့။

"သား"

"ဗျာ"

"သင်တန်းသွားရမယ်ဆို"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံစံနဲ့ သွားမလို့လား"

"အဟဲ! ... ဟုတ်တယ်"

"ဟယ် ... ဒီလောက်နွမ်းဖတ်ပြီး အရောင်အဆင်းမပေါ်တာမျိုး ဝတ်စရာလား။ မဟုတ်တာတွေ လုပ်ပြန်ပြီ"

"ဒီလို ... ဒီလိုရှိလို့ တမင်ဝတ်တာပါ အန်တီလေးရာ"

"ဘယ်လို"

အန်တီလေးက တအံ့တသြဖြင့် အနားသို့ရောက်လာလေ၏။ ခေါင်းလျှော်ပြီး ရေချိုးထားသဖြင့် ပွယောင်းယောင်းဖြစ်နေသည့် ဆံပင်တို့ကို သေချာမဖြီးဘဲ လက်ဖြင့်ပင် အသာသပ်တင်လိုက်ပါသည်။ ပိုက်ဆံအိတ်အပြားလေးထဲမှ ငွေတစ်ထပ်ကြီးရှိပေမယ့် တစ်ထောင်တန်တွေနှင့် အကြွေတွေကိုသာ ရွေးပြီး အင်္ကျီအိတ်ကပ်ထဲထည့်ကာ ပိုက်ဆံအိတ်နှင့် ဖုန်းကို အံဆွဲထဲ ထည့်သိမ်းလိုက်ပါ၏။

"Phone မယူသွားဘူးလား"

"ဟင့်အင်း"

"ကိုထက်"

"ဗျာ"

"ဘာတွေကြိစည်နေသလဲ သား"





"မကြံစည်ပါဘူး အန်တီလေးရယ်"

နွတ်မှမြေရင်း မီရှိုဖွင့်ကာ ပုဆိုးထပ်တွေကို လက်ညှိုးထောက်ပြီး ရှာနေမိပြန်၏။ စိတ်တိုင်းကျသည့် ပုဆိုး ရှာမတွေ့သဖြင့် တန်းပေါ်ဖြန့်လှန်းထားပါသည့် ပုဆိုးကို သွားယူ၍ ခါလိုက်ပြီး ဘောင်းဘီတိုဝတ်ထားသည့်အပေါ်မှ ထပ်ဝတ်လိုက်ပါသည်။ ခါးမှာပတ်ထားပါသည့် ပဝါကို ပြန်လှန်းထားလိုက်ပါ၏။

"ဟောကြည့်! ... ဒီမှာ မီးပူတိုက်ပြီးသားတွေရှိတယ်လေ သားရယ်"

"မဝတ်ချင်လို့ပေါ့ဗျာ"

"ဘာဖြစ်လို့ မဝတ်ချင်ရတာလဲ"

"ဝတ်လို့မဖြစ်လို့ပေါ့ဗျ"

"ကြည့်စမ်း! ... စကားတွေလည်း အဆန်းတကြယ်ပြောလို့။ မင်း ဘာဖြစ်နေလဲ"

ပုဆိုးသိပ်မဝတ်ဖြစ်တာမို့ သေချာဝတ်ပေမယ့် အချိုးတကျမဖြစ်ပါဘဲ ခပ်တိုတိုဖြစ်သွားသဖြင့် ပြင်ဝတ်ရပြန်လေသည်။ ဒါနဲ့ပဲ (၅) နာရီထိုးပေတော့မည်။ နေအေးသည့်အချိန်ကို ရွေးပေးတာမို့ ကျေးဇူးလည်း တင်ပါရဲ့။ ကရုဏာသက်သည့် အကြည့်တို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည့် 'မျက်ဝန်းလေး' ကို သတိရရင်း ရင်လည်း ခုန်မိတာ အမှန်ပါ။

"အန်တီလေး"

"ဘာလဲ"

"ဖေဖေ့ကို မပြောနဲ့နော်"

"ဟယ်! ... မင်းတော့ မဟုတ်တော့ဘူး"

"ကျွန်တော် မဟုတ်တာ ဘာမှမလုပ်ပါဘူးဗျာ။ တွေးပူမနေပါနဲ့"

"မပူလို့ရမလား။ ကိုကိုမသိအောင် မင်း ဘာများလုပ်ဖူးလို့လဲ။ ဖိုးကြယ်ကိစ္စက လွဲလို့"

သူ ပြုံးလိုက်မိပါ၏။ အန်တီလေးလည်း မတော်လိုက်ရသည့် ယောက်မကို ချစ်ရင်းစွဲရှိသည်ပဲ။ ဒါကြောင့်မို့ သူနှင့်ဖိုးကြယ်ပေါင်းသင်းတာကို ကန့်ကွက်တားမြစ်တာမျိုး မလုပ်တာမဟုတ်ပါလား။ ဖေဖေနှင့် အန်တီလင်းတို့အကြောင်းမပါဖြစ်လည်း ပြဿနာမရှိပါ။ ဖိုးကြယ်၏အန်ကယ်လေးနှင့် သူ့အန်တီလေးကိုဖြင့် ဒီဘဝမှာ ပေါင်းဖက်စေချင်တာလေ။

"အန်တီလေး"





"ဩော် ... ဘယ်လိုဖြစ်နေတာလဲ"

"အချစ်ဦးကို မြေဦးရတောင် မမေ့နိုင်ဘူးဆိုတာ ဟုတ်သလား"

"ဘာရယ်"

အချစ်တွေ အသက်တွေဆိုပြီး တစ်ကြိမ်တစ်ခါမှ မပြောဖူးသည့် သူ့နှုတ်မှ ဤသို့ထွက်လာသည့်စကားတို့ကြောင့် အန်တီလေး မျက်လုံးပြူးနေချေပြီ။ ယူစရာဘာကျန်သေးလဲ စဉ်းစားပြီး ဘာမှ မယူရတော့သဖြင့် အိတ်ကပ်ထဲကို ခဏကြည့်ကာ ပြင်ဆင်ပြီးပြီမို့ ခေါင်းညိတ်လိုက်မိလေသည်။

"ဟုတ်လားလို့"

"ငါ ဘယ်သိပါ့မလဲ"

"အဲဒါပဲ"

"ဘာ ... အဲဒါပဲလဲ"

"အုံပုန်းကြီးနေလို့ အပျိုကြီးဖြစ်နေတာကို ပြောတာလေ"

"နင်နော် ... အခေါ်ကို မရှိမသေနဲ့။ ကိုကိုက အကြီးမို့ ငါ သည်းခံပေးတာမှတ်"

"ချော်တွေးမြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှချော်မတွေးဘူး။ ကလေးပါးစပ်က အချစ်တွေ အသက်တွေ ထွက်လာတာကမှ ထူးဆန်းနေတာ။ မင်းကို ပေါက်ကရတွေ ဘယ်သူသင်ပေးသလဲ"

ဖေဖေ့ညီမဟု မပြောရပါ။ စကားကို ကွေ့ပတ်ရှောင်ပြီး သူ့ထံ မြားဦးတည်လိုက်ချေပြီ။ သူက ဖိုကြွယ်လို စကားမကြွယ်တာမို့ ဘာကိုမှ လျှို့ဝှက်ဖုံးကွယ်လို့မရပါဘဲ သိပ်မကြာခင် အလိုလို ပွင့်ထွက်တတ်တာ အကျင့်ဖြစ်နေတာလေ။

မိုးယံထက်ဆိုတာ ဘာကိုမှ လျှို့ ဝှက်ချက် မထိန်းနိုင်သလို အသက် (၂၀) ကျော်အရွယ်အထိ ကလေးလို ဖြူစင်ပြီး မလိမ်ညာတတ်သည့် အကျင့်သာရှိခဲ့တာအမှန်ပါပဲ။

"ဖေဖေက ထားပါတော့။ မတွေ့ချင်မြင်လျက်သားဆိုပြီး အနီးဆုံးမှာ အမြဲတွေ့ခွင့်ရနေတာမို့ လွမ်းစရာမှမရှိတာ။ ဟုတ်တယ် မဟုတ်လား"

"ဘာပြောချင်လို့လဲ"

"အန်တီလေးကရော"

"သား"

"အမြဲမဟုတ်တောင် တစ်ခါတစ်ရံတော့ သတိရမှာပေါ့





ခန့်ခံလိုက်ပါဗျာ"

အန်တီလေးက ဖျတ်ခနဲ မျက်နှာပျက်သွားလေ၏။ ဤခြွေ ဆည်သည့် အသက် (၃၀) ကျော်အရွယ်မို့ ထိန်းနိုင်ပေမယ့် တူဖြစ်သည့် သူ့ကိုတော့ မဖုံးနိုင်ပါချေ။ အားနာမိပေမယ့် အချစ်ဆိုသည့် ရင်ခုန်သံကို တစ်ကြိမ်တစ်ခါလေးဖြစ်ခဲ့သည့်သူက နားလည်ပေးချင်တာပါ။ စာနာစိတ်ဆိုတာ လူတိုင်းမှာမရှိတတ်တာမှန်ပေမယ့် အချစ်ဆိုသည့်အရာကို မျက်ကွယ်ပြုထားရသည့် အန်တီလေးအတွက် ကူညီနိုင်သည့်လူအဖြစ် သူ ဖြစ်ချင်တာပါလေ။

"ကိုယ်ရေးကိုယ်တာကိစ္စမို့ ဝင်မပါချင်ပါနဲ့လား သားရယ်"

"တစ်ကြိမ်ခုန်ဖူးတဲ့နှလုံးသားက သေမသွားပါဘူးဗျာ။ နောက်ထပ်တစ်ကြိမ် ဒုတိယမ္ပိ ရင်ခုန်သံမျိုး အန်တီလေးမကြားချင်ဘူးလား"

"မိုးယံထက်"

"ပြောပါ အန်တီလေး။ ကျွန်တော် နားထောင်နေပါတယ်"

"အံချစ်ဆိုပြီး ကြီးကြီးကျယ်ကျယ်ပြောနေရအောင် အဲဒီအရာကိုများ သားရှာတွေ့နေပြီလား"

သူ ယဲ့ယဲ့မျှ ပြုံးမိပါ၏။ ပထမဦးဆုံးအကြိမ် ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံ၊ ပထမဦးဆုံးမှ တွေ့ရသည့် မိန်းကလေး၏အလှ၊ ကြည်လင်ရွှန်းပသည့် မျက်ဝန်း၏အကြည်၊ ပန်းရောင်သန်းနေပါသည့် ဆိုးဆေးအရောင်မရှိပါသည့် နှုတ်ခမ်းဖူးဖူးလေးရဲ့ပိုင်ရှင်၊ ကြွေဆိုသည့် အမည်နှင့် ကြွေရုပ်လေးနှယ် ချောမောလှန်းပါသည့် မိန်းကလေး၏ ပုံရိပ်က ခေါင်းထဲမှာပါမက ရင်တွင်းထိတိုင် စွဲလမ်းနေပါသဖြင့် သူကိုယ်သူပင် အံ့ဩပြီးရင်း အံ့ဩနေခဲ့ရတာပါ။

အချစ်တဲ့လား။

အချစ်ဆိုသည့် ထိုအရာကို စာမျက်နှာ (၁) မှာတောင် သင်ကြားခွင့်မရှိခဲ့သည့် သူ့ကိုမှ အလိုလိုတတ်မြောက်နေ ရတယ်လို့။ ချစ်ခြင်းကြောင့် သတိအမြဲရနေတာ။ ချစ်ခြင်းကြောင့် လန်းဆန်းနေတာ။ ချစ်ခြင်းကြောင့်ပဲ လူက အလိုလိုပြုံးရယ်မိချင်နေတာမျိုးက လူတိုင်းကြုံတွေ့ဖူးကြတာမျိုးပဲ ထင်ပါရဲ့။

ဩော် . . . ကြွေဆိုသည့် မိန်းကလေးရယ်။

"ကျွန်တော့်ထက် အန်တီလေးက ပိုပြီးအရေးမကြီးဘူးလား"

"သား"

"ယောက်ျားလေးက ပိုပြီးခံနိုင်ရည်ရှိပါတယ် အန်တီလေး"





တိတ်တခိုးဖြင့် သက်ပြင်းရှိုက်လိုက်ပါသည့် အန်တီလေး၏ မျက်ဝန်းတို့က ရီဝေဝေမျှ ဖြစ်သွားလေသည်။ အနာကို ဆွဲသလိုများ ဖြစ်နေပြီလား။ အပျိုလေးတန်မယ့် အသက် (၂၃) နှစ်အရွယ်လေးနဲ့ သူ့ကို ထိန်းကျောင်းပေးခဲ့သည့်ကာလရှည်ကြီးကို ဖြတ်သန်းခဲ့ရတာလေ။

ဖေဖေ့အသက်က အခု (၄၉) နှစ်ပြည့်ခါနီးမို့ အသက် (၁၂) နှစ်ငယ်သည့် အန်တီလေးက အခုဆို အသက် (၃၇) နှစ် ပြည့်တော့မှာပါ။

ဘုရားရေ! . . . ဒီလိုဆိုရင်ဖြင့် အန်တီလေးရဲ့အချစ်ဦး ဒဏ္ဍာရီက (၁၄) နှစ်ကျော်ဖြစ်နေပါရောလား။ အားနာလိုက်တာ အန်တီလေးရယ်။ ကျွန်တော် ဘယ်လိုများ ပြန်လျော်ပေးရမှာပဲဗျာ။

"အချိန်တွေ ဘယ်လောက်များ ကြာနေပြီလဲ။ စဉ်းစားကြည့်ပါဦး။ ခုချိန်ထိ လူလွတ်အတိုင်း နေနေတုန်းပဲဆိုတာ အန်တီလေးလည်း သိနေမှာပါ"

"ဘယ်လို"

မျက်ရည်ဝဲသွားပါသည့် အန်တီလေးက အနည်းငယ် မျက်နှာမဲ့သွားပြီး ရင်ထဲမှခံစားချက်ကို ထိန်းချုပ်လိုက်သည့်နှယ်

www.burmeseclassic.com



ပါလေ။ အချစ်ဆိုသည့်အရာက တစ်ဖက်သတ်သာရှိပါလျှင် ဘာ ရှေ့ဆက်လို့မရသလို ပျော်ရွှင်စရာမရှိမှာ အမှန်ပါ။ နှစ်ဦးနှစ်ဖက် အပြတ်တနိုးချစ်ကြသည့် အန်တီလေးတို့စုံတွဲကဖြင့် ဘေးပတ်ဝန်းကျင် ကြောင့် လမ်းခွဲစရာဖြစ်ခဲ့ရတယ်လို့။

လမ်းဆုံမှာရပ်စောင့်နေပါသည့် အန်ကယ်လေးဆီကို ဖြည်း ဖြည်းလေးပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အပြေးအလွှားပဲဖြစ်ဖြစ် အနီးဆုံး ရောက်သွားပါက ရင်ဖွင့်ကြိုဆိုနေပါသည့် ရင်ခွင်နန်းတော်တံခါးကို အဆင်သင့် ဖွင့်ထားမှာပါလေ။

ဒါကိုသိနေလျက်သားနဲ့ တစ်နေရာမှာ မတ်မတ်ရပ်နေရင်း လွမ်းလို့သေသွားရသည့် သစ်ပင်နှယ် အဆုံးသတ်မသွားစေချင်သည့် စေတနာကို မြင်ပေးလှည့်ပါနော်။

“ဒီအရွယ်ကြီးရောက်မှ ကလေးကလား စကားတွေ မပြော ချင်တော့ပါဘူး သားရယ်။ အပျော်သဘောပဲဖြစ်ဖြစ်၊ အတည်ပဲဖြစ်ဖြစ် စိတ်စေရာအတိုင်း သွားခဲ့ပေမယ့် ပန်းတိုင်မရှိတဲ့ ပြေးလမ်းပေါ်မှာ ပြေးခဲ့မိလို့ ခြေလှမ်းရပ်ခဲ့ရတာပါ။ ကြာခဲ့ပါပြီ။ လွမ်းဖို့တောင် အားမရှိ တော့ပါဘူး”

ခပ်တိုးတိုးပြောလာပါသည့် အန်တီလေး၏ရင်ဖွင့်သံက





ဘိုးသဲ့သဲ့ဖြစ်နေပေမယ့် ခံစားချက်အပြည့်ပါပဲ။ အချစ်ဆိုတာ အခြေ အနေတွေ၊ အချိန်အခါတွေ၊ အသက်အရွယ်တွေနဲ့ မဆိုင်ပါဘဲ မြင့်မြင့် ချင်းတောင်မှ သက်ဝင်လှုပ်ရှားပြီး ခွဲလမ်းကြတယ်ဆိုတာ လက်တွေ့ သိခဲ့ရတာလေ။

“ခုချိန်ထိ မေ့လို့မရသလို၊ မုန်းလည်း မမုန်းဘူး မဟုတ် လား”

“အန်တီလေးတို့ လမ်းခွဲခဲ့တာကြာခဲ့ပါပြီ သားရယ်”

“အချစ်နဲ့စစ်မှာ အားလုံး တရားမျှတပါတယ်ဆို။ ဖေဖေ့ ကြောင့်ပဲဖြစ်ဖြစ်၊ ကျွန်တော့်အတွက်ကြောင့်ပဲဖြစ်ဖြစ် အန်တီလေး နောက်ဆုတ်ခဲ့တာကို နားလည်ပေးနိုင်ပါတယ်”

“ဒါပေမဲ့”

“ချစ်ခြင်းမှာ အကြောင်းပြချက်မျိုးရှိလို့လား”

“အရွယ်လွန်မှ တမ်းတနေရင် ရှက်စရာပဲဖြစ်တော့မှာပါ သားရယ်”

“ဒါဖြင့် ... အန်ကယ်လေးကို အန်တီလေး မချစ်တော့လို့ လား”

အသံတိတ်သွားချေပြီ။ ဝန်မခံချင်ဘူးမဟုတ်လား။ တုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



သည့်သူကို ရှက်စရာမှမဟုတ်တာလေ။ ချစ်ခြင်းမှာ ပွင့်လင်းမှုက အတော်အသင့်ရှိရမှာမဟုတ်ပါလား။ အန်တီလေးရဲ့ရင်ထဲမှာ အခု အချိန်အထိ အန်ကယ်လေးအပေါ်မှာ ချစ်နေဆဲပဲဆိုပါက သူရော ဖိုးကြယ်ပါ ဒီနှစ်ယောက်နီးစပ်ဖို့ လက်ဆတ်ပေါင်းဖက်နိုင်ဖို့ တစ်တပ် တအား တိုက်တွန်းကူညီပေးနေမှာပါ။

"မေ့လက်စနဲ့ မေ့ထားပါရစေ"

"အကယ်၍ အန်ကယ်လေးက ခုချိန်ထိ အန်တီလေးတစ်ဦး တည်းကိုသာ စောင့်နေတယ်ဆိုရင်ကော"

"စိတ်ကူးနဲ့လက်တွေ့ဆိုတာ အမြဲ တစ်ထပ်တည်းကျဖို့ ရှားပါတယ် သားရယ်"

"ဖေဖေ့ကို ကြောက်ရမယ့်အရွယ် မဟုတ်သလို၊ ကျွန်တော့် ကို ငဲ့ကွက်နေဖို့လည်း မလိုတော့ပါဘူး အန်တီလေးရယ်။ သတ္တိရှိဖို့ တစ်ခုပဲလိုအပ်ပါတယ်"

"မိုက်မဲတယ် ပြောကြမှာပေါ့"

"ဘဝဟာ တိုက်ပွဲဆိုရင် အချစ်ကို မိုက်မဲတယ်ပဲ ယူဆကြပါ စေဗျာ။ အန်တီလေးသာ ဆုံးဖြတ်ရဲရင် ကျွန်တော်နဲ့ ဖိုးကြယ်ပါ အန်တီလေးနောက်မှာရှိနေမယ်"





"ငါတိုင်ပင်နေတာ လူဆိုးတွေလား"

ပေါ့ပေါ့ပါးပါး ရယ်ဖြစ်လေ၏။ အခုမှပင် အန်တီလေး မျက်နှာမှာ သွေးရောင်လွှမ်းတော့လေသည်။ နှင်းမှုန်ရဲ့အိပ်မက်တွေကို အမှန်တကယ်ရှင်သန်အောင် ဖန်ဆင်းပေးနိုင်မည့် လူတစ်ယောက်ကို ဖြင့် စိတ်ကူးနှင့်သာ ပုံဖော်ထားနိုင်တာပါလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

Showroom ဘေးရှိ တိုက်လှေကားမှ ခပ်သွက်သွက် ခြေလှမ်းတို့ဖြင့် တက်ခဲ့ပါ၏။ နောက်ဆုံး section မှ လူငယ်တွေထက် အလုပ်ဆင်းနေသည့် လူရွယ်တွေသာ ရှိမည်ဟု ထင်ပါသည်။ မြေညီထပ်မှ သုံးလွှာအထိ Zip Zap လှေကားမှ တက်ရတာမို့ မောလိုက်တာ မပြောချင်တော့ပါ။

သင်တန်းအထပ်သို့ရောက်စဉ် corridor မှာ မည်သူ့ကိုမှ (စောင့်နေတာတစ်ယောက်မှ) မတွေ့ရပါချေ။ နောက်ကျနေလို့ပဲလား။ (၅) နာရီကျော်လည်းရသည်ဟုပြောထားသဖြင့် ခပ်အေးအေးလာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မှ ရင်ပူရလေပြီ။ နောက်ကျမှ ရောက်လာရင် သူမျက်နှာညှိုတော့မှာ မဟုတ်ပါလား။

"ဟော!"

အခန်းထဲမှ လူငယ်တွေ တစ်ပြုံကြီးထွက်လာသဖြင့် သူ ဘေးကပ်၍ ရပ်လိုက်ရပါ၏။ အခုမှ ရှေ့ class ဆင်းတာမို့ တော်ပါ သေးရဲ့။ ရယ်ရယ်မောမောဖြင့် စကားပြောငြင်းခုန်ကြရင်း အောက်ထပ် ဆီသို့ သင်တန်းသားတွေ အကုန်လုံးဆင်းသွားကြလေ၏။ ရုံးခန်းမှန် တံခါးအနီးသို့ သူအသာတိုးကပ်သွားမိပါသည်။ ရှေ့ရုံးခန်းထဲမှာ သက်ရှိလူသားတစ်ယောက်မှ မတွေ့ရပါချေ။

မင်း ဘယ်မှာလဲ ကြွေ။

"ကလစ်!"

အတွင်းခန်းတံခါးပွင့်သွားပါ၏။ သို့သော် မည်သူမှ ထွက် မလာပါချေ။ ဘာတွေများ အလုပ်ရှုပ်နေလို့ပါလိမ့်။ ရုံးခန်းတွင်းသို့ မဝင်သေးဘဲ လည်ဆန့်မျှော်နေစဉ် မိန်းကလေးတစ်ယောက် ထွက် လာပါ၏။ ကြွေမဟုတ်ပါ။ ရယ်မောရင်းဖြင့် နောက်တစ်ယောက် ထပ်ထွက်လာပြန်၏။ ကြွေမဟုတ်ပြန်ပါ။ ဒုက္ခပါပဲ။ သူတော့ ကြွေ့ကို မျှော်ရင်း ဒူးက ခွေချင်လာတော့မှာလေ။





"ဟယ်! ... ဘယ်သူလဲ"

မမနှစ်ယောက်၏အကြည့်က သူ့ထံ ပြုံကြလာပါ၏။ အပြင် မှာ ဒီတိုင်းရပ်နေတာမို့ သင်တန်းသားဟု မထင်ပုံပါ။ ဇဝေဇဝါဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ခေါင်းခါပြလိုက်ပြန်၏။ ဒီနှစ်ယောက် ညှို့သည်မဟုတ်ရင် ဘယ်သူညှို့သည်ဟု ထင်ကြမည် နည်း။

"ညှို့သည်ထင်တယ်၊ ဘယ်သူ့ကို လာရှာတာလဲ"

"ကြွေ"

"ဘယ်လို ကြွေ ဟုတ်လား"

နှစ်ဦးစလုံး ပါးစပ်အဟောင်းသားဖြင့် သူ့ကိုကြည့်နေလေ၏။ ကြည့်ရတာ သင်တန်းမှူးမမတွေ ထင်ပါရဲ့။ သင်တန်းသစ်ဖွင့်ထားတာ ကိုမသိတာများလား။ ဒါမှမဟုတ် ကြွေကပဲ မပြောတာလား။ တစ်ခုခု အကြောင်းရှိပေမည်။ ခပ်နွမ်းနွမ်းပုံစံဖြင့် ရောက်လာပါသည့်သူ့ကို သို့လော သို့လော အတွေးမျိုးဖြင့် ထင်နေတာက ရယ်ချင်စရာပါပဲ။

"ကြွေက အခုမရှိဘူး"

"ဗျာ"

"ကိစ္စရှိလို့များလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကြွေက စာရွက်ကုန်လို့ သွားဝယ်နေတာပါ။ အထဲမှာ ဝင်ပြီးစောင့်လေ"

"ရပါတယ်၊ ကျွန်တော် ဒီကပဲ စောင့်ပါ့မယ်"

မိန်းကလေးနှစ်ဦးသာရှိနေသဖြင့် အထဲဝင်ထိုင်ရမှာ အားနာပြီး အပြင်မှာပင် ရပ်နေမိပါ၏။ မမနှစ်ယောက်၏ အကဲခတ်အကြည့်တို့ကို မသိယောင်ဆောင်လျက် ကျောပေးထားမိလေသည်။ ကြွေလာမှပင် သူ့အတွက် အဆင်ပြေပေမည်။ သင်တန်းကတ်ယူဖို့ အကြွေး (၁၅၀၀) ပေးဖို့ စသည့်ကိစ္စတို့က ကြွေနဲ့မှ ရှင်းလို့ရမှာကိုး။

"ဒီကောင်မလေးတော့ ဘာတွေလျှောက်လုပ်နေမှန်း မသိတော့ပါဘူး"

တီးတိုးရေရွတ်သံကို ကြားလိုက်ရပါ၏။ ဝမ်းကွဲအစ်မတွေများလား။ သို့တည်းမဟုတ် သင်တန်းဆရာမတွေပဲလား။ သူ ဘာမှ မသိပါ။ သူ့ကို သင်တန်းသားလို မမြင်တာကိုတော့ ရိပ်မိနေပါသည်။ အမှန်ဆို အိမ်မှာ ခေါ်သင်လျှင်လည်း ရပါလျက်နှင့် ဖေဖေ မြို့ပြင်မှာကိုစိုးပြီး အပြင်ထွက်သင်ကာမှ သူ့ကို မသက်သာသလို ကြည့်ရင်းပြောနေသလိုပါပဲ။





"ဒီမှာ ဒီမှာ"

"ခင်ဗျာ"

"တစ်ခုလောက် သိချင်လို့ပါ"

"ဟုတ်ကဲ့"

"ကြွေနဲ့ ရင်းနှီးတာ ဘယ်လောက်ကြာပြီလဲ"

"ဗျာ"

ထင်သည့်အတိုင်းပါပဲ။ လူကို အထင်တသေးနှင့်ကြည့်ပြီး ပြောနေတာမဟုတ်ပါလား။ ဘယ်လိုများလုပ်ရပါ့မလဲ။ သူက ကြွေ၏ ဘာရေအာသက်သည့် မျက်ဝန်းတို့ကြောင့် ဒီလိုပဲ ချော်လဲရောထိုင် ဆက်လုပ်ချင်နေတာမျိုးပါ။ ရည်ရွယ်ချက်ရှိရှိဖြင့် တမင်လိမ်ညာတာမျိုး မဟုတ်ပေမယ့် ချစ်ခြင်းက လျှို့ဝှက်သင်ခန်းစာအဖြစ် သင်ကြားပေးတာကြောင့်ပါလေ။

"သိပ်မကြာသေးဘူးခင်ဗျ"

ဟော!... အကြည့်က တစ်မျိုးဖြစ်နေပြန်ပါရောလား။ 'ဘာကိစ္စရှိသလဲ' ဟူသည့် မေးခွန်းမျိုး မမေးဘဲ လူကို သိပ်အဓိကမကျသည့် မေးခွန်းတို့ဖြင့် သံသယရှိစွာမေးနေကြတာကိုး။ သူ့ပုံစံက အခြားသင်တန်းသားတွေလို အိတ်တွေ၊ ကျောပိုးအိတ်တွေ လွယ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး လာတာမဟုတ်လို့ပဲလား။ သူရော ဗိုးကြယ်ပါ လမ်းသွားရင် ပေါ့ပေါ့ပါးပါး လွတ်လပ်စွာပင် သွားကျင့်ရှိတာမို့ပါပဲ။

"မင်း မှန်မှန်ပြောရမယ်နော်"

"ဗျာ"

"အခု ဘယ်အဆင့်ရောက်နေပြီလဲ"

"ခင်ဗျာ"

"အူကြောင်ကြောင်မလုပ်ပြနေနဲ့။ မေးတာကိုပဲဖြေပါ"

"အခုမှ အစပျိုးမှာပါ"

"ကြည့်စမ်း! ... ရဲတင်းလိုက်တာ။ ကြွေ့ကိုများ အထင်တသေးနဲ့ ချဉ်းကပ်ရဲတယ်ပေါ့လေ"

"ကြွေ့အကြောင်း မင်း ဘယ်လောက်အထိသိထားလဲ"

"ဟို ... ဟို ... ထောင့်ငါးရာ"

"ဘာ!"

နှစ်ယောက်စလုံး ပြိုင်တူအော်လိုက်သဖြင့် သူ နံရံနား ပိုကပ်သွားရပါ၏။ ဘာကို ဘယ်လိုအထင်မှားမှန်းပင်မသိဘဲ ဟိုနေ့က သူ့အတွက် ငွေစိုက်ပေးထားတာကို သတိရပြီးပြောမိကာမှ အပြစ်က ကြီးပါရောလား။ အထင်တသေးနဲ့ ချဉ်းကပ်ဝံ့သတဲ့။ အခုမှ စိတ်ဝင်စား





မှုက ပိုပြီးပြင်းထန်လာတော့တာပါ။ ကြွေဆိုတာ ဒီလိုမျိုး အုပ်ထိန်းသူတွေအောက်မှာ ဂရုစိုက်ခံနေရပါသည့် ပန်းပွင့်လေးတဲ့လား။

"စာရွက်တွေကလည်း ဈေးနှုန်းက မိုးပေါ်တက်နေတော့ ဘာပဲ မမရယ်။ ပြီးတော့ ခါတိုင်းလိုမထူဘဲ ပါးကလည်းပါး၊ ပါးသောတော်!"

"ကဲ! ... ဒီကိစ္စကိုရှင်းဦး"

"ဟင်! ... ဘာကိုရှင်းရမှာလဲ"

"ကြွေနော် ... လူတစ်ယောက်လုံးတွေ့နေတာတောင် မြောင်ငြင်းချင်နေလား"

"ဟုတ်တယ် ... မမတို့မျက်စိအောက်မှာ ဒီလိုအဆင့်မျိုး ရောက်သွားတာ ကောင်းသလား။ ကြွေ့ကိုကြီးကို ဘယ်လိုပြောရ ရှင်းပြရမှာလဲ"

"မမ ဘာကိုပြောနေတာလဲ"

"ရှင့် ထောင့်ငါးရာကိစ္စလေ"

"ရှင်! ... အဲဒါက"

"ဝေ့လည်ကြောင်ပတ် လုပ်မယ်မကြံနဲ့နော်"

"ဟို ဟို ... အဲဒါက ကြွေ့ကို ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



“မင်း ဝင်မပါစမ်းပါနဲ့။ ကိုအာကာသိရင် ငါတို့ပါ အချောင် ခေါင်းပြတ်ကိန်းပဲ။ ရှင်းစမ်းပါဦး ကြွေရဲ့”

ကြွေက ပထမတော့ ဘာမှန်း ရေရေရာရာမသိပါဘဲ အံ့ဩနေရှာသည်။ အစ်မတွေ ပြူးတူးပြဲတဲဖြင့် ပြောနေပုံက ကြွေနှင့်သူ့ကို ဘာညာဘာညာဟု ထင်မှတ်သွားပုံမျိုးပဲ။ ဟိုတစ်ယောက်ကလည်း ပိုက်ဆံကိစ္စကို ဘယ်လိုဖြစ်ပြီး ထုတ်ပြောလိုက်တာပါလိမ့်။ ‘ထောင့်ငါးရာ’ ဆိုသည့် ပုဒ်မက ဤမျှ ကြီးကျယ်တာမဟုတ်ပါလား။

“ဟဲ့! ... ရယ်မနေနဲ့လေ။ အကောင်းမေးနေတဲ့ဟာ”

“ဟင်း ဟင်း ...

မရယ်ဘဲနေလို့မှမရတာ မမရဲ့။ မမတို့ ထင်နေတာက တလွဲချည်းကို”

“ဘာရယ်”

“ဟုတ်တယ်လေ၊ ဟိုတစ်နေ့က သူ သင်တန်းလာအပ်ရင်း ငွေလိုနေတာနဲ့ ကြွေက စိုက်ပေးထားတာ။ အဲဒါကို သူပြောတာ ရှင်းရှင်းလေးပဲ။ မမတို့က ဘယ်လိုရှုပ်အောင် တွေးလိုက်ရတာလဲ”

“ဟယ်! ... မဟုတ်ဘူးလား”

“အေးလေ ... သူ့ကို ဘယ်အဆင့်ရောက်နေပြီလဲလို့ မေး





ဘာနဲ့ ထောင့်ငါးရာလို့ပြောတာကိုး”

“ကျွန်တော် ပြောတာက”

“မင်း ဝင်မပြောနဲ့။ မင်းပြောလို့ ရှုပ်ကုန်တာ”

အခုမှပင် သက်ပြင်းချရပြီး စိတ်ကိုအေးအောင်နေရပါ၏။ မုံ့ခန်းထဲမှ ရေခဲသေတ္တာအသေးကို ဖွင့်ကာ ရေသန့်ဘူးအသေး တစ်ဘူးကို ယူပြီး ဖန်ခွက်ထဲထည့်ကာ သောက်ကြလိုက်လေသည်။ နေရင်းထိုင်ရင်း နှလုံးရောဂါရတော့မှာပါပဲလားနော်။

“သူက သင်တန်းစတက်မယ့်သူပါ မမနဲ့မဝါ။ နာမည်က မိုးယံထက်တဲ့”

“ဘယ်လို ... မိုးယံထက်။ ဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျာ”

“ဒီနာမည် ကြားဖူးသလိုလိုပဲ”

သူ ပြုံးစိစိဖြစ်သွားရပါ၏။ ကုမ္ပဏီမှာ MD လုပ်နေသည့် ဖေဖေက သူ့နာမည်ကို တစ်နေ့ ဘယ်နှစ်ကြိမ် ရွတ်မှန်းတောင်မှ မမှတ်မိပါလေ။ အမြဲတမ်း ဆူပူပြီး ဆုံးမတတ်သည့် ဖေဖေ့ကြောင့် သူ့အမည်က နားမဆံ့အောင် ကြားခဲ့ရတာပါ။ အခုတော့ သင်တန်းက မမတွေက ဒီနာမည်ကို ကြားဖူးသတဲ့လေ။ အံ့ဩပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အစောကြီးကတည်းက ရှင်းရှင်းပြောပါလား"

"အေးလေ ... ဒီမှာ မရှင်းမရှင်းနဲ့ ရင်ပူစိတ်ပူသွားတာပဲ။ ဒီအချိန် class ဖွင့်ရအောင် သင်တန်းသား ဘယ်နှစ်ယောက်ရလို့လဲ ကြွေ"

"လောလောဆယ် (၅) ဦးရပြီ မမ။ နောက်နှစ်ယောက်က ဖုန်းဆက်မေးထားတယ်။ လာမအပ်သေးဘူး"

"လူနည်းရင် ဝါပဲသင်ပေးလိုက်မယ်လေ။ ဖူးပြန်ချင်ပြန်တော့ ပေါ့။ ကြွေလည်းရှိတာပဲဟာ"

"ဖြစ်ရဲ့လားကြွေ"

"Basic လောက်စသင်ရမှာပဲဟာ။ ဖြစ်ပါတယ် မမရဲ့ စိတ်ချပါ"

"ဒါဖြင့် ... မဝါ တအောင့်လောက်နားရင်း တစ်ခုခုစားပြီးမှ ပြန်လာမယ်၊ ကြွေ ... ဘာမှာဦးမလဲ၊ ဘာစားချင်လဲ"

"နေပါစေ မဝါ ... ကြွေ ထမင်းချိုင့်ယူလာပါတယ်"

"ဒါဖြင့် ပြီးရော"

မမနှစ်ယောက် ဆင်းသွားသည်နှင့် ကြွေက သူ့ကို လက်ပြပြီး ခုံမှာထိုင်နိုင်းပါ၏။ ဘာလို့များပါလိမ့်။ သင်တန်းတက်ရမည့်အချိန်က





တစ်နာရီခွဲမှ သိပ်မကြာပါ။ သိပ်လည်းမဆာသဖြင့် ဘာမှမစားဖြစ်ဘဲ ရောက်လာသလို ဗိုက်လေးအောင်စားပြီး သင်တန်းလာတက်မိလို့ ကတော့ မျက်ခွံလေးပြီး အိပ်ငိုက်တော့မှာပါ။

အဲဒါဆိုရင်ဖြင့် keyboard ခလုတ်တွေကို နှိပ်ပြီးမှားတော့ မှာ မဟုတ်ပါလား။ ကြွေက စားပွဲအောက်ဘက် အံဆွဲထဲမှ ထမင်းချိုင့် ကို ထုတ်ယူလိုက်လေ၏။ ငါးဆင့်ချိုင့်အလတ်စားမို့ သူ မျက်လုံးပြူး သွားရပါသည်။ မိန်းကလေးဖြစ်ပြီး ဒီလောက်များ အစားကြီးနေတာ များလား။

"ထမင်းအတူစားကြမယ်နော်"

"ဗျာ ... အာ နေပါစေ ကြွေ။ မစားတော့ပါဘူး ကျွန်တော်"

"စားပြီးပြီမို့လား"

"ဟုတ်!"

ခေါင်းညိတ်လိုက်မိချိန်နှင့် တစ်ပြိုင်နက် ဗိုက်ထဲက ဂွီခနဲ အသံကမြည်လာတော့ပါ၏။ ကြွေက ခပ်တိုးတိုးရယ်လိုက်လေသည်။ အလို! လုလိုက်တာနော်။ နဂိုကတည်းက ရှုမဝအောင် လှပချောမော လွန်းပါသည့် မျက်နှာထက်မှာ ပါးချိုင့်လှလှလေးကြောင့် ပိုပြီးပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



သွားသည့်နှယ်ပါ။

အလိုလေး! ... ဒီအတိုင်းသာ ဆက်သွားရင်ဖြင့် သူတော့ ပြဿနာဖြစ်တော့မှာလား။ ရင်ထဲမှ နှလုံးခုန်သံက ပုံမှန်ခုန်နေရာ တဖြည်းဖြည်းဖြင့် တဒုတ်ဒုတ်အခုန်မြန်လာတော့တာလေ။ မျက်နှာကို ငေးနေမိရာမှ အကြည့်လွှဲလိုက်မိပေမယ့် သနပ်ခါးရနံ့နှင့် သူမ၏ ကိုယ်သင်းရနံ့က ရှောင်လို့မရပါချေ။

ဖိုးကြယ်ရေ ... ကယ်ပါဦး။ ငါတော့ သင်တန်းလာတက်ရင်း ရောဂါရနေပါပြီ။ အချစ်ဟူသည့် virus က ကူးစက်လွယ်မှန်း မသိခဲ့တာ အမှန်ပါ။ ချစ်တတ်သည့် နှလုံးသားမှာ ဒဏ်ရာပါးပါးလေး မထင်ဖူးသည့် မိုးယံထက်၏ ပထမဦးဆုံး ခံစားချက်ပါပဲ။

* * *



## အခန်း (၁၁)

ထမင်းချိုင့်ငါးဆင့်ကို စီလိုက်သဖြင့် သူကြည့်မိပါ၏။ ထမင်းက နှစ်ချိုင့်ပါပြီး ဟင်းတွေကဖြင့် ကြက်သားဆီပြန်၊ ချဉ်ပေါင်နှင့် မျှစ်ကို ပုစွန်ကျောဖြင့် ရောကြော်ပြီး ငရုတ်သီးစိမ်းလေးတွေပါလေသည်။ ဟင်းရည်က ပဲနီလေးလား၊ ပဲဝါလေးလားမသိ ဆူးပုတ်ရွက်အုပ်ပြီး ဆီသပ်ထားသည့် ပဲဟင်းလေးပါပဲ။

ဗိုက်ထဲမှမြည်သံ ထပ်ထွက်လာသဖြင့် သူမက အံဆွဲထဲမှာ သိမ်းထားပါသည့် ဖွန်းတစ်ထပ်ကိုယူလျက် သူစားဖို့ ထမင်းတစ်ချိုင့်ကို ဖွန်းတပ်ကာ ရွှေ့ပေးလေ၏။ သူတော့ ဝော်ကြီးကျသည့်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မှာလေ။ ပါးစပ်က မစားဘူးငြင်းနေပြီး ဗိုက်ထဲကအော်သံက အနှောင့်အယှက် ဖြစ်နေလေပြီ။

"အားမနာရဘူးနော်။ ကြွေ့ကိုခင်တယ်ဆို စားပါ ကိုမိုးယံထက်"

"မဟုတ်သေးပါဘူးဗျာ"

"အလုပ်က ပြန်လာလို့ ဆာနေပြီမဟုတ်လား။ ဝမ်းဗိုက်က တောင်းနေရင် ပါးစပ်နဲ့လက်က အာဟာရဖြည့်ပေးဖို့ လိုတယ်လေ၊ ဒါမှ ခန္ဓာကိုယ် ယန္တရားကြီးက ပုံမှန်လည်ပတ်နိုင်မှာပေါ့။ ကြွေ့ကို မခင်ဘူးလား"

"မဟုတ်တာ ခင်ပါတယ်"

"ဒါဖြင့် စားပါရှင်"

သူ့မျက်နှာက အတော်လေးနီနေလေ၏။ ရှက်တာလား အားနာတာများလား။ ကြွေက တကယ်ဆို 'သုံးဆောင်ပါ' ဟုပြောရမှာပါ။ ဒီလိုပြောမိရင်ဖြင့် သူက ပိုအားနာတော့မှာမို့ တမင်တကာ ဒီလိုပဲ ပြောဖြစ်တာပါ။ ဒါတောင်မှ သူ့မျက်နှာပေါ်မှာ အသားရောင်က ရဲနေတာ မဟုတ်လား။

"ကျွန်တော်"





"ဘာပြောမလို့လဲ၊ စားပါ။ တော်ကြာ သင်တန်းသားတွေ ရောက်လာတော့မယ်"

"အဆူခံရရင် ဘယ့်နှယ်လုပ်မလဲ"

"ဘယ်သူက ဆူမှာလဲ"

"ကြွေ့ကို စောစောက မမတွေ ဆူမှာစိုးလို့ပါ"

"သြော် . . . မဆူပါဘူး။ မမမြူးဇုံက ကြွေ့ရဲ့ယောက်မတော်ပါ။ ကိုကြီးနဲ့စေ့စပ်ထားတယ်။ မရွှေဝင့်ဝါက မမရဲ့သူငယ်ချင်း။ အားလုံးအေးဆေးပါပဲ"

"ခုနကတောင် ကျွန်တော်နဲ့ပတ်သက်ပြီး ကြွေ့ကိုဆူတယ် မဟုတ်လား"

"အဲဒါက နားလည်မှုလွဲသွားတာပါ။ ပြဿနာမရှိပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ရိုးရိုးသားသားခင်ကြတာ အပြစ်မှ မဟုတ်ဘဲ။ ဝအောင်စားနော်"

"တော်ပြီ . . . ဟင်းအများကြီး မစားတတ်ဘူး"

"စေတနာနဲ့ကျွေးရင် သေဆေးတောင် စားရတယ်ရှင့်"

"ဗျာ! . . . ကြွေက ကျွန်တော့်ကို သေစေချင်လို့လား"

"ဟယ် . . . ပေါက်ပေါက်ရှာရှာ၊ မဟုတ်ရပါဘူး။ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါရှင်”

ရိုးရိုးသားသား ခင်တာတဲ့။ လောလောဆယ်မှာတော့ ရိုးမိုး ပေါ့။ အချိန်ကြာလာရင် ရိုးရိုးသားသားကနေ ဆန်းဆန်းပြားပြားတွေ ဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲ။ လူဆိုတာ သူတစ်ပါးကိုသာ ညာလို့ ရပြီး ကိုယ့်ကိုယ်ကိုယ်မှ ညာလို့မှမရတာလေ။

“အရသာရှိရဲ့လားဟင်”

“အင်း”

“ကြွေချက်တာ မဟုတ်ဘူးနော်။ ကြီးမေပဲ အမြဲချက်ပေး တာ”

“ဪ”

“အလုပ်က လာတာဆိုတော့ ဘာအလုပ်များလုပ်လဲဟင်”

ဟိုက်!... အဲဒါမှဒုက္ခ။ သူက လောလောဆယ် ၁၀၉/၁၁ ယောင်ချောက်ဆယ်လေ။ ဖေဖေဆုံးလွန်းလို့သာ သင်တန်းလာတင် မိခါမှ အခုလို မထင်မှတ်ဘဲ ခလုတ်တိုက်မိတာ မဟုတ်လား။ ဦး နှောက်က အမြန်ဆုံး စဉ်းစားရပါ၏။ ဖေဖေ့အကြောင်းပြောမိသည်နှင့် သူ့ကို မည်သူမည်ဝါ၏သားမှန်း သိကုန်တော့မှာလေ။

“အလုပ်ကလား။ အင်း ... အန်တီနဲ့ပဲအတူတူနေလော့





သူ့ဆိုင်မှာ ကူလုပ်ပေးရတယ်”

“အန်တီက ဘာဆိုင်ဖွင့်ထားလို့လဲ”

“ဈေးထဲမှာ ရွှေ... အဲ!... ပိတ်စဆိုင်လေးဖွင့်ထားတာပါ”

“ဪ ... တခြား ဘာလုပ်သေးလဲ”

“ကျွန်တော်လား”

“အင်းပေါ့”

“ဟုတ်ကဲ့ ... ဝပ်ရှော့မှာ လုပ်ပါတယ်”

“ဟယ်”

သူ့လက်တို့ကို သတိထားပြီးကြည့်လိုက်သဖြင့် လန့်သွားရ ပါ၏။ ဝပ်ရှော့လုပ်သည့်လူရဲ့လက်က ဤသို့ ဖြူဖွေးနေပါ့မလား။ ဟုတ်ပါ ရဲ့ ... တကယ်လုပ်တဲ့ ဖိုးကြယ်ရဲ့လက်က ကြမ်းရှရှဖြစ်နေတာလေ။ သေစမ်း!... သူတော့ အမှားကြီး လုပ်မိတော့မှာပါလား။

“ဟိုလေ ... စာရင်းကိုင်စာရေးပါ”

“ဪ ... အဲဒီလိုပြောပါ။ ကြွေက အလုပ်ကြမ်းလုပ်ရ ဘယ်ထင်လို့ လန့်သွားတာပဲ”

“ကျွန်တော်က သွေးအားနည်းတဲ့ရောဂါ ရှိပါတယ်”

“ဟယ်!... ယောက်ျားလေးဖြစ်ပြီး”



www.burmeseclassic.com

www.burmeseclassic.com



“အရမ်းပင်ပန်းတဲ့အလုပ်မျိုး လုပ်လို့မရတာကို ပြောတာပါ ကြွေ”

“အခုသင်တန်းလာတက်ဖြစ်တဲ့ ရည်ရွယ်ချက်က ဘာလဲ”

“သူငယ်ချင်းအဖေရဲ့ကုမ္ပဏီမှာ ဘယ်နေရာပဲနေရရ ဝင်လုပ်ချင်တာကြောင့်ပါ”

ဖြစ်ရလေ။ ကြွေတို့မိသားစုက သိပ်မချမ်းသာပေမယ့် ကိုကြီးက ဦးဆောင်ပြီး မောင်နှမနှစ်ယောက် အလုပ်လုပ်ခဲ့တာမို့ စီးပွားရေးက အဆင်ပြေပြီး စားသောက်နေထိုင်တာက လုံလောက်ခဲ့တာပါ။ ကိုယ်က အဆင်ပြေပေမယ့် ဒီကောင်လေးက ညှိုးငယ်ပြီး အလုပ်တစ်ဖက်နှင့် သင်တန်းကို အပြေးအလွှားလာတက်တာမို့ စိတ်ထဲမကောင်းတာ အမှန်ပါပဲ။

ဘုရားရေ! ... ကြွေ့ဘဝမှာ သူစိမ်းယောကျ်ားတစ်ယောက်အတွက် ကိုယ်စားပူပန်မှုမျိုး တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဖူးတာလေ။ ရန်လုံကိုထမင်းနယ်ကျွေးတိုင်း သူလည်း ဘာနဲ့များစားရပါ့မလဲဟု တွေးမိတာပါ။ ကရုဏာတရားရဲ့နောက်ကွယ်မှာ ဘာများရှိနေပါသလဲ။ ဤလူငယ်လေးက ကြွေ့စိတ်အစုံကို ပိုင်စိုးထားမှုက အံ့ဩစရာပါ။

“အားနာစရာတွေဖြစ်ကုန်ပြီ”





“ဟင် ... ဘာကိုလဲ”

“မစားဘူးဆိုပြီးတော့လေ”

“အော် ... ဘာများလဲ။ ဒါနမြောက်အောင် စားပေးတာကိုပဲ ကြွေက ကျေးဇူးတင်ရမှာပါရှင်”

တကယ့်ကိုပင် ထမင်းတစ်ချိုင့်ကုန်အောင် စားလိုက်မိတာပါ။ သူကြားဖူးတာကဖြင့် ‘တစ်လုပ်စားဖူး သူ့ကျေးဇူး’ တဲ့။ ဒါဖြင့် တစ်ချိုင့်စားမိသည့်ကျေးဇူးကို သူ ဘယ်လိုဆပ်ရပါ့မည်နည်း။ ကိုယ်တိုင်က ဘာမှမပြည့်စုံပေမယ့် ဖေဖေရဲ့အရိပ်အောက်မှာ နေနေရတာမို့ ဘာမှ မလိုအပ်ဘူးဟုထင်ခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ။

သူငယ်ချင်းဖြစ်သူ ဖိုးကြယ်နဲ့ အချိန်အတော်ကြာ ပျော်ပိုက်ခဲ့တာမို့ လူငယ်ဘဝမှာ နေပျော်ခဲ့တာပါ။ (၅၂၈) ဆိုတာ အဖြူရောင်ချစ်ခြင်းမျိုးသာ ရင်ထဲမှာရှိခဲ့သည့်အတွက် ဒီလိုထူးဆန်းတဲ့ခံစားမှု ဒီလိုထူးခြားတဲ့ရင်ခုန်သံ၊ ဒီလို နက်နဲပြီး နက်ရှိုင်းလွန်းပါသည့် စိတ်လှုပ်ရှားမှုတို့က တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးခဲ့တာအမှန်ပါ။

ဒါဟာ အချစ်တဲ့လား မိုးယံထက်။

“ကဲ! ... ထမင်းစားပြီးရင် ခေါင်းကြည်သွားအောင်လို့ ကော်ဖီပူပူလေး တိုက်မယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ မျက်လုံးကျယ်သွားရပါ၏။ ကော်ဖီကြိုက်တာက ဖိုးကြယ်ဖြစ်ပြီး သူက လက်ဖက်ရည်ကိုသာ စွဲစွဲလမ်းလမ်း သောက်ဖြစ်ခဲ့တာလေ။ ကော်ဖီမကြိုက်ဘူးဟု ငြင်းရမှာလား။ ဒါမှမဟုတ် ကိုယ်မကြိုက်တာကို မျက်စိစုံမှိတ်ပြီး သောက်ပြရမည်လားဟု ဒွိဟဖြစ်နေမိစဉ် သူမက coffee mix နှစ်ထုပ်ကို ခွက်ဘူးထဲမှ ရေနွေးဖြင့် ဖျော်ပြီးနေလေပြီ။ သေလိုက်ပါတော့ မိုးယံရယ်။ အိမ်မှာလို ဂျီကျောင်ကျပြလို့ရမယ့်အခွင့်အရေးကဖြင့် မရှိလေပြီ။

"ကော်ဖီကြိုက်တယ် မဟုတ်လား"

"အင်း . . . ကြိုက်ပါတယ်"

"မြေသံက အားပျော့လိုက်တာ။ ယောက်ျားလေးအများစုက လက်ဖက်ရည်ပဲကြိုက်တတ်လို့ မေးတာပါရှင်"

သူ ပြုံးလိုက်လေ၏။ ယောက်ျားလေးတော်တော်များများက ပြုံးခဲရယ်ခဲတာ မဟုတ်ပါလား။ သူ့အပြုံးကဖြင့် အတော်လေးကို ဖြူစင်လွန်းနေတာ အမှန်ပါ။ ခုကွပါပဲ။ ဒီလိုသာ တရင်းတနှီးကြီးသာ ဆက်ဖြစ်နေရင်ဖြင့် မမတွေ့စိုးရိမ်နေသည့် အချိန်အခါမျိုး ရောက်လာရင် ဘယ်လိုများလုပ်ရပါ့မလဲ။





စိတ်ဆိုတာကလည်း ခက်သားလား။ ချွန်းအုပ်ထိန်းချုပ်နိုင်စွမ်းတွေက တဖြည်းဖြည်း ယုတ်လျော့ကုန်လေသည့်နှယ်ပါ။ စမြင်ကတည်းက ကြွေ့ရင်ထဲသို့ သူ့ပုံရိပ်တို့က တဖြည်းဖြည်း ချဉ်းကပ်တိုးဝင်လာခဲ့သလိုပါလေ။ ရင်တွင်းထိ ဖောက်ရောက်လာပြီးမှ ထွက်သွားဖို့အတွက်က နှင်ရခက်လွန်းပါရဲ့။

"ကြွေက လိမ်ညာတာကို လုံးဝမကြိုက်ဘူးနော်"

"ဗျာ!"

သူ အတော်လန့်သွားရပါ၏။ ကြိုတင်လိမ်ညာပြီးလုပ်ခဲ့တာ ဘာမှမရှိပေမယ့် ဆင်းရဲသလိုမျိုးက သူ့ကိုမြင်ပြီး ဖြစ်ခဲ့သည့်ကိစ္စပဲ။ တမင်ရည်ရွယ်တာမျိုး မဟုတ်ရပါ။ သူ မပြောပေမယ့် ကြွေက သိမ်မိနေတာများလား။ ဟန်ဆောင်တတ်သည့် သရုပ်ဆောင်မဟုတ်တာမို့ အချိန်အကြာကြီး ဖုံးကွယ်လို့မရမှန်း သူသိနေပါသည်။

"ကျွန်တော်"

"တကယ်ပဲ ကော်ဖီမကြိုက်ဘူး မဟုတ်လား။ မှန်မှန်ပြော"

"အဟင်း . . . ဟုတ်ပါတယ်"

"ထင်သားပဲ။ နေရာတကာ အားနာစိတ်မျိုး မထားရဘူးနော်၊ တော်ကြာ မတည့်တာမျိုးကျွေးမိရင် ကျွန်မ ပြဿနာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာ ရှင် မသိဘူးလား”

သူ နှုတ်ဆိတ်သွားပြန်ပါ၏။ ကိုယ့်ထက်ငယ်သည့် မိန်းကလေးအပေါ် တမင်လိမ်ညာဖုံးကွယ်ထားချင်စိတ် မရှိပေမယ့် မရည်ရွယ်ပါပဲ ဖြစ်လာသည့်အခြေအနေကြောင့် ချော်လဲရောထိုင် ပြုမူမိတာများ မှားပြီလား။ ဘယ်လိုဖြစ်ပြီးများ ကြွေက သိသွားတာပါလိမ့်။ မိုးယံထက်ရဲ့ဘဝမှန်ကိုသာ သိသွားရင်ဖြင့်။

“ကျွန်တော် ပေးဖို့ကျန်တဲ့ငွေ”

“နေပါစေ . . . မပေးပါနဲ့တော့”

“ဗျာ”

“အဲဒီလောက်ငွေလေးစိုက်ထားတာ ကြွေ့အတွက် ဘာမှ မဖြစ်ပါဘူး ကိုမိုးယံရယ်”

“မဟုတ်တာဗျာ”

“ကဲပါ . . . ဟိုမှာ သင်တန်းတက်မယ့်သူတွေလာနေပြီ။ Learning room ထဲ ဝင်ကြစို့”

သင်တန်းမှူး မဝင့်ဝါဖူးပါ ရောက်လာပြီမို့ သင်တန်းခန်းမထဲသို့ လိုက်ဝင်ခဲ့ရပါ၏။ အထဲမှာ computer အလုံး (၂၀) ခန့်ရှိကာ နေရာကအတော်အသင့် ကျယ်ပါ၏။ ဆရာမအသံကို ကြားနိုင်မည့်





ရှေ့ခုံတွေမှာ နေရာယူထိုင်ရစဉ် သူက တစ်ယောက်တည်း ဖြစ်သွားရလေသည်။ နှစ်ယောက်တစ်တွဲစီထားပါသည့် ခုံတွေမှာ အသီးသီး ထိုင်လိုက်ခြင်းဖြစ်ပါ၏။

မဝါက ရှေ့မှာ ဟန်ကြီးတစ်ခွဲသားဖြင့် သင်တာကိုမကြိုက်ဘာမို့ သင်တန်းသားတွေရဲ့အနီးနားမှာရပ်ကာ လက်တွေ့သင်ကြားပေးလေသည်။ နဂိုကသင်ထားဖူးသည့် လူငယ်တွေမို့ နည်းနည်းပြရုံဖြင့် အတတ်မြန်ကြလေ၏။ သူတစ်ယောက်သာ အခက်တွေ့နေရတာပါလေ။

“လက်ကို ဒီလိုအနေအထားမျိုးထားရတယ်လေ။ ဒီလိုကြည့်၊ ဘယ်ဘက်လက်က A မှာလက်သန်း၊ S မှာလက်သူကြွယ်၊ D မှာလက်ခလယ်၊ F မှာလက်ညှိုးပါ။ လက်မက အရှင်သုံးတတ်ရတယ်။ G ပဲဖြစ်ဖြစ် အောက်ဘက်က V ကိုပဲသုံးသုံးပေါ့”

“အင်း”

“ညာဘက်လက်က ဒီလိုထားရတယ်။ J မှာလက်ညှိုး၊ K က လက်ခလယ်၊ L က လက်သူကြွယ်၊ လက်မက စောစောကလို အရှင်ပေါ့။ H ဖြစ်ဖြစ် အောက်က N ဖြစ်ဖြစ်နော်”

သူ့လက်ကို ကိုင်ပြီး လက်တစ်ချောင်းချင်းပြသပေးပါသည့်



www.burmeseclassic.com

www.burmeseclassic.com



သူမ၏လက်ချောင်းသွယ်သွယ်လေးတို့က ဖြူဖွေးနုညံ့လွန်းနေပေ သည်။ စိတ်ထဲမှာ အသည်းယားလာမိပေမယ့် မနည်းကြီးထိန်းထား ပါ၏။ ဒီပုံစံနဲ့ သူတော့ အတတ်မြန်တော့မှာပါပဲလား။ ရှုးတော့မှာ မိုးယံထက်။

"Typing lesson ကို အရင်တတ်အောင် လေ့ကျင့်ပါ စရိုက်တာမို့ မှားရင်မှားပါစေ။ လက်အနေအထားမှန်ပြီး မြန်ဖို့လိုတယ် ရိုက်ရင်းနဲ့ ကျွမ်းကျင်သွားရင် စာလုံးတွေမှတ်မိပြီး မှန်သွားလိမ့်မယ်"

ကောင်းပါလေ့။ သူ ရယ်လည်း ရယ်ချင်၊ ငိုလည်း ငိုချင်သွား ရပါ၏။ ဖေဖေ လမ်းညွှန်ပေးလိုက်သည့်သင်တန်းမှာ လာတက်ပေမယ့် ပညာတော့ တတ်,မတတ် မသေချာပေမယ့် ရင်ခုန်ခြင်းအတတ်က တော့ ကျွမ်းကျင်စွာ တတ်မြောက်မှာအမှန်ပင်။ ဖေဖေသာ သိလျှင်ဖြင့် သူ အထုခံရတော့မှာလေ။

"ကြွေ" ဒီလက်ချောင်းသွယ်သွယ်၊ ဒီအပြုံးနုနု၊ ဒီအကြည့် နွေးနွေးလေးတွေကို တစ်သက်တာ ပိုင်ဆိုင်ခွင့်မျိုး ကိုယ့်ကို ပေးလှည့် ပါနော်။

***



# အခန်း (၁၂)

Taxi ပေါ်မှ ဆင်းလိုက်ပြီး ကားခ ရှင်းလိုက်ပါသည်။ ထမင်းချိုင့်နှင့် ခြင်းတောင်းကိုဆွဲ၍ ဈေးထဲသို့ လျှောက်ဝင်ခဲ့ပါ၏။ မျက်နှာရင်းနှီးနေပြီဖြစ်သည့် ဈေးသည် အချို့၏နှုတ်ဆက်ပြုံးတို့ကို ယဲ့ယဲ့မျှသာ ပြန်ပြုံးပြလိုက်မိလေသည်။ သိပ်ကြီး ဖော်ရွေတာမျိုး မရှိသော်ငြား လူမှုရေးနှင့်ဝတ္တရားအရ မာမီ့ စိတ်တိုင်းကျ လိုက်လျှောမှုပေးရခြင်းပါပဲ။

"ဟော!...အတော်ပဲ သား ရောက်လာပြီ"

"ဗိုက်ဆာနေလို့လား မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆာတယ်ရယ်လို့ မဟုတ်ပါဘူး သားရယ်။ ခေါင်းထဲ သိပ် မကြည်လို့ပါ"

"ဒါဆိုလည်း အိမ်ပြန် နားလိုက်ပါလား မာမီရယ်"

"မဖြစ်သေးပါဘူး သားရယ်၊ ဒီနေ့ ချယ်ရီနားရက်မို့ ငုဝါပဲ ရှိတာ။ ဈေးရောင်းတာတစ်ဖက် ငွေကောက်ဖို့တစ်ဖက်နဲ့ ဘယ်နိုင်ပါ့ မလဲ"

"ကျွန်တော် ဆိုင်ထိုင်ပေးပါ့မယ် မာမီ"

"သား လုပ်တတ်ပါ့မလား"

"လုပ်တတ်ပါတယ် မာမီရယ်။ အိမ်မှာလည်း ကူလုပ်ပေးနေ တာပဲကို"

"အေးလေ ... တအောင့်နေ ပြန်လိုက်ပါ့မယ်။ ထမင်းစား ကြရအောင် ငုဝါ။ သမီးအစ်ကိုရောက်နေတုန်း"

"ဟုတ်ကဲ့ အန်တီ"

ဆိုင်ခုံပေါ် သူတက်ထိုင်နေပြီမို့ နောက်ဖက်ဆိုင်ခန်းကွယ်မှာ မာမီနှင့်ငုဝါက ထမင်းစားရန် ဝင်သွားလေ၏။ ဘယ်ပိတ်စက ဘာ အမျိုးအစား၊ ဈေးဘယ်လောက်ရှိတာကအစ အကုန်လုံးကို သူ သိနေတာ အမှန်ပါ။ ရွှေဈေးက ပြောင်းသွားတာနှင့် ဖုန်းဆက်ပေးသည်





အထိုင်ဆိုင်လည်း ရှိတာမို့ ဒေါ်လာဈေးကိုပါ အပြောင်းအလဲ ဖြစ်တာနှင့် သိရတာလေ။

"သား"

"ဗျာ"

"ဆံပင်ညှပ်လိုက်ပြီလား"

"ဟုတ်! ... မာမီ။ ဒီကိုလာရင်း ဝင်ညှပ်ဖြစ်တာ။ နည်းနည်း ရှည်လာလို့"

"အခုမှ မျက်နှာက ပိုဝင်းလာသလိုပဲ"

သူ ပြုံးလိုက်မိ၏။ မိုးယံသာတွေ့ရင် 'ဒီမျက်နှာနဲ့ လုပ်စားဦး မယ့်ကောင်' ဟုပြောမှာ အသေအချာပါ။ ဒီကောင် ပျောက်နေတာ အတော်ကြာနေလေပြီ။ ခါတိုင်း တစ်နေ့တစ်ကြိမ်တော့ နီးမှန်မှန် ဆက်နေပြီး အခု သူ့ဆက်လျှင်တောင်မှ ဖုန်းက ပိတ်ထားတာလေ။

လေးလေးပဲ ဆူထားလို့များလား။ သင်တန်းတွေလျှောက် တက်နေရလို့ပဲ မအားတာလည်းဖြစ်နိုင်ပါ၏။ သို့သော် သူ့ကို လုံးဝ ဆက်သွယ်ဘဲ မနေနိုင်တာကို မိုးယံပင် မဟုတ်ပါလား။ သူနဲ့ စိန်းမပြောဖြစ်တာ ကြာသွားသည်နှင့် 'လွမ်းလိုက်တာကွာ' ဆိုပြီး သူ့ကိုယ်တိုင်ရောက်ချလာတတ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လူရိပ်ပင်မတွေ့ရလေအောင် ဘာတွေများ အလုပ်ရှုပ်နေတာပါလိမ့်။ တစ်ဦးတည်းသောသားတွေမို့ တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်အတော်ရှိကြတာလေ။ မိုးယံ မင်း ဘာတွေများ လုပ်နေလို့ပါလဲ။ ဖုန်းဆက်ဖို့တောင် သတိမရတာက သံသယရှိစရာပါလား။

"ကိုတာရာ"

"ဗျာ"

"ဟယ်!... ဆံပင်ညှပ်လိုက်ပြီပေါ့လေ"

"ဟုတ်ကဲ့အစ်မ"

"ချောလိုက်တာနော်၊ ရုပ်ရှင်မင်းသားတောင် အရှုံးပေးရလိမ့်မယ်"

"ဟာဗျာ"

"ဟယ် .... လေများမနေပါနဲ့ မချွေရယ်။ ငါ့သားက မအားဘူး။ ငွေသွင်းစရာရှိတာ ပေးပြီး မြန်မြန်ပြန်မှပေါ့"

"ဟုတ်ကဲ့ပါ မလင်းရယ်၊ ထမင်းစားနေတာလား"

"အေး"

စာရင်းစာအုပ်နှစ်အုပ်ကိုဖွင့်ပြီး နာမည်ရှာရပါ၏။ မချွေမြင့်၏





နာမည်က နံပါတ် (၁၄) မို့ ရှာရလွယ်သွားပါ၏။ ရွှေဝယ်သွားသည့် နေ့သွင်းငွေနှင့် ငွေစုစာအုပ် စုငွေက မှန်မှန်ထည့်ပေးရတာပါ။ ဈေးသည်ဖြစ်ကြပေမယ့် မာမီက ယုံကြည်တာမို့ ဘယ်သူမှမလိမ်ညာ ဘတ်ကြပါချေ။

"ရွှေ နေ့သွင်းငွေက"

"တစ်သောင်းပါ မောင်လေး"

"စုငွေကရော"

"ငါးထောင်ပါ ဒီမှာ"

"လက်မှတ်ထိုးပေးသွားဦးနော်"

"အေးပါ"

နေ့လယ်ထမင်းစားချိန်မို့ ဈေးသည်တွေရဲ့နားချိန် ဖြစ်ပါ၏။ ညနေဈေးထွက်မည့်သူတွေ မလာသေးပေမယ့် နေ့တစ်ပိုင်းသာ ရောင်းသည့်သူတွေက တစ်ယောက်ပြီးတစ်ယောက် ပြုံပြုံရောက်လာသဖြင့် သူ အလုပ်ရှုပ်ရတော့တာပါ။

စာရင်းစာအုပ်တွေနှင့် အလုပ်ရှုပ်နေစဉ် ပိတ်စဝယ်သူတွေ ရောက်လာသဖြင့် ဝုဝါက ရောင်းပေးပါ၏။ မာမီက မှာစရာရှိတာမှာပြီး အိမ်ပြန်နားရန် ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဆိုင်စောစောပိတ်ရမယ့်နေ့မှပဲ ဈေးရောင်းကောင်းရတယ်လို့”

“ဟုတ်ပါရဲ့ အစ်ကိုရယ်။ တကယ်ပါပဲ. . . အစ်ကိုက လာဘ်ခေါ်တဲ့ ရွှေဖားလေးဆိုတာ မှန်လိုက်တာ”

သူ တဟားဟားရယ်လိုက်မိပါ၏။ တကယ်ပင် ပိတ်စဖြတ်သည့်လူတွေ စည်လာသဖြင့် ရွှေကောင်တာကိုသော့ခတ်ကာ ထရပ်လိုက်ရတော့သည်။ ဆိုင်ခုံထက်မှလည်း အောက်သို့ဆင်းလိုက်ရလေ၏။

ဝယ်သူတွေကို ပြောပြပြီးရောင်းနေသည့် ငုဝါက ရှင်းပြနေတာမို့ မောနေလေပြီ။ သူမှ မကူညီလျှင် ဈေးပိတ်ချိန်တောင် ဆိုင်သိမ်းဖြစ်မည် မထင်ပါချေ။

“ဒီက အစ်မက ဘာအစလိုချင်လို့လဲ”

“အသားအေးအေးလေး နှစ်စုံလောက်ပါ”

“One set ချုပ်မှာလား”

“ဟယ် . . . ဒီအရွယ်ကြီးကို”

“ဘာဖြစ်လို့လဲ အစ်မရဲ့။ ဒီလောက်နုဖတ်နေတာကို တစ်စတည်း မချုပ်ချင်ရင် အပေါ်အောက်တွဲပြီး ချုပ်လို့ရတဲ့ပိတ်စ ရွေးပေး





ယ်လေ ယူမလား။ အစ်မက slim body ပဲကို။ ပိတ်သိမ်မကုန်ပါဘူး”

“အင်းလေ . . . ကြည့်ရတာပေါ့”

“အစ်မက အသားဖြူတော့ အဝါဖျော့ဖျော့လေး၊ နှံ့သာရောင်လေး ဒါမှမဟုတ် သခွားမှည့်ရောင်လေးနဲ့လိုက်မယ်။ ငုဝါရေ ဒါကို ဟိုးအပေါ်က အပွင့်ကျဲကျဲလေးတွေ ယူပေးပါ”

“ဒါလားအစ်ကို”

“အေး! . . . ဟုတ်တယ်။ အဲဒါရယ်၊ ဟိုသုံးခုကျော်က တစ်စရယ်။ အဲဒါမဟုတ်ဘူး။ အေး! . . . အဲဒီအောက်က နှံ့သာရောင်လေး။ ဟုတ်တယ်”

ငုဝါက လုံချည်စတွေကိုယူပြီးပေးလိုက်ပါ၏။ သူက ဈေးလာဝယ်သည့်အစ်မကို ပြကာ ကိုယ်မှာကပ်ခိုင်းလိုက်ပါသည်။

အသားဖြူဝင်းသည့်လူမို့ ဘာအရောင်နှင့်မဆို လိုက်ဖက်ပြီးသားပါပဲ။ သူရွေးပေးသည့် ပိတ်သုံးစလုံးကို သဘောကျသွားတာမဟုတ်ပါလား။

“လှလိုက်တာ ဈေးများလားဟင်”

“မများပါဘူး အစ်မလေးရဲ့။ (၁၇) (၁၈) လောက်ပဲ ရှိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်း လုံးဝမကျော်စေရဘူး။ ပိတ်ပြောင်စလေးနဲ့ တွဲပေးလိုက်မယ်နော်”

“အဲဒါဆို နှစ်သောင်းကျော်ရောပေါ့”

“ကျွန်တော် လျှော့ပေးမှာပါဗျာ။ မစိုးရိမ်ပါနဲ့။ အစ်မခန္ဓာကိုယ်က တစ်ကိုက်စနဲ့ ဖြတ်လို့ဖြစ်ပါတယ်။ အသက်ရလာရင် ရိုးရိုးကြီး သိပ်မဝတ်ပါနဲ့။ လူကိုရင့်စေတဲ့ ပုံတုံးကြီးမျိုးကို ရှောင်ဝတ်ပါ။ လက်ဖောင်းလို၊ လက်စကလို၊ ပခုံးလျှောခါးတင် သိပ်မဆန်းတာလေး ချုပ်ဝတ်ပါအစ်မ။ Model တွေနောက်ကောက်ကျသွားစေရမယ်”

“ဟယ်! . . . အပြောက ရွှန်းရွှန်းဝေနေတာပဲ”

“တကယ်ပြောတာပါဗျာ။ ဒါလေးက တစ်ကိုက်ကို ထောင့်ရှစ်ရာ၊ ဒါက (၁၆)၊ ဒါလေးက (၁၅) ပါ။ ပေါင်းပေးရတော့မလား”

“အများကြီးယူတာနော်”

“ဩော် . . . လျှော့ပေးပါမယ်ဆိုမှဗျာ။ စိတ်ချပါ”

သူက calculator ကိုယူလိုက်ပြီး ပိတ်စဖိုးတို့ကို ခပ်သွက်သွက်ချတွက်လိုက်ပါ၏။ ပိတ်စတို့ကိုလည်း colour match အတိုင်းတွဲပြီး စက္ကူအိတ်အသီးသီးဖြင့် ထည့်ပြီးမှ ဆိုင်နာမည်ပါသည့် plastic အိတ်အနောက်ရောင်လေးထဲ စုထည့်ပေးလိုက်ပါသည်။





“ဒီမှာပါအစ်မ (၅၈) အတိပါ။ လုံချည်အထက်ဆင်က Present ပါခင်ဗျာ”

“ကုန်ပါပြီဟယ်”

“ရတုန်း ယူထားပါဗျာ။ ကျွန်တော့်ဆိုင်က သိပ်အရောင်းသွက်လွန်းတော့ နောက်မှလာထပ်ရှာရင် ဒီ design မျိုး မရှိတော့ဘူး။ မောရုံပဲရှိမှာ”

“သောကြာသားများလားဟင်”

“အဟင်း . . . မဟုတ်ပါဘူး”

“အပြောကောင်းလွန်းလို့ မေးကြည့်တာပါ”

“ကျေးဇူးအများကြီးတင်ပါတယ်ဗျာ။ နောက်ကိုလည်း လမ်းကြုံရင် ဝင်လာပြီး ဝယ်ယူအားပေးပါလို့ ဖိတ်ခေါ်ပါတယ်။ ဒီကညီမလေးက ဘာမှမဝယ်ပါလား”

“ငယ်က အသားညိုတော့ အရောင်သိပ်ရွေးရတယ် မောင်လေးရဲ့”

“ညိုမှလှတာပါဗျာ။ အသားမည်း ပတ္တမြားခဲတဲ့၊ ဖြူတဲ့လူက ခဏပဲလှတာမျိုးပါ။ အသားညိုစိမ့်စိမ့်လေးကမှ တစိမ့်စိမ့်ကြည့်လေ သာလေ အလှမျိုးဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း! . . . စောစောကတော့ မမဝေကို လှတယ် မြှောက်ပြောပြီး။ ဗလောင်းဗလဲနဲ့ တကယ်ပါပဲ"

"ဟောဗျာ . . . ညာပြောတာမျိုး မဟုတ်ရပါဘူး။ တစ်ယောက်တစ်မျိုးစီလှတာကို ချီးမွမ်းမိတာအပြစ်လား။ တစ်စုံလေးပဲ ဖြစ်ဖြစ် ဝယ်သွားပေးပါ။ Please! ကျွန်တော့်ဆိုင်က ဝိတ်စလေးဝယ်ပြီး လှလှလေးချုပ်ဝတ်တာကို မြင်တာနဲ့ တန်းခနဲ မှတ်မိသွားမှာ အမှန်ပဲ"

"ဒီလိုပဲ အကုန်လုံးရောင်းနေတာပဲလား"

"ဟင်း ဟင်း . . . လူကလွဲရင် အကုန်ဝယ်လို့ရပါတယ်။ လူကိုတော့ ချမ်းသာပေးပါဗျာ။ မာမီ နှလုံးရပ်သွားမှာစိုးလို့"

ဝယ်သူတွေ ပွဲကျကုန်လေ၏။ ပြောသားပဲ။ လင်းလက်ကြယ် ရှိနေရင် ဆိုင်မှာ လူပြုံကျတယ်လို့။ အပြောကောင်းသည့် ဈေးသည်လေးရဲ့လေကြောမှာ မျောပြီး ညီမျှောညီမလေးက နှစ်စုံရွေးဝယ်သွားလေ၏။ ငုဝါက ငွေကိုင်သာလုပ်ရပြီး သူ ဦးဆောင်ဈေးရောင်းတာကို ရယ်မောရင်း ပျော်နေတာပါ။

"ထိုင်မနေနဲ့လေ၊ ပစ္စည်းတွေသိမ်းတော့၊ ဈေးပိတ်ချိန်ရောက်နေပြီ"





"အစ်ကိုက ဆက်ရောင်းနေတာကိုး"

"အေးဟာ . . . ငါ့မျက်နှာကလည်း လာပါ ဝယ်ပါ ဆိုင်းဘုတ်လို ဖြစ်နေပြီ။ စာရင်းတွေလည်း နိုင်အောင်လုပ်ပေးနေရတယ်"

"လကုန်ရင် အစ်ကို ဒီထက်ပိုပြီးတောင်မောဦးမှာ"

"ဟုတ်ပါရဲ့"

စုငွေတွေကို အကုန်တစ်ခုစီပေါင်းပြီး သူ့ငွေနှင့်သူ စာအိတ်ပိတ်ပြီးခွဲပေးရမှာက အလုပ်တစ်ခုပါပဲ။ မာမ့်လောက် ဦးနှောက်အခြောက်ခံပြီး စေတနာ့အပြည့်ဖြင့် လုပ်ပေးနေတာ မဟုတ်ပါလား။ ညနေ (၅) နာရီကျော်နေပြီမို့ ငုဝါက ဝိတ်စတွေကိုခေါက်ကာ သေတ္တာကြီးထဲသို့ စုသိမ်းပေးနေလေသည်။

သူက ရွှေကောင်တာတွင်းမှ ရွှေထည်တို့ကို သူ့ဘူးနှင့်သူ ထည့်ကာ plastic box ထဲ ထည့်သိမ်းလိုက်ပါ၏။ တခြားပစ္စည်းတွေက ဆိုင်မှာပိတ်ပြီး သော့ခတ်သိမ်းပေမယ့် ရွှေထည်တွေက အိမ်မှာပဲ သိမ်းဆည်းရတာ နေ့စဉ်နေ့တိုင်းပါပဲ။

"မောလိုက်တာ"

"မောရင် အပြင်တန်းမှာ ရွှေရင်အေး ဝယ်တိုက်မယ်လေ"

"ဖြစ်ပါ့မလား။ အစ်ကို့မှာ ပစ္စည်းတွေ ပါတဲ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောပိုးအိတ်ထဲထည့်သယ်တာပဲ ငှဝါရာ။ လုရဲရင်လု ကြည့်ပေါ့။ One blow နဲ့ နောက်ကောက်မကျမှပြော"

"ဟင်းဟင်း ... အဲဒါကြောင့် အစ်ကိုကို အနဲ့တီလင်း ငှ ထားမတတ်ချစ်တာဖြစ်မှာ"

သူ ရယ်မိပြန်၏။ စျေးတန်းထဲမှ ဖြည်းဖြည်းလျှောက်လာရင်း အပြင်ဆိုင်တန်းမှာ တအောင့်နားကာ ငှဝါကို ရှေ့ရင်အေး ဝယ်တိုက် လိုက်ပါသည်။

မှာမီ သိပ်နေမကောင်းတာမို့ ခပ်စောစောပြန်ရန် ငှဝါကို နှုတ်ဆက်ရင်း စီးနေကျ taxi ပေါ်တက်စီးဖြစ်လေ၏။

သူက ဘယ်သူနဲ့ဘယ်လိုဖော်ရွေပြီး ပြောပေမယ့် မိုးယံကို တော့ မမီပါချေ။ လူကိုခင်တွယ်တတ်ဘ၊ အငယ်ဆိုပြီး သူ့အပေါ် အနိုင်လိုစိတ်ပိစိလေးဖြစ်လေ့ရှိတာတို့က သူ သဘောကျမိသည့် အချက်ပါပဲ။

အချိန်အကြာကြီးခွဲပြီး မနေတတ်သည့် ကောင်က အ ဘယ်လိုဖြစ်ပြီး ငြိမ်နေတာပါလိမ့်။

ဝမ်းနည်းအားငယ်လွယ်တာ၊ သွေးအားနည်းပြီးမူးတတ်တာ မိန်းကလေးနှယ် စိတ်ပျော့တတ်သည့် ဤသူငယ်ချင်းလေးအပေါ်မှာ





သူငယ်ချင်းဆိုတာထက် အစ်ကိုတစ်ယောက်နှယ် ရှေ့ကနေ မားမား ရပ် ကာကွယ်ပေးတတ်တာက အကျင့်ဖြစ်နေလေပြီ။

မင်း ဘယ်မှာ ဘာတွေလုပ်နေသလဲ မိုးယံ။ နေကောင်းရဲ့ လား။ မူးတတ်သေးလား။ နေအရမ်းပူတဲ့နေ့မျိုးမှာ နှာခေါင်းသွေးလျှံ တတ်တာမို့ နေပူကြီးထဲသွားတိုင်း သတိထားပေးနေရတဲ့ မင်းကိုငါ စိတ်ပူနေမိတာကို သိပါရဲ့လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သင်တန်းသားတွေ အကုန်စုကာ အောင်လက်မှတ်ထုတ်ပေး နေပြီမို့ လူစုံရှိနေပါ၏။ အဝင်ဝအပေါက်မှာ မတ်မတ်လေးရပ်နေသည့် ကြွေ့ကို သူ ငဲ့ကြည့်လိုက်မိလေသည်။ အချိန်ကလည်း ကုန်တာ မြန်လိုက်ပါဘိ။ (၆) လဆိုသည့်အတိုင်းအတာက ဟိုလှည့် ဒီလှည့်နှင့် ကုန်သွားတာ မဟုတ်လား။

"မောင်မိုးယံထက်"

"နာမည်ခေါ်နေပြီလေ"

"ဟင်"





ကြွေက ခပ်တိုးတိုးလှမ်း၍ သတိပေးလိုက်သဖြင့် ခုံမှ သူ အမြန်ထရပ်လိုက်ပါ၏။ ထုံးစံအတိုင်း ပုဆိုးက ပုံမကျ ပန်းမကျဖြင့် ပွနေသဖြင့် အမြန်ပြင်ဝတ်လိုက်ရလေသည်။ ဘေးနားမှကောင်မလေး တစ်စု၏ ကျိတ်ရယ်သံက ခပ်တိုးတိုးထွက်လာပါ၏။ မိုးယံထက်တို့က လုပ်လိုက်ရင် အမြဲကမောက်ကမ ဖြစ်တတ်တုန်းပါပဲ။

"အလုပ်အဆင်ပြေ ချောမွေ့ပါစေ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

မဝင့်ဝါနှင့်က အတော်ရင်းနှီးသော်ငြား အဓိက သင်တန်းမှူး ဖြစ်သည့် မမြဖူးငုံက ခပ်တည်တည်သာနေတတ်သဖြင့် သူ့ အလိုလို ရှိန်နေရတာပါ။ သူ့ကိုစိုက်ကြည့်နေသည့်အကြည့်တို့က 'မင်းကိုသိတယ်' ဟူသည့် ခပ်ရွရွအကြည့်မျိုး မဟုတ်ပါလား။ ကျောချမ်းစရာ အကြည့်တွေပါပဲ။

"ပြီးရင် မပြန်နဲ့ဦးနော်"

သူ ခေါင်းကိုသာ ဆတ်ခနဲညိတ်ပြလိုက်ရပါ၏။ ဒီတစ်ပတ် သုံးရက်အတိုင်း အတာမှာ ကြွေနှင့်သူ ရင်းနှီးသင့်သလောက် ရင်းနှီး ခွင့်ရခဲ့တာလေ။ ဒီအကြည့်လဲ့လဲ့လေးတွေ၊ အပြုံးနုနုလေးတွေက သူ့နှလုံးသားအစုံကို သိမ်းပိုက်ယူငင်သွားခဲ့တာ မဟုတ်ပါလွား။ ရင်



www.burmeseclassic.com

www.burmeseclassic.com



မောခြင်းတွေမရှိအောင် ဆုတောင်းနေရပါသည့်သူ့အတွက် ကံကောင်းခြင်း လက်ဆောင်မျိုးကို ကြွေ ပြန်ပေးနိုင်ပါ့မည်လား။

လက်ခုပ်သံတွေ ထွက်လာပြီမို့ သင်တန်းသိမ်းပြီမှန်း သိလိုက်ပါ၏။ သင်တန်းသား သင်တန်းသူတွေ အလျှိုလျှိုထွက်သွားသော်ငြား သူက ခုံမှာပင် ဆက်တိုက်နေဖြစ်လေသည်။ သင်တန်းမှူးနှစ်ယောက်က stage ပေါ်မှဆင်းလာပြီး သူ့ကို မျက်မှောင်ကြုတ်လျက် ကြည့်လိုက်လေ၏။

"ဟိုတစ်ယောက် မပြန်သေးဘူးလား"

"ပြန်မှာပါ မမ"

"ကြွေ ခေါ်ထားတာပါ မဝါ"

"ဘယ်လို"

"ပေးစရာရှိလို့ပါ၊ ဘာမှ အထွေအထူး မဟုတ်ပါဘူး"

သင်တန်းခန်းမတွင်းမှ အတူထွက်လာပြီး ကြွေတို့ထိုင်သည့် စာရေးရုံးခန်းလေးထဲ ရောက်သွားရပါ၏။ မမြဖူးငုံက စိတ်မချသည့်နယ် လှည့်ကြည့်လိုက်သဖြင့် သူ ကျိတ်ပြုံးလိုက်မိလေသည်။ ငယ်ငယ်တုန်းကအဖြစ်ကို သတိရမိသွားပါ၏။

မီးဆိုတာ ပူတတ်သည်ဟု သတိပေးထားပေမယ့် အန်တီ





သား ထွန်းထားပါသည့် ခြံထဲမှ သီတင်းကျွတ်ဆီမီးဖယောင်းတိုင်ကို သူကိုင်ခဲ့မိတာပါ။ ကလေးဘဝက မလုပ်နဲ့ဆိုသည့်အရာကို လုပ်လိုက်ရမှ စိတ်ကျေနပ်ခဲ့ရတာ အမှန်ပါပဲ။ ဒါဖြင့် အခုကရော။

ကြွေဆိုသည့် မီးခဲလေးကို မချစ်မိရန် အကြည့်ဖြင့် သတိပေးနေရတာကို သိသိကြီးဖြစ်ပါလျက် သူက စွဲစွဲမက်မက် ချစ်မိသွားတာလေ။ ရင်တွေ တလှိုက်လှိုက်ခုန်ပြီး အသက်ရှူမဝသလိုဖြစ်ရတာ ဘာကြောင့်ပါလဲ။ မိုးလင်းကတည်းက သင်တန်းပေါင်းစုံကို လျှောက်တက်ခဲ့ပြီး ကြွေရှိနေပါသည့် နောက်ဆုံးသင်တန်းချိန်မှာ အမောတွေပြေခဲ့ရတာ အဘယ်မျှ ကြာခဲ့ပြီလဲ။

"ကိုမိုးယံ"

"ဗျာ"

"ဘယ်လိုမှ သဘောမထားဘဲ လက်ခံပေးပါ။ အံ့ထင်မလွဲရင် အရင်ဆုံးတောင်းပန်ပါရစေ"

"ဘာတွေလဲ ကြွေ"

"လက်ဆောင်လေ"

"မဟုတ်သေးပါဘူး။ ဘာမှန်း ညာမှန်းမသိဘဲနဲ့တော့ လက်ဆောင် မယူချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်ဆောင်က ကိုမိုးယံအတွက် အဆင်ပြေ သင့်တော် မယ့်ပစ္စည်းမို့ လက်ခံစေချင်ပါတယ်။ အသစ်မဟုတ်ပေမယ့် second hand မို့ အတော်အသင့်သုံးလို့ရပါတယ်"

သူ့ရင်ထဲ အောင့်သက်သွားရပါ၏။ စေတနာတဲ့လား။ မ ဆင်းရဲသားအဖြစ် ဟန်ဆောင်မိခြင်းက အပြစ်ဖြစ်လေပြီ။ ပြောမည် အခါခါ အားတင်းမိပေမယ့် အခြေအနေက မသင့်လျော်ဘဲ ကြေ တိုက်သည့်ကော်ဖီ၊ ကြွေစားစေသည့် ထမင်း။ ကြွေကျွေးပါသည့် မုန့်တို့ကိုသာ အကြိမ်ကြိမ် သူစားဖြစ်ခဲ့တာပါ။ ဒီအပြုံးလှလှလေး အရိပ်အောက်မှာ ပျော်ကျခဲ့မိတာက မိုးယံထက်ပင် မဟုတ်ပါလား

"မယူပါရစေနဲ့ ကြွေ"

"ရှင်"

"ကျွန်တော် လက်မခံပါရစေနဲ့"

"ဘာ ... ဘာဖြစ်လို့လဲဟင်"

သူ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။ ချော်လဲရောသ လုပ်ခဲ့မိတဲ့ အပြစ်က ကျေအေးလွယ်ဖို့ တစ်ကြိမ်တစ်ခါသာ ဖြစ်ရ အခုကာလက (၆) လဆိုသည့် အချိန်အတိုင်းအတာအထိ ကြာ လေပြီ။ ဒီလောက်ကြာတာတောင်မှ သူ့ရဲ့လျှို့ဝှက်ချက်ကို





သိအောင် မပြောနိုင်ရင် သူ့လောက်မိုက်မဲသည့်ကောင် ရှိတော့မည် မထင်ပါလေ။

"မယူသင့်ဘူးလို့ ယူဆမိလို့ပါ"

သူမမျက်ရည်တို့ ဝဲလာရပါ၏။ စေတနာက သူ့အတွက် ဒါနကို ရိုက်ချိုးမိသည့် ဝေဒနာအဖြစ် ရောက်သွားလေပြီလား။ မရည် ရွယ်ရရိုးအမှန်ပါ။ သူ့အပေါ်၊ သူ့အတွက် လိုအပ်နေသမျှ ကွက်လပ် ဘိုင်းကို စေတနာသန့်သန့်နှင့် ဖြည့်ဆည်းပေးချင်စိတ်က ရင်ထဲမှာ အပြည့်ရှိနေတာကို သူသိပါရဲ့လား။

"ကြွေက ကြွေက စေတနာနဲ့"

"ကြွေ့စေတနာကို ကျွန်တော် သိပါတယ်။ နားလည်း နား လည်ပါတယ် ကြွေ။ ဒါပေမဲ့ အတိုင်းအတာတစ်ခုအထိပဲ ဖြစ်သင့်လို့ ပါ"

"ဘာကိုဆိုလိုတာလဲ"

"ကြွေက မိန်းကလေးလေ"

"ရှင်"

သူမ မျက်နှာရဲသွားရပါ၏။ ဘယ်လိုများ ပြောလိုက်ပါသလဲ။ ကြွေဆိုတာ ရင်တွင်းက ခံစားချက်ကို ဘယ်သူမှ မမြင်ရအောင် မျို



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး ထိန်းနိုင်တာပါ။ ဒီလူငယ်လေးနဲ့ စတွေ့စဉ်ကတည်းက ရင်ထဲမှာ ပူတစ်လှည့်၊ အေးတစ်လှည့်ဖြင့် အမျိုးမျိုးပြောင်းလဲခဲ့ရသည့် ခံစားချက်မျိုး ဖြစ်ခဲ့ရတာလေ။ လအတော်ကြာ အပြုံးတွေလှယ်ပြီး ရင်းနှီးခဲ့ပြီးမှ ဒီလိုမျိုး စိမ်းကားသည့်လေသံမျိုးက ထွက်လာရတာ ပါလိမ့်။

"ကြွေက ဘာဖြစ်လို့လဲ ကိုမိုးယံ"

ရှက်ရွံ့အားငယ်သွားပါသည့် မျက်ဝန်းတို့ကြောင့် ကရုဏာသက်မိတာအမှန်ပါ။ ရင်ထဲဖြစ်တည်လာပါသည့် ချစ်စိတ်တို့ကို ဖွင့်ဟဖို့ အချိန်မတန်သေးပါ။ ယခုထိတိုင် ဖေဖေ့အရိပ်အောက်က ရုန်းမထွက်နိုင်သေးသည့် သူ့အတွက် ချစ်သူရှာခွင့်က မရှိသေးပါလေ။ ကိုယ်တိုင်မတ်မတ်ရပ်နိုင်မှသာ ကိုယ်ချစ်ရသည့် မိန်းကလေး၏လက်ကို ရဲရဲဆွဲခေါ်ဝံ့မှာ မဟုတ်ပါလား။

"မိန်းကလေးဖြစ်ပြီး ကျွန်တော့်အပေါ်မှာ ဒီလောက်အထိ လိုက်လျောပြီး ဖြည့်စွက်ပေးတဲ့စေတနာကို ပြောချင်တာပါ ကြွေ"

သူ့မနှုတ်ခမ်းတို့ အသာလေး ဟသွားရပါ၏။ သိတယ်ဆိုပြီး ဘာလို့ နားမလည်ပေးနိုင်တာပါလိမ့်။ မလိုဘူးလား။ မလိုချင်လို့ ငြင်းတာများလား။ စေတနာကို အသိမှတ်ပြုမခံရတာလောက် ရင်





အောင့်စရာအဖြစ်မျိုး မရှိတာလေ။ ဖွင့်ပြောဖို့ဆိုတာက ကြွေ့လို မိန်းကလေးအတွက် ခွင့်ပြုချက်မျိုးမှ မရှိတာ သူသိပါလေစ။

"ကြီးကြီးမားမားမှ မဟုတ်တာ၊ မပြောပလောက်ပါဘူး"

"မှန်ပါတယ် ကြွေ၊ အကူအညီက သေးသေးမွှားမွှားလေး ဖြစ်ပေမယ့် စေတနာက ထုထည်တယ်လောက်ရှိမလဲဆိုတာ ကျွန်တော် မှန်းဆကြည့်နိုင်ပါတယ်"

"ဒါနဲ့တောင်မှပဲ"

"အထင်မမှားပါနဲ့ ကြွေ"

"ဘယ်လို"

"ကြွေ့စေတနာကို အသိအမှတ်မပြုချင်လို့မှ မဟုတ်တာ"

စကားတတ်လွန်းတာလား။ ဒါမှမဟုတ် စကားအပြောမကျွမ်းကျင်တာပဲလား။ သူပြောနေသမျှကို လုံးစေ့ပတ်စေ့ ကြွေ နားမလည်နိုင်ပါ။ ရင်ထဲက နားလည်နေပြီး နှုတ်ကပြောသမျှ လုပ်နေပုံက တလွဲချည်းဖြစ်နေတာကို။ သူ့မျက်နှာထက်မှာ တစ်ခုခုကို ဖွင့်ပြောချင်သည့် အရိပ်တို့ ပြည့်နေသော်ငြား ဖွင့်ပြရန် မရည်ရွယ်ပုံက အသိသာကြီးပါပဲ။

"ကြွေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အစစအရာရာအတွက် ကျေးဇူးပါ"

အလို! . . . နောက် ဘယ်တော့မှ မတွေ့တော့မည့်နှယ် နှုတ်ဆက်နေပုံပါလား။ ဒီမြို့မှာနေ၊ ဒီမြို့တွင်းမှာ အလုပ်လုပ်နေနေသမျှ တစ်နေ့မဟုတ်တစ်နေ့ ပြန်ဆုံနိုင်သေးတာပဲ။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုပြီး သီချင်းတောင်မှ ရှိသေးတာလေ။ ရှေ့ကို သူတစ်လှမ်းတိုး၍ ရပ်လိုက်သဖြင့် ရင်ထိတ်သွားရပါသည်။

"ကျွန်တော်"

လက်ဆောင်ဘူးထက်တင်ထားပါသည့် သူမ လက်နုနုလေးကို အသာဖွဖွကိုင်လိုက်မိပါ၏။ သူမ မရုန်းပါချေ။ အေးစက်စက်လက်လေးထက် သူ့လက်ဝါးပြင်က နွေးထွေးသွားစေလေသည်။ စကားဆိုတာ ရင်ထဲရှိတဲ့အတိုင်းသာ ဖွင့်ချပြလို့ရရင် အဘယ်မျှကောင်းလိုက်ပါမည်နည်း။

"ကြွေ့ကို ပြောချင်တာတွေ ရင်ထဲမှာ အများကြီးပဲ"

ဒါဖြင့်လည်း ပြောလိုက်ပါလား။ နောက်ဆက်တွဲပြဿနာကို ကြွေနဲ့ နှစ်ယောက်အတူ ဖြေရှင်းနိုင်မှာပါ။ ဆိုခဲ့စေမြဲစေ ယောက်ျားမျိုးကို သဘောကျတတ်တာ မှန်ပေမယ့် ဒီလိုကြီး မျိုသိပ်လွန်းတာ





တော့ လွန်လွန်းမည်ထင်ပါ၏။ ခက်တာက သူကသူ၊ ကြွေမှ မဟုတ်တာကို။

"ဒါပေမဲ့"

ဆက်ရန်ရှိသေးသည်ပေါ့လေ။ မျှော်လင့်ခြင်းဆိုတာ ကာယကံရှင်အတွက် ရွှေရင်စို့ရသည့် တောင်တက်လမ်းမကြီးပါပဲ။ ဒါကို သူက မသိချင်ယောင်ဆောင်နေတာများလား။ ကြွေကိုကြည့်တတ်သည့် အကြည့်တွေထဲမှ သံယောဇဉ်အရိပ်အယောင်တွေရဲ့ အဓိပ္ပာယ်ကို သိသာနေတာအမှန်ပါ။

"ဒါပေမဲ့ . . . လောလောဆယ်မှာ မပြောနိုင်သေးလို့ ကြွေနားလည်ပါ့မလား"

"ဟင်"

"ကျွန်တော်မပြောဖြစ်တာပဲ ရှိတာပါ ကြွေ။ တမင်ရည်ရွယ်ချက်နဲ့ လိမ်ညာဖုံးကွယ်တာမျိုး မဟုတ်ရပါဘူး"

"ရှင်"

"တစ်နေ့နေ့ပေါ့၊ အဲဒီတစ်နေ့နေ့မှာ အမှန်တရားကို လက်ထဲဆုပ်ကိုင်ပြီး ကြွေ့ရှေ့ကို ကျွန်တော် ရဲရဲဝံ့ဝံ့နဲ့ ရောက်လာမှာပါ"

"ဘာတွေပြောနေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှေ့ဆက်ပြီးပြောရန် ရှိနေတာ ဖြစ်ပေမယ့် ကြွေရဲ့ မေးခွန်းကြောင့် ဘာမှ ဆက်မပြောတော့ပါ။ ဖုံးအုပ်ထားမိသည့်လက်ကို ဆတ်ခနဲ ရှုန်းဖယ်လိုက်သဖြင့် ရုတ်တရက် သတိဝင်သွားသည်နှယ်ပါ။ အတော့်ကို ရှုကြောင်ကြောင်ဖြစ်ရပါသည့် မြင်ကွင်းတစ်ခုပဲလား။

"ကြွေ . . . ဘာတစ်ခုမှ နားမလည်ဘူး"

"ဟုတ်ပါတယ်"

"သူက သူက ဘာကိုလိမ်ညာဖုံးကွယ်ထားတာများ ရှိလို့လဲ"

"ကျွန်တော် ပြောပြီးပြီလေ၊ တစ်နေ့နေ့လို့"

"ဘာရယ်"

"တစ်နေ့နေ့မှာ ပြန်ဆုံပါ့မယ် ကြွေ"

သူက ခြေလှမ်းကို နောက်သို့ဆုတ်ကာ ရုံးခန်းအတွင်းမှ ခပ်ဖြည်းဖြည်းထွက်သွားလေတော့၏။ ချန်ရစ်ခြင်းလေလား။ သူနဲ့ကြွေ ဘာဆိုဘာမှ မယ်မယ်ရရ အခြေအနေမျိုးမရှိခဲ့ပါဘဲ သူစိမ်းဆန်ဆန် မျိုးနဲ့ လမ်းခွဲဖြစ်ရတယ်လို့။ လူက ကတုန်ကရီဖြင့် တနင့်တပိုးခံစားမှုတို့ကြောင့် ခုံမှာ ပြန်ထိုင်ချလိုက်ရလေသည်။

ကိုမိုးယံ။





မိုးဖွဲလေးတွေကြားမှာ လေအဝှေ့ရောက်လာတဲ့ မိုးမှုန်လေးတွေလို ဖျတ်ခနဲ ပြန်ပျောက်ကွယ်သွားတာ ဘာကြောင့်ပါလဲ။

သေချာတာတစ်ခုကတော့ ဤပဟေဠိဆန်သည့် လူတစ်ယောက်က ကြွေ့ရင်ကို လှုပ်ခတ်လှိုင်းထန်စေခဲ့တာ အမှန်ပါလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

တစ်နေကုန်အိပ်ရာထဲ လှိမ့်နေမိပါ၏။ နားရက်မို့ ကြွေ့ကို ဘယ်သူမှ မနှောင့်ယှက်ကြပါချေ။ ကိုကြီးလည်း နားရက်မို့ မမနဲ့အတူ ချိန်းပြီး အပြင်သွားနေပါသည်။ ကြီးမေက သင်းသင်းကို မှာထားသဖြင့် ကြွေအိပ်နေတာကို လာမနှိုးပါချေ။ ပျင်းနေလို့ မဖြစ်သေးပါလေ။ ဝိတ်ရက်ညနေတိုင်း ရန်လုံနဲ့အပြင်မှာလမ်းလျှောက်ပြီး လေသန့်ရှူ လေ့ကျင့်ခန်း လုပ်ရဦးမှာ မဟုတ်လား။

ကိုယ်ရောစိတ်ပါ လန်းဆန်းသွားစေရန် ရေချိုးလိုက်ပါ၏။ လမ်းလျှောက်ရန် သင့်တော်မည့် ခပ်ပွပွဘောင်းဘီရှည်နှင့် အင်္ကျီကို





ရွေးဝတ်လိုက်ပါသည်။ ဆံပင်ကို မြင့်မြင့်လေးစည်းလျက် မျက်နှာကို puff သာရိုက်လိုက်ပြီး ဘာမှအထူးတလည်မပြင်တော့ပါ။ အောက်ထပ်သို့ ဆင်းလာစဉ် ရန်လုံက အပြင်ထွက်လျှင် အမြဲတပ်ရသည့် လည်ပတ်ကြိုးရှည်ကိုကိုက်ပြီး ယူပေးလေ၏။

"သားက အပြင်ထွက်ချင်နေပြီပေါ့လေ"

"လမ်းလျှောက်လား သမီး"

"ဟုတ်ကဲ့ ကြီးမေ"

"သိပ်ဝေးဝေးမသွားနဲ့ဦးနော်"

"မသွားပါဘူး ကြီးမေရယ်။ ဟိုနား ဒီနား တစ်ပိုက်ပါပဲ"

"အရေးအကြောင်း ခေါ်လို့ရအောင် ဖုန်းယူသွားရဲ့လား"

"အသေးလေးပဲ သယ်ရလွယ်အောင် ယူသွားတယ် ကြီးမေ"

"အေးအေး . . . ပြီးရော"

ရန်လုံရဲ့လည်ပတ်ကိုကိုင်ပြီး ကြိုးတပ်လိုက်ပါ၏။ လိမ္မာပေမယ့် လမ်းမှာ ခွေးကြောက်တတ်သည့် လူတွေရှိတာမို့ အန္တရာယ်ကို ကြိုတင်ကာကွယ်ပေးသလို လုပ်ပေးတာပါ။ ကာကွယ်ဆေးမျိုးစုံနှင့် တစ်လတစ်ကြိမ် ပုံမှန်ဆေးခန်းပြပေမယ့် လိုအပ်သလို အမြဲတမ်းစစ်ဆေးဖြစ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"လာ သား . . . သွားကြစို့"

စိတ်ဓာတ်ကျသည့်အချိန်မျိုးမှာ လေ့ကျင့်ခန်းကို ပြင်းပြင်းထန်ထန် လုပ်တတ်တာ၊ ဒေါသဖြစ်သည့်အခါမျိုးမှာ သီချင်းကို အကျယ်ကြီးဖွင့်ရင်း လိုက်အော်ဆိုတတ်တာမျိုးက ကြွေရဲ့အကျင့်ပါပဲ။ အခုလည်း သူ့ကြောင့် မွန်းကြပ်နေရပါသည့်စိတ်ကို အပန်းဖြေစေရန် တမင်လမ်းလျှောက်ထွက်လာခြင်းပင် ဖြစ်ပါ၏။

အပြင်ထွက်တိုင်း ပျော်ရွှင်တတ်သည့်ရန်လုံက ခြေလှမ်းသွက်နေသဖြင့် သာမန်ခြေလှမ်းနှင့် လျှောက်လို့မရပါ။

ခပ်ဖြည်းဖြည်း မှန်မှန်လေးပြေးရင်း လမ်းထိပ်သို့ ရောက်လာလေသည်။ Platform ပေါ်မှာ ပြေးရင်းဖြင့် ရပ်ကွက်ရှိ ကလေးပန်းခြံနား ရောက်လာလေသည်။ ဒီနားတစ်ဝိုက်က ကြွေ့အတွက် လေ့ကျင့်ခန်း လမ်းမဂိတ်ဆုံးပင် မဟုတ်ပါလား။

"ဝုတ်! . . . ဝုတ်!"

"ဟယ်!"

ရန်လုံက ဆောင့်ရုန်းပြီး လမ်းမကို ဖြတ်ပြေးသွားသဖြင့် လက်မှ ကိုင်ထားသည့် ကြိုးက လွတ်သွားရလေ၏။ တစ်ဖက်လမ်းမှ ကြောင်လား၊ ခွေးပိစိလေးလားမသိ အကောင်ဖြူဖြူလေးကို မြင်ပြီး





ဆိုက်သွားတာပါ။ ကားလမ်းမကြီးမို့ ကားတွေရှိသဖြင့် စိုးရိမ်ထိတ်လန့်စွာဖြင့် ခေါင်းထဲပင် မိုက်ခနဲဖြစ်သွားရလေသည်။

"ရန်လုံ! သား . . . ပြန်လာခဲ့ ရန်လုံ!"

"ဝုတ်! . . . ဝုတ်!"

"ညှောင်! . . . ခရွး!"

ကြောင်လေးက သစ်ပင်ကြီးပေါ် ပြေးတက်ရင်း အောက်ကို ကြည့်ကာ ရန်လုံကို ပြန်၍ရန်စောင်နေလေ၏။ ညနေခင်း အေးအေးချမ်းချမ်းအချိန်မှာ ရန်လုံကြောင့် ဝန်းကျင်က ဆူညံသွားတော့ ဘာလေ။ လူတွေပါ အထိတ်တလန့်ဖြစ်ကုန်သဖြင့် သူမက ကားလမ်းကို သတိထားပြီး ကူးခဲ့ရပါသည်။

ပြဿနာပါပဲ။ ဒီပုံနဲ့ ရန်ပွဲကမပြီးရင် အိမ်ကိုပြန်လို့ ရပါတော့လား။ ကိုယ်က ခွေးပိုင်ရှင်မို့ ကိုယ့်ခွေးနှင့်ပတ်သက်ပြီး ပြဿနာဖြစ်မှာကို မလိုလားတာအမှန်ပါ။ ဒီကလေးနဲ့တော့ နောက်ကို လမ်းဆက်လျှောက်လို့ ရပါတော့မလား။

"ရန်လုံ ရန်လုံ . . . သား"

"လှလိုက်တဲ့ကောင်ကြီးကွာ။ မင်းက ဘယ်ကနေ ဘယ်လိုဆက်စီလည်လမ်းမှားပြီး ရောက်လာတာလဲကွ . . . ရှိ!"



www.burmeseclassic.com

ဒီဘက် Platform ထက်ရောက်စဉ် ရန်လုံက အမြီးနန့်ရင်း တအီအီဖြင့် ပတက်ရပ်နေလေ၏။ ရန်လုံလက်ကို ကိုင်မထားပြီး မြှူနေသည်က လူငယ်တစ်ဦးပါလေ။ ကျောပိုးအိတ်လွယ်ထားရင်း သေသေသပ်သပ် ဝတ်ထားပါသည့်လူရွယ်က ရန်လုံနှင့် တရင်းတနှီး ဖြစ်နေတာ အံ့သြစရာပါပဲလား။

"ရန်လုံ . . . သား"

ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည့် မျက်ဝန်းညိုညိုတို့ကြောင့် လူက တွန့်ခနဲဖြစ်သွားရပါ၏။ နေပါဦး ဒီမျက်လုံးတွေကို မြင်ဖူးသလို ပါပဲလား။ ဘယ်မှာမြင်ဖူးမှန်း မမှတ်မိပါပဲ ကြောင်တောင်တောင်ဖြင့် သူ့ကိုပြန်ကြည့်လိုက်မိလေ၏။ ရန်လုံကို လှမ်းဆွဲလိုက်ပေမယ့် ဘသား ချောက ဟိုလူ့ရှေ့မှာ ခုန်ပေါက်မြူးတူးနေတာ မနာလိုချင်စရာပါ။

"ဩော်! . . . ဘယ်သူများလဲလို့။ အမိကို။ ဘာလဲ အလုပ် မရှိလို့ ခွေးကျောင်းထွက်လာတာလား"

"ဘာရှင့်!"

လူကို မြဲမြဲမြင်း ကြည့်ကာ နှုတ်ဆက်လိုက်သဖြင့် ရင်းနှီး နေသည့်နှယ်ပါ။ ဘာလဲ၊ ဘယ်တုန်းကများသိခဲ့လို့လဲ။ ကြွေ့ဘသား သူစိမ်းယောက်ျားလေးတွေနဲ့ ရင်းနှီးခဲ့တာ ကိုမိုးယံထက်နဲ့ သင်တန်း





သားတွေသာ ရှိခဲ့တာလေ။ သင်တန်းမှာ ရင်းနှီးတာမဟုတ်ရင် ဘယ် နေရာမှာများ တွေ့ဖူးခဲ့တာပါလိမ့်။ အပြေးအလွှားစဉ်းစားလိုက်သော် ငြား ဦးနှောက်က ဟင်းလင်းပြင်ကြီးနှယ်ပါ။ ခက်တော့တာပါပဲ။

"ဘာလဲ . . . စဉ်းစားလို့မရဘူးလား"

"ဘာ"

"မမှတ်မိဘူးလား အမိရဲ့။ ဒီလောက်အသက်ငယ်ငယ်လေးနဲ့ မေ့တတ်ရတယ်လို့"

"ရှင် လူကို အမိ အမိနဲ့ မခေါ်ပါနဲ့ မကြိုက်ဘူး"

"ရော် . . . မင်းပဲ အသည်းလို့ခေါ်တာ မကြိုက်ဘူးဆို"

"ဘာရယ်"

ဘုရားရေ! . . . အသည်းတဲ့။ အသည်းဆိုပါလား။ ဒီလိုမျိုး ပြုံးစစနဲ့ခေါ်ခဲ့သည့်လူက ဟိုတစ်လောက ဈေးမှာ ကြွေ့နောက်ကို ပြေးလိုက်ခဲ့သည့်လူပါပဲ။ ဟုတ္တေ! . . . အဲဒီတုန်းက ဂျစ်စီလို ဂျစ်ကန်ကန် လူက အခုတော့ သန့်ပြန့်ကြည့်ကောင်းနေတာလေ။ ဘယ်လိုဖြစ်ပြီး တခြားလူ တစ်ယောက်နှယ် ပြောင်းလဲသွားရတာပါလိမ့်။

"ဟောဗျာ! . . . မမှတ်မိလို့ လူကို နှစ်ထပ်အကြည့်နဲ့ သေချာ ကြည့်နေတာလား။ ဈေးမှာ မင်းကို အသည်းလို့ခေါ်မိပြီး အသည်း



www.burmeseclassic.com

www.burmeseclassic.com



အမြစ်ထုပ် လိုက်ပေးခဲ့တာလေ”

“မှတ်မိပါတယ်၊ အဲဒီလောက် ရှင်းပြစရာမလိုပါဘူး”

“ဘာပြန်ပေးမှာလဲ”

“ဘာကိုလဲ”

“အဲဒီတုန်းက တစ်ခါ၊ အခုတစ်ခါပါနဲ့ဆို နှစ်ကြိမ်ရှိပြီ”

“ဘယ်လို”

“ကိုယ့်ကို ကျေးဇူးတင်ရမှာလေ”

“အံမာ ... ဘာကိစ္စနဲ့ ကျေးဇူးတင်ရမှာလဲ။ မတင်နိုင်ပါ ဘူး”

မျက်စောင်းခဲလိုက်မိသဖြင့် သူက ဟက်ဟက်ပက်ပက် ရယ် လေတော့၏။ လူကို လှောင်ရယ်လေသလား။ တကယ်လည်း သူ ပြောသလို ကျေးဇူးနှစ်ခါတင်ရမှာ အမှန်ပါ။ သို့သော် လူရည်မှု မဟုတ်ဘဲ ဂျစ်ကန်ကန် အပြောမျိုးနဲ့ပြောတာမို့ အမြင်ကပ်လိုက်တာ မပြောပါနှင့်တော့။ လူကို ငယ်တယ်ဆိုပြီး ဆရာလုပ်ပြချင်တာ ဖြစ် ဆိုးသည်ဟုထင်လေ၏။

“ဒါဆိုရင်တော့ ပြောမှဖြစ်တော့မယ်”

“ဘာလဲ”





“ပစ္စည်းပျောက်ရင်ပြောတတ်တဲ့စကားပုံလေ။ ရေအဆုံး ကုန်းတစ်ဝက်တဲ့။ မင်းရဲ့ခွေးကို ကိုယ်တစ်ဝက်ဆိုင်နေပြီ”

“ဘာ”

“ဒီတော့”

“အို! ... မရပါဘူး။ ဘယ့်နှယ်! ... ကြွေ့သားကို တစ်ပိုင်း ပိုင်းပေးရမှာလဲ”

ရုတ်တရက် စိုးရိမ်စိတ်ဖြင့် ရန်လုံ့ကို ပွေ့ပိုက်လိုက်မိ၏။ သူက ကြွေပျောယာခတ်သွားတာကို သဘောကျရင်း ရယ်နေပြန်လေ သည်။ စိတ်မကြည်လို့ လမ်းလျှောက်ထွက်လာတာ မှားပြီထင်ပါရဲ့၊ ဘယ်ကနေဘယ်လို ဒီလိုလူနဲ့မှ နောက်တစ်ကြိမ် ထပ်ဆုံရတာပါလိမ့်။

“ကြွေရဲ့သားက ရန်လုံပေါ့လေ”

“ဟုတ်တယ် ... ဘာဖြစ်လဲ”

“ကိုယ်က ရန်လုံ့ကို နှစ်ပိုင်းခွဲပြီးယူမယ် ပြောမိလို့လား”

“ရှင်ပဲ ရေအဆုံး ကုန်းတစ်ဝက်ဆို။ အဲဒီသဘောမျိုး မဟုတ် ရင် ဘာဖြစ်မှာလဲ”

“ကိုယ်က စကားပုံရှိတာကို ရွတ်ပြတာပါ အမိရဲ့”

“ရှင်နော်! ... ပြောပြန်ပြီလား။ ဒီအမိ”



www.burmeseclassic.com

www.burmeseclassic.com



"Sorry! . . . အဲ! . . . မစောတော့ဘူး။ ညနေစောင်းနေပြီ

စတွေ့စဉ်က ပဒ္မိပကျွဖြင့် ရန်တွေ့တာကို အမှတ်ရရင်း သူ ပြုံးလိုက်စဉ် အာရုံက ရုတ်တရက် သူ့ကို သတိရမိသွားရပါ၏ တူသလိုလိုပါပဲလား။ ရှင် အခု ဘာတွေလုပ်လို့ ဘယ်ဆီများရောက်နေ ပါသလဲ။ ကိုမိုးယံထက်ရယ်။ မေ့မေ့ပျောက်ပျောက်ဖြစ်သွားမှာပါ ဖော့တွေးထားပေမယ့် ရှုယ်တူလူငယ်ကြောင့် ရှင့်ကို ကြွေ သတိရ ပြန်တာလေ။

"ကြွေက ရန်လုံ့အမေဆိုရင် ကိုယ်လည်း အဖေတော်ရ ပေါ့"

"ဘာ"

"ဟုတ်တယ်လေ၊ ဒါမှ တရားမျှတမှာပေါ့။ ဟုတ်ရဲ့လား သား။ မင်းကွာ ငါငယ်ငယ်ကအတူဆော့ခဲ့တဲ့ Browny နဲ့ ချွတ်စွပ် တူလိုက်တာ၊ အရမ်းပဲ။ သေးသေးလေးကတည်းက ပျောက်သွား နမျှောလိုက်တာ"

"ရှင်နော် . . . ညာတာပါတေးနဲ့ ရန်လုံ့ကို အပိုင်ယူလို့ မ ဘူး။ ကြွေ့သားက မှတ်ပုံတင်ထားပြီးသား။ သက်သေအခိုင်အမာ ရှိတယ်"





"ဩော် . . . ကိုယ်က တူတယ်လို့ပဲပြောမိတာပါ ကြွေရယ်။ Browny လို့မှ မပြောတာ။ စိုးရိမ်ရန်ကော၊ တကယ်ပါပဲ"

မျက်စောင်းခဲလိုက်မိပြန်ပါ၏။ ဟိုတစ်ယောက်က အေးဆေး ဘဲ့လူငယ်ဖြစ်ပေမယ့် ဒီလူကဖြင့် ဂျစ်ကန်ကန် ခပ်ဆိုးဆိုးပုံစံပါ။ ရွှေမှာရပ်နေသဖြင့် သူက ကိုမိုးယံထက်ရဲ့အရပ်ထက် ပိုပြီးရှည်သလို အသားလည်း အနည်းငယ်ညိုချင်သလိုပါလေ။ ယောကျ်ားလေးဆို ညိုမှ မိန်းကလေးဆို ဖြူမှဆိုပြီး ပြောတတ်သည့် ကြီးမေရဲ့စကားက ဒီတစ်ကြိမ် မှန်နေလေ၏။

"ကြည့်လှချည်လား။ ဘာလဲ သဘောကျတယ်ပေါ့လေ"

"ဘာမှမဆိုင်ဘူး။ အသိတစ်ယောက်နဲ့ တူနေသလားလို့ပါ"

"ဟုတ်လား။ ကိုယ့်မှာ ငါးမိနစ်ငယ်တဲ့ အမွှာညီလေး ရှိတယ် လေ။ ကိုယ့်ထက် နည်းနည်းအရပ်နိမ့်ပြီး အသားဖြူတယ်"

"ဟင်! . . . တကယ်လား"

"တကယ်ပေါ့"

သူ ရယ်ချင်စိတ်ကို မနည်းကြီးထိန်းထားရပါ၏။ ကောင်မ လေး ပုံစံက တကယ်ပြောနေသလိုပဲမို့ ဆက်ပြီး စရမှာ အားနာစရာ ပါပဲ။ ညာပြောတာတော့မဟုတ်ရပါ။ မိုးယံဆိုတာ တကယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် (၅) မိနစ်ငယ်သည့် ညီလေးပင် မဟုတ်ပါလား။ ကောင်မလေးက သူပြောတာကို ဇဝေဇဝါဖြင့် ယုံသွားသည့်နှယ်ပါ။

"နာမည်ကရော"

"ဒါတော့ ဘယ်ပြောမှာလဲ။ ခုထိ ကိုယ့်ကိုယ်ကိုယ်တောင်မိတ်မဆက်ရသေးတာ"

သူမ နှုတ်ခမ်းစူမိသွားရပါ၏။ ဟုတ်သားပဲ။ ဖြစ်ချင်သည့်ဆန္ဒက ပိုသွားတာမို့ ရှက်စဖွယ်ဖြစ်သွားရလေပြီ။ ယခုတိုင် သူ့ကိုသာ အနီးကပ်ပြီးချွဲနေသည့် ရန်လုံးကြောင့်လည်း စိတ်တိုမိပေမယ့် တိရစ္ဆာန်ချစ်တတ်ပုံချင်းတူတာမို့ စိတ်ထဲမှ အလိုလိုခွင့်လွှတ်ပြီးသား ဖြစ်သွားလေ၏။ ကြွေတော့ ခက်ချေပြီ။ ဒီလူက အစကကြည့်မရဖြစ်ခဲ့ပါလျက် စိတ်က အပြောင်းအလဲမြန်ပါရောလား။

"ကိုယ့်ညီကတော့ မင်းနဲ့ဖြစ်မယ်မထင်ဘူး သားကြီးရေ၊ ဒီကောင်က ဒီလိုမျိုး အမွေးတွေနဲ့မတည့်တဲ့ Allergy ရှိတယ်"

"ဟင်"

"ကဲကဲ! ... သားကြီးရဲ့အမေနဲ့အဖေ မိတ်ဆက်ကြ အောင်"

မျက်စောင်းခဲလိုက်မိပါ၏။ တကယ်ပဲ လက်ကမ်းပေးနေပြီ





ငြင်းဆန်၍ မကောင်းတော့ပါလေ။ ရန်လုံးကြောင့် ခင်မင်ရင်းနှီးခွင့်ရခဲ့တာမှန်ပေမယ့် သူ့အပေါ် ကိုရိုးယံလောက် သံယောဇဉ်မရှိတာကိုတော့ သူမကိုယ်သူမ သိနေပါ၏။ ခုမှစခင်တဲ့လူနဲ့ တူမှမတူတာလေ။

"လင်းလက်ကြယ်ပါ ကြွေ။ နောက်ကို ဘယ်မှာတွေ့တွေ့ နှုတ်ဆက်ကြေးနော်"

ကြမ်းရှရှလက်တစ်စုံနှင့် အထိအတွေ့မှာ သူမ ကြက်သီးဖြန်းခနဲထသွားရပါ၏။ ထူးဆန်းလေစွ၊ ရှင် ဘယ်သူလဲ လင်းလက်ကြယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ခြံတံခါးအသေးလေးကိုဖွင့်၍ ဝင်ခဲ့ပါ၏။ သော့မခတ်ထားတာမို့ သားအမိနှစ်ယောက်စလုံး မရှိလျှင်တောင် အန်တီလင်းတော့ ရှိနေမည်သာ။

မတွေ့ရတာ အဘယ်မျှကြာနေပြီလဲ။ သင်တန်းတွေ လှည့်ပတ်တက်ရင်း ပင်ပန်းခဲ့သမျှ တစ်ပတ်သာနားရက်ရတာပါ။ ပြီးလျှင်တော့ . . . ဖေဖေ့ကုမ္ပဏီမှာ သူ့ အလုပ်ဝင်ရတော့မှာ မဟုတ်ပါလား။

"တင်း! တောင်!"





"တံခါးစေ့ထားတယ်လေ။ ဘယ်လိုဖြစ်ပြီး bell တီးရတာလဲ"

ထင်သည့်အတိုင်းပါပဲ။ အိမ်မှာ အန်တီတစ်ယောက်သာရှိနေတာပါ။ ညှော်ခန်းဆက်တီမှာထိုင်ရင်း calculator တစ်လုံးဖြင့် စာရင်းစာအုပ်တွေတွက်ပြီး အလုပ်ရှုပ်နေသည်က အန်တီလင်းပါပဲ။ အိမ်နေရင်း မဖြီးမလိမ်းပုံစံကပင် အတော်ကြည့်ကောင်းနေတာပါ။ ဤအမျိုးသမီးက ဖေဖေ့နှလုံးသားကို အပိုင်ယူခဲ့တာတဲ့လား။ ထူးဆန်းလေစွ။

"အန်တီ"

"ဪ . . . ကိုထက်လား။ လာလေ သားရဲ့။ ညှော်သည်မှ မဟုတ်တာကို"

"ဖိုးကြယ်ရော"

"အပြင်ခဏသွားလေရဲ့။ မကြာပါဘူး ပြန်လာလိမ့်မယ်"

"အလုပ်ရှုပ်နေတာလား"

"အေးပေါ့ . . . ခုံမှာထိုင်လေ"

"ရပါတယ် . . . ဒီမှာထိုင်ရတာ ပိုပြီး သက်သောင့်သက်သာ ရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆက်တီရှေ့ကော်ဇောပေါ်မှာပင် ထိုင်ချလိုက်ပါ၏။ တကူးတက လာလည်သည့်ဧည့်သည်မဟုတ်တာမို့ သူ့ကို ဧည့်မခံတဲ့ အန်တီက လုပ်လက်စအလုပ်ထဲ စိတ်နှစ်သွားပြန်လေသည်။ အောက်မှနေ၍ အန်တီ့မျက်နှာကို ခပ်ရှင်းရှင်းမြင်နေရသဖြင့် ငေးကြည့်နေမိလေ၏။

ချောလိုက်တာ။ ဒီအရွယ်ကို ဘယ်သူက (၄၇) (၄၈) ဟု ထင်ပါ့မည်နည်း။ အလွန်ဆုံး အန်တီလေးအသက်လောက်သာ ထင်ကြမှာပါ။ ခေတ်မီမီဝတ်တတ်တား ပြင်ပြင်ဆင်ဆင်နေတတ်တာတို့က သားတစ်ယောက်အမေဟု မည်သို့မျှ မြင်စရာမရှိဘဲ အပျိုကြီးမမဟု အထင်များလောက်လေ၏။

ကိုယ့်ရုပ်ကွက်ထဲမှာမို့သာ ဒေါ်လင်းလက်ကို ဖိုးကြွယ်အမေဟု သိနေကြတာပါလေ။

"ဟာ! . . . ဒီကောင် ငါ့မာမီကို အသေအချာ ငမ်းနေတော့တာပဲ"

"အာ . . . မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ။ ငါ့မျက်စိနဲ့မြင်နေတာတောင် ငြင်းချင်နေသေးတယ်"

"ရလာလား သား"





"ရတယ် မာမီ။ အကြီးရော အသေးပါ"

"တော်သေးတာပေါ့။ မာမီလည်း စာအိတ်ကုန်နေတာ ဝယ်ဖို့ မေ့နေလို့"

ဖိုးကြွယ်က ကျွတ်ကျွတ်အိတ်ထဲမှ စာအိတ်အသေးနှင့် အကြီးတစ်ထုပ်စီကို ထုတ်ယူလိုက်ပါသည်။ ပြီးနောက် စားပွဲအံဆွဲအတွင်းမှ သားရေကွင်းအထုပ်နှင့် tape အလိပ်ပါမက ကပ်ကြေးအလတ်လေးကိုပါ ယူပြီး စားပွဲထက်တင်လိုက်လေ၏။

"အတော်ပဲ . . . ကိုထက်က လက်ရေးပိုလှလို့ မာမီ့ကို ကူညီပါဦး။ ဒီ list က နာမည်တွေအတိုင်း စာအိတ်တွေမှာရေးပေးနော်"

"အကြီးမှာလား"

"ဟုတ်တယ်၊ ဒီ list က အသေးမှာရေးဖို့ ဖြစ်ရဲ့လား"

"ဟုတ်ကဲ့"

ဖိုးကြွယ်က ပြုံးစိစိဖြင့် သူ့ထံ ဘောပင်ကမ်းပေးလေ၏။ အိမ်ပြန်လာတာနှင့် အန်တီ့ကို ငေးကြည့်နေမိတာကို တန်းမိသွားရတယ်လို့။ စာအိတ်ပေါ်နာမည်ရေးရမှာမို့ ခုံမှာ တက်ထိုင်လိုက်ရပါသည်။ အန်တီက စာရင်းရေးနေရင်း နားထင်ကို အသာထောက်ကိုင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကိုက်နေရင် နားပါတော့ မာမိရယ်။ ဒါတွေ ကျွန်တော် ဆက်လုပ်လိုက်ပါ့မယ်"

"ဒီည မပြီးလို့မဖြစ်ဘူး"

"ကျွန်တော် သိပါတယ်။ ပြီးစေရမယ်၊ စိတ်ချပါ"

"အန်တီ နေမကောင်းဘူးလား"

"ဒေါ်အေးကွယ် . . ခုတစ်လော ခေါင်းသိပ်မကြည်ဘူး သားရဲ့"

"သံပရာရည်လေးဖြစ်ဖြစ် သောက်လိုက်ပါလားဟင်"

အန်တီရော ဖိုးကြွယ်ပါ ပြုံးလိုက်ကြတာမို့ သူ အံ့ဩသွားရလေ၏။ ဘာလဲ စေတနာနဲ့ပြောတာကို တစ်မျိုးမြင်လေသလား။ အိမ်မှာ လူကြီးတွေ ခေါင်းမကြည်ရင်ဖြင့် သံပရာရည်အေးအေးချိုချိုလေးဖျော်ပြီး သောက်ကြတာကိုသာ အမြဲတွေ့ခဲ့တာပါ။ အခုမှ ဘယ်လိုဖြစ်ပြီး သူပြောတာကို ရယ်စရာလို့မြင်ပြီး သားအမိနှစ်ယောက်စလုံးက ပြုံးနေကြတာပါလိမ့်။

"ဘာဖြစ်လို့လဲဟင်"

"မာမီနဲ့မှ မတည့်တာ မိုးယံရ"

"ဘယ်လို"

"မာမီ့မှာ သွေးအားနည်းတတ်တဲ့ရောဂါရှိလို့ အဲဒီ သံပရာ





ရည်ကို သောက်လို့မဖြစ်ဘူး"

"ဗျာ!"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ အကြီးအကျယ်အံ့ဩစရာကြီးပါပဲလား။ ဘယ်လိုဖြစ်ပြီး အန်တီလင်းမှာ ရှိနေသည့်ရောဂါကအစ သူနဲ့တူနေရပါသလဲ။ အန်တီကတော့ ဘာမှ မထူးဆန်းသည့်နှယ် ဖိုးကြွယ်ယူလာပေးသည့် သွေးဆေးကို ရေအေးနှင့် မော့သောက်လိုက်လေသည်။

"မာမီ ချက်ချင်းမအိပ်လိုက်နဲ့ဦးနော်"

"အေးပါ"

"ပြီးတဲ့စာအိတ်တွေ ဒီဘက်ကိုပေးပါ မိုးယံ။ ငါ ငွေထည့်ပြီးပိတ်တော့မယ်"

ဖိုးကြွယ် လှမ်းလိုက်သည့်လက်ထဲသို့ အမည်ရေးပြီးသည့်စာအိတ်အချို့ကို ပေးလိုက်ပါသည်။ ပထမတော့ မဟုတ်လောက်ပါဘူးဟု ယူဆပြီး စိတ်ကို ဖြေဆည်နိုင်ခဲ့တာပါ။ အခုတော့ ကြာလာသည်နှင့်အမျှ ပိုပြီး ထူးဆန်းနေပြီ မဟုတ်ပါလား။

အသားဖြူတာ၊ အနေအေးတာ၊ အကြိုက်တူတာတို့က တိုက်ဆိုင်မှုဟု ယူဆနိုင်ပေမယ့် အခုလို ဖြစ်တတ်သည့်ရောဂါကအစ



www.burmeseclassic.com

www.burmeseclassic.com



တူလွန်းနေတာ ဖြစ်နိုင်ပါ့မလား။ ဖိုးကြွယ်ကသာ ဖေဖေ့လို ဒေါသကြီးတတ်တာ၊ အသားညိုတာ၊ စိတ်မြန်တာ၊ ဉာဏ်ထက်တာကအစ တူနေတာပါ။

သူက သူက ဖေဖေ့သားဖြစ်ပြီး ဖေဖေနဲ့ ဘာဆိုဘာမှမတူတာလေ။ ဘုရားရေ! ... ကလေးချင်းမှားတာကို သိသိကြီးဖြစ်ပါလျက် ဖေဖေရော အန်တီလင်းပါ ပြန်မလဲဖြစ်ကြဘဲ ဒီအတိုင်း မသိချင်ယောင် ဆောင်လေသလား။ အတွေးဖြင့် ရင်တွင်းမှ တုန်ယင်လာကာ မျက်ရည်တို့ပါ ဝဲလာရတော့၏။

"ကိုထက်"

"ဗျာ"

"ဘာဖြစ်လို့လဲ သား"

"ဟင့်အင်း"

"ဘာမှမဖြစ်ဘူးဆိုပြီး သားမျက်နှာက ညှိုးနေတာ ဘာကြောင့်လဲ"

သူ စိတ်ကိုထိန်းလိုက်ရပါ၏။ ငယ်စဉ်ကတည်းက အမေမရှိတော့တဲ့သားမို့ ဝမ်းနည်းအားငယ်စိတ်က ရှိခဲ့တာပါ။ ဘယ်တော့မဆို ရှေ့က ဦးဆောင်ပြီး မားမားရပ်တည်ကာကွယ်ပေးတဲ့လူက





ဖိုးကြွယ်ပါပဲ။ မေမေ့သား ဖြစ်ခွင့်ရခဲ့သည့် ဖိုးကြွယ်ဘဝက ပြည့်စုံစိတ်ချမ်းသာခွင့်ရခဲ့ပါလျက်၊ သူကဖြင့် –

"ကိုထက် သား"

"မေမေ"

မာမီရော သူ့ပါ အကြီးအကျယ် အံ့ဩနေတော့ပါ၏။ မအံ့ဩဘဲနေမလား။ မပြောမဆိုဖြင့် မာမီ့ဆက်တီထိုင်ခုံရှေ့မှာ ထိုင်ချလိုက်ပြီး ရင်ခွင်ထဲဝင်ကာ ချုံးပွဲချပြီး ငိုလိုက်သည့် လူက မိုးယံဖြစ်နေတာကိုး။ မာမီက အလိုက်တသိဖြင့် နွေးထွေးစွာ ပြန်ပွေ့ပိုက်ထားရင်း မိုးယံခေါင်းထက်မှ ဆံပင်တို့ကို အသာသပ်တင်ပေးနေလေ၏။

ရုပ်ရှင်ထဲမှာဆိုရင်တော့ သားအမိပြန်ဆုံတဲ့ ဇာတ်ဝင်ခန်းပေါ့နော်။ ကလေးနှယ် တရှုံ့ရှုံ့ငိုနေသည့် သူငယ်ချင်းကို ကရုဏာသက်စွာဖြင့် ဝန်တိုစိတ်မျိုး မဖြစ်မိတာ အဆန်းသားလား။ မာမီ့မျက်နှာထက်မှ အပြုံးကလည်း သားကိုချော့နေသည့် အမေရဲ့အပြုံးမျိုးနဲ့ ထပ်တူထပ်မျှပါလေ။

"ကိုထက်"

"ကျွန်တော်က ကျွန်တော်က မေမေ့သား မဟုတ်ဘူးလား"

သူ့ ဒိခနဲ ရယ်သံထွက်သွားစဉ် မာမီက မျက်ရိပ်ပြတာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ ဒီကောင် ပျောက်ချက်သားကောင်းနေပြီးမှ ဘာ စိတ်မှ ပေါက်လာတာပါလိမ့်။ သူ ဒီလောက်သေချာရှင်းပြထားခဲ့ပါလျက် မာမီ့သားအရင်း ဖြစ်ချင်စိတ်က မလျှော့သေးပါလေ။ ဖွဲ့ကလည်း ကြီးပါပေ့ မိုးယံ။

"ဘာများဖြစ်လို့လဲလို့ ရင်ထိတ်သွားတာပဲ သားရယ်"

"ဟုတ်တယ် မဟုတ်လားဟင်"

"ဟုတ်နေရင် ဘာများ ဆက်လုပ်မလို့လဲကွ။ ဒီလောက် အနှစ် (၂၀) ကျော်နေတဲ့ကိစ္စကို ဘာလဲ။ ငါနဲ့ နေရာပြန်လဲချင်လို့လား။ ဒါတော့ မပူဆာလေနဲ့ မိုးယံ။ ဦးမိုးသောက်ရဲ့သားဘဝနဲ့တော့ မရှင်သန်ချင်ဘူး။ အဲဒါ အမှန်ပဲ"

ဖျတ်ခနဲ ပြန်လှည့်ကြည့်လာသည့် မိုးယံ၏မျက်ဝန်းတို့မှာ မျက်ရည်ကပြည့်တုန်းပါပဲ။ တကယ့်ကို ဝမ်းပန်းတနည်း ငိုခဲ့တာပေါ့ လား။ ဘာရယ်မဟုတ် စနောက်လိုက်မိခြင်းက သူငယ်ချင်းကို စိတ် ဒုက္ခရာမရစေချင်ပါ။ ခက်သည်က သူ့ထက်ပိုပြီး မိုးယံထက်က အနုံ့ အလန်း ကြီးလွန်းတာက ပြဿနာပါပဲ။

"ဖိုးကြွယ်က . . . ဖိုးကြွယ်က"

"မာမီ့သားပါပဲ သားရယ်"





"ဟင်! . . . ဒါဖြင့် ဒါဖြင့်"

"ဘာပဲဖြစ်ဖြစ် သားတစ်ယောက်ကတော့ အဖေဆီမှာ ထားပေးရမှာ မဟုတ်လား။ မွေးလာကတည်းက အာခေါင်ခြစ်ပြီးငိုတတ်တဲ့ မောင်တာရာနဲ့ ဦးမိုးသောက်က သားအဖဖြစ်ဖို့ မသင့်ဘူးလို့ ယူဆမိတာနဲ့ အေးဆေးတဲ့သားကိုပဲ ရွှေးပို့လိုက်ရတာပါ။ ဒါကြောင့် ဒီလိုအဆင်ပြေနေတာပေါ့ သားရဲ့"

"ဗျာ"

"ငါ ပြောသားပဲ ဒါကြောင့် မင်းကို ညီလေးလို့ ခေါ်တာပေါ့"

"မေမေ"

"ဟာ! . . . မပြီးနိုင်သေးဘူးလား။ ငါတို့အိမ်တော့ မျက်ရည် ပင်လယ်ထဲ မြုပ်တော့မှာပဲ"

မာမီရော သူပါ ခပ်ကျယ်ကျယ် ရယ်မိကြလေ၏။ မာမီ့ပေါင် ပေါ် ခေါင်းတင်ထားရင်း မာမီကျောသပ်ပေးတာကို မှိန်းဖြင့်ခံနေတာက အမြင်ကတ်စရာပါ။ ငယ်စဉ်ကတည်းက မိခင်ငတ်ခဲ့ရသည့် ဤသူငယ် ချင်းလေးအပေါ်မှာ အစ်ကိုတစ်ယောက်လိုပါ ချစ်ရင်းစွဲရှိခဲ့တာက သူ့ကိုယ်သူ အသိဆုံးမဟုတ်လား။

"ဖိုးကြွယ်က ဖိုးကြွယ်က ကံကောင်းတာပေါ့ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ့လောက် ကံကောင်းတဲ့လူ ဒီကမ္ဘာမှာ မရှိတော့ဘူး။ အိမ်အလုပ်တွေလည်း အကုန်လုပ်ရတယ်။ မာမီနဲ့လည်း ဈေးကူရောင်းရတယ်။ မြို့ထဲမှာ ပစ္စည်းသွားယူဆိုလည်း ယူရတယ်။ ပစ္စည်းမှာလို့ ရောက်ရင်လည်း ကိုယ်တိုင် ကူလီလုပ်ပြီး သယ်ရတယ်။ ဒီကြားထဲ တစ်ပတ်လေးရက် ဝပ်ရှော့မှာ အလုပ်ဆင်းရတယ်။ ဒါကြောင့် ငါ့လက်တွေ ဒီလောက်ကြမ်းထော်နေရတာပေါ့။ ထပ်ပြောဦးမှာလား"

"ဟုတ်သားပဲ၊ သားက အချိန်တန် အဖေ့ကုမ္ပဏီကို လက်ဆင့်ကမ်းယူရုံလေးလေ။ ဒီထက် သက်သာတာ ဘာရှိမှာလဲ။ မဟုတ်ဘူးလား"

အကွက်ကျကျ ထောင့်စေ့အောင်ပြောနေတာက အမှန်တွေချည်းပါပဲ။ ဝမ်းနည်းအားငယ်နေစိတ်က တဖြည်းဖြည်း လျော့ပါးသွားလေ၏။ အားတွေရှိလိုက်ပါဘိ။ သူ့လောက်ပြီးပြည့်စုံသည့်ဘဝမျိုး ရှုပ်ကြပါ့မလား။ အဖေရယ်၊ အမေရယ်၊ အမြွှာအစ်ကိုတောင်မှ ရှိနေသေးတာလေ။ အဖေနဲ့အမေ ခွဲနေတာတော့ရှိတာပေါ့။ ဒါပေမဲ့ ကိစ္စမရှိပါ။ ကွဲနေလည်း super glue ရှာပြီး ဒီအဖေနဲ့အမေကို သူတို့ညီအစ်ကို ကပ်ပေးလိုက်ရုံသာ။





"လာမယ့် monday ကုမ္ပဏီဝင်ရတော့မယ်"

"ကောင်းတာပေါ့၊ ဒါ သတင်းထူးပဲ"

"မေမေလို့ပဲ ခေါ်မယ်နော်"

"သဘောပါရှင်"

"ဒါဆို ငါကိုရော"

"နောက်မှ"

ဖိုးကြယ်က ပြုံးစိစိဖြစ်နေလေ၏။ အလုပ်တွေ ဒီညအပြီး သုပ်ကြမှာမို့ သူ အိမ်ပြန်ရန်သင့်ပေပြီ။ ဖေဖေနဲ့မေမေ့ကို ပြန်လည်ဆိုင်းစည်းရေးက နောက်လာမယ့် စီမံကိန်းပါပဲ။ လောလောဆယ်ဆော့ ဖေဖေ မပွမ်ရအောင် အလိုက်တသိဖြင့် ပြန်သင့်လေပြီ။

"ကျွန်တော် ပြန်ပါဦးမယ်၊ မေမေ"

မေမေ့ပါးကို ရွှတ်ခနဲ နမ်းလိုက်စဉ် ဖိုးကြယ်က မျက်မှောင်ကျုံ့ပြလိုက်လေ၏။ မကျေနပ်ဘူးလား။ အနှစ် (၂၀) လုံးလုံး ဒီအမေကို တစ်ယောက်တည်း မောင်ပိုင်စည်းခဲ့တဲ့လူက မတရားတာလေ။ ကိုကိုသို့ ပြောင်းခေါ်ရမှာလား။ တစ်သက်လုံး မင်းနဲ့ငါဆိုပြီး ခပ်ရင့်ရင့်ပြောခဲ့သည့် အသုံးအနှုန်းကို ချက်ချင်းပြောင်းခေါ်ရမှာတော့ ခက်ပါရဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဈေးသွားရမှာမို့ မနက်စောစောထဖြစ်ပါ၏။ ပိတ်ရက်ရတိုင်း နေမြင့်အောင် အိပ်လေ့ရှိပေမယ့် ဈေးသွားရလျှင် လူကြပ်မှာမို့ ဖွဲ့ရိုး ဖြင့် ခပ်စောစော အိပ်ရာထရလေသည်။ ဆံပင်က အတော်ရှည်နေပြီ မို့ ခါတိုင်းလိုမြင့်မြင့်လေးစည်းလျက် ကျစ်ဆံမြီးကျစ်လိုက်ရပါ၏။ ဒါ မှ သေသေသပ်သပ်ဖြစ်မှာကို။

"ဒေါက်! ဒေါက်!"

"မမနိုးပြီလား"

"အေး ... နိုးနေပြီ"





"ကြီးမေက မှာစရာရှိလို့တဲ့"

"လာခဲ့မယ်"

ရေချိုး သနပ်ခါးလူးပြီးပြီမို့ အဝတ်အစား ခပ်လတ်လတ် ရွေးယူဝတ်လိုက်ပါ၏။ သေသေသပ်သပ်ဖြင့် သွားပြီမို့ စိတ်တိုင်းကျ ဖြစ်သွားပါပြီ။ အခန်းတံခါးဖွင့်ကာ လှေကားမှတစ်ဆင့် အောက်ထပ်သို့ ဆင်းခဲ့ပါ၏။ ရန်လုံက မနက်စာစားပြီးပြီမို့ တစ်ရေးပြန်အိပ်နေလေပြီ။

"ကြီးမေ ဘာမှာဦးမလို့လဲ"

"အေး သမီး ... ဒီမှာလေ။ ကြီးမေရဲ့လက်စွပ် ကျောက် ပြုတ်ကျပြီး ပျောက်သွားလို့ စွန်ကုပ်ပဲ့သွားတယ်ထင်ပါရဲ့။ အဲဒါ ဈေးထဲက ဆိုင်မှာပဲ ဝင်အပ်ခဲ့ပေးနော်"

"ဟင်! ... စိန်အစစ်ကြီးလား"

"မဟုတ်ပါဘူး။ အရည်မမီတဲ့ကျောက်ပါ သမီးရဲ့။ နားကပ် လို ခြယ်ပဲမို့ ကျောက်က များနေတာ။ ဈေးထဲမှာ သုံးဆိုင်လောက်ရှိ လိမ့်မယ်။ 'လင်းလက်' ဆိုတဲ့ဆိုင်မှာပဲ အပ်လာခဲ့။ အဲဒီဆိုင်ရှင်က သဘောပိုကောင်းလို့"

"လင်းလက်"

"အေးလေ ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဘာမှမဟုတ်ပါဘူး"

"ဘယ်နေ့လာယူရမလဲ။ ဘယ်လောက်ကျမလဲဆိုတာ တစ်ခါတည်း မေးလာခဲ့။ ဒါမှမဟုတ် phone နံပါတ်ပေးခဲ့ချေ"

"ဟုတ်ကဲ့ပါ ကြီးမေ"

ရပ်ကွက်ဈေးမို့ အသွားမှာလမ်းသာလျှောက်ပြီး ပြန်လျှင် ဆိုက်ကားဖြစ်ဖြစ်၊ taxi ဖြစ်ဖြစ် စီး၍ ပြန်ဖြစ်လေ၏။ ကြီးမေပေးလိုက်သည့် လက်စွပ်ဘူးလေးကို ပိုက်ဆံအိတ်ထဲထည့်ကာ ဈေးသို့ထွက်လာခဲ့ပါသည်။

ရွှေဆိုင်နာမည်က 'လင်းလက်' တဲ့လား။ ဟိုတစ်နေ့က သိခဲ့ရပါသည့် သူ့အမည်က လင်းလက်ကြယ်မို့ စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားရတာပါ။

အမြှာညီလေးရှိသတဲ့။ အရပ်အမောင်းနှင့် မျက်နှာပေါက်က ခပ်ဆင်ဆင်ရှိနေပြီး သူများအမြှာတွေနှယ် ချွတ်စွပ်ကြီးမှ တူမနေတာလေ။ အလို! ... ဘယ်လိုဖြစ်ပြီး ကြွေ အတွေးတွေများနေရပါသလဲ၊ သူတို့နှစ်ယောက်ကို မဆီမဆိုင် အမြှာညီအစ်ကိုဆိုပြီး လိုရာဆွဲတွေးနေမိတာလေ။ ရှုးပါ့ကြွေ။

ရွှေဆိုင်လည်း ဈေးဆိုင်တွေလို တစ်ချိန်တည်းအတူ





ထွက်သဖြင့် ဈေးမဝယ်ဖြစ်သေးပါဘဲ အထည်တန်း၊ အလှကုန်တန်းဘက် အရင်ဆုံး ဝင်လာခဲ့ပါ၏။ အတွင်းတန်းတွေမို့ အမှောင်ကျနေပေမယ့် အလင်းကရှိသင့်သလောက် ရှိနေလေသည်။

ထောင့်ချိုးတစ်နေရာမှာ အပြင်ဘက်ထုတ်၍ ချိတ်ထားပါသည့် ဆိုင်အမည်ကိုမြင်လိုက်ရပါ၏။

"ဘာရှာပါသလဲ အစ်မ၊ လိုတာရှိရင် ဝင်ကြည့်ပါရှင်"

ဆိုင်ခုံပေါ်မှ ကောင်မလေးနှစ်ယောက်က အပြုံးဖြင့် ကြိုဆိုလေ၏။ ဆိုင်ရှင်မရှိတာများလား။ အထည်ပြင်ထည်အပ်ရမှာမို့ ဝန်ထမ်းတွေထက် ပိုင်ရှင်ဖြစ်မှသာ စိတ်ချရမှာပါ။ ဟိုဒီငေ့ဲကြည့်နေစဉ် မှန်ပုံးနောက်မှ ခါးပြန်မတ်လိုက်ပါသည့် ခပ်ချောချော အန်တီကြီးကို မြင်ရလေ၏။ စိတ်ထဲထိတ်ကာ ဖမ်းသာသွားရပါသည်။

"အန်တီ"

"ဪ ... သမီးလေး ဘာရှာနေလို့လဲကွယ်"

"ပြင်ထည်အပ်လို့ရလားလို့ပါ"

"ပြင်ထည်"

"ဟုတ်ကဲ့"

"ဘာပစ္စည်းများလဲ။ ဒီမှာတော့မပြင်ပေမယ့် မြို့ထဲက



www.burmeseclassic.com

www.burmeseclassic.com



ပန်းတိမ်မှာ အပ်ပေးလို့ရပါတယ် သမီးရဲ့"

"လက်စွပ်ကျောက်ပြုတ်သွားလို့ပါ အန်တီ။ စွန်ကုပ်လည်း ပွဲသွားပါတယ်"

ကြွေက လက်စွပ်ဘူးလေးကို ထုတ်ပေးလိုက်ပါ၏။ အန်တီက မျက်မှန်တပ်ကာ သေချာကြည့်ပေးလေသည်။ အလို! . . . မျက်မှန်တပ်တော့လည်း မရင့်သွားပါပဲ အရွယ်တင်တဲ့အလှမျိုးနဲ့ ကျက်သရေ ရှိလိုက်ပါဘိ။ အရွယ်နုနေပါသည့်အမေအရွယ် အန်တီကြီးကို ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေမိလေသည်။

"အင်း . . . ကျောက်က စိန်အစစ်တော့ မဟုတ်ဘူးနော်။ ရွှေချိန်မှတ်ပြီး အန်တီ ဘောက်ချာမှာ ပြန်ထည့်အပ်တာ ရေးပေးလိုက်မယ်"

"ဟုတ်ကဲ့ . . . ဘယ်နေ့လောက်ရမလဲ အန်တီ"

"နှစ်ရက်လောက်ကြာလိမ့်မယ်ထင်တယ်။ သမီးဖုန်းနံပါတ်ပေးခဲ့လေ။ ရတဲ့အခါ အန်တီ ဖုန်းဆက်လိုက်မယ်။ လာရွေးရင် ဒီဘောက်ချာယူလာခဲ့နော်။ အန်တီမရှိလည်း ဒီကလေးတွေဆီမှာ ရွေးလို့ရအောင်"

အန်တီကြီးက ရွှေဘောက်ချာမှာပင် လက်စွပ်ရွှေချိန်





ကျောက်ချိန်ကို ရေးမှတ်ပြီး ပြင်ထည့်လက်ခံပြေစာကို ရေးပေးလေ၏။ ကြီးမေထက် အသက်ငယ်တာမို့ လှပ်ရှားမှုကလည်း သွက်လက်လွန်းတာပါလေ။ ဒီမျက်ခုံး၊ ဒီနှာတံ၊ ဒီနှုတ်ခမ်းမျိုးကို တစ်နေရာရာမှာ တရင်းနှီးနှီး မြင်ဖူးသလိုလိုပါပဲလား။ ထူးဆန်းလေစွ။

"သမီးနာမည်က"

"ကြွေပါ အန်တီ"

"လှလိုက်တာ။ လူကလည်း ကြွေရုပ်လေးအတိုင်း ချောချောလေး။ အမေကလည်း မွေးလည်းမွေးတတ်ပါရဲ့"

လူကြီးဖြစ်သူက ပြောင်းပြန်ပြောနေသဖြင့် ရှက်စနိုး ပြုံးမိသွားရပါ၏။ ငယ်သူမို့ ငယ်ဂုဏ်နဲ့ လှသွေးကြွယ်နေတာ မှန်ပေမယ့် ဒီ (၄၀) ကျော် (၅၀) ဝန်းကျင်မှာ ကျက်သရေရှိစွာ ချောမောတင့်တယ်နေဆဲဖြစ်သည့် အန်တီ့အလှကိုတော့ မီမည်မထင်ပါချေ။ ဈေးသည်မို့ နှုတ်ချိုတာမျိုးမဟုတ်ပါဘဲ ရင်ထဲမှ စေတနာအပြည့်ဖြင့် ပြောနေတာကို မျက်နှာပေါ်မှာ ထင်ရှားစွာဖြင့် သိသာနေလေ၏။

"ဒီမှာ အန်တီ့ဆိုင် card နဲ့ phone နံပါတ်နော်။ ကလေးတွေက ချယ်ရီနဲ့ငုဝါတဲ့"

"ဟုတ်ကဲ့ပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းချိုင့် ရပါပြီခင်ဗျာ"

"ဟော"

"ဟာ ... ကြွေပါလား။ ဘာလဲ ရွှေလာဝယ်တာလား။ အတော်ပဲ မာမီနဲ့ မိတ်ဆက်ပေးရမယ်"

အထိတ်တလန့် ဖြစ်သွားရပါ၏။ ထင်သည့်အတိုင်းပါပဲလား။ အန်တီနှင့်တူပါတယ်ဟု ထင်မိတာနဲ့ သူ့ကိုအမှတ်ရနေတုန်း ဖြုန်းဆိုင်းကြီးရောက်လာတော့တာလေ။ ဘုရားရေ! ... မာမီတဲ့။ တကယ့်ကို ဘာဟန်ဆောင်မှုမျိုးမှမရှိဘဲ ဘွင်းဘွင်းပြောတတ်ပါသည့် အကျင့်က အမေနှင့်တူသည့်သား ဖြစ်နေတာကို။ အံ့ဩရပ်၍ ကိုလင်းလက်ကြယ်။

"သားတို့က သိနေပြီးသားလား"

"ဒါပေါ့ မာမီရဲ့"

"ဘယ်တုန်းက သိနေကြတာလဲ"

သူက သဘောကျစွာဖြင့် ရယ်လေတော့၏။ ဘယ်လိုလဲ ဘာလဲ အမေဖြစ်သူကို သူနဲ့ကြွေ စကားများခဲ့ကြတာကိုများ အကုန်တိုင်ပြောထားတာလား။ ဆိုင်အမည် စကြားကတည်းက စိတ်ထဲ ထင့်နေခဲ့တာ။ တကယ်ပင် အမှန်ဖြစ်လာခဲ့ပြီလေ။ ဈေးရုံထဲမှာ အေးစိမ့်နေပါလျက် ကြွေတစ်ယောက်တော့ ချွေးစို့လာချေပြီ။





"ကြာပြီ မာမီ၊ ပြောလိုက်ရမလား"

"မပြောနဲ့"

"ဘာဖြစ်လို့လဲ ကြွေရဲ့။ ကိုယ်က မာမီ့ကို ဘာတစ်ခုမှ မလျှို့ဝှက်ထားတတ်ဘူး။ ရှင်းရှင်းလင်းလင်းပဲ ပြောကြရအောင်"

"ရှင်နော် ... ရှင်ပြောမှတော့ ကြွေ့အဆိုးချည်း ဖြစ်နေတော့မှာပေါ့"

မျက်စောင်းခဲမိစဉ် သူက ရယ်ပြန်လေ၏။ နေပါဦး။ ဒီလူက ဒီလောက်အထိ မျက်နှာချိုတတ်သည့်လူမှမဟုတ်တာ။ အခု ဘယ်လိုဖြစ်ပြီး စေ့စေ့စီးစီး မျက်နှာကြည်လင်စွာဖြင့် ရယ်မောနေရပါသလဲ။

သူ့မာမီက တအံ့တဩဖြစ်နေသလို ဆိုင်ဝန်ထမ်း ကောင်မလေးနှစ်ဦးပါ သိသိသာသာကြီးကြည့်နေကြတာမို့ နေရခက်လာပါ၏။

"ကိုယ်တို့သားလေး နေကောင်းရဲ့လား ကြွေ"

"ဟဲ့!"

"ကောင်းတယ် ... ကောင်းတယ်"

"ဒါဖြင့် သူ့ဖို့ အသည်းအမြစ် လာဝယ်တာပေါ့လေ"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေခြေရှုပ်ထားလဲ မောင်တာရာ"

"ဘာမှမရှုပ်ပါဘူး မာမီရယ်။ ကျွန်တော်တို့သားဆိုတာ ရွှေအိုရောင် မွေးပွစွေးလေးကို ပြောတာပါ"

ချယ်ရီနဲ့ငုဝါတို့ တခွိခွိရယ်ကြချေပြီ။ သူ့ကို မျက်စောင်းတခဲခဲဖြင့် ပြန်ပြောနေသည့် ကြွေက ဒေါသဖြစ်နေမှန်းသိနေပါ၏။ ဤမိန်းကလေးက စိတ်ဆိုးလည်း ချစ်စရာကောင်းလွန်းတာမဟုတ်ပါလား။ မာမီ့ကို ထမင်းချိုင့်ပို့ပြီးလျှင် ဝပ်ရှော့မှာ အလုပ်သွားလုပ်ရမှာဖြစ်ပြီး နေ့လယ်မှာ ကားတစ်စီးလာကြည့်နိုင်းထားတာရှိလေ၏။ သူက အချိန်ပြည့်အလုပ်သမားမျိုး မဟုတ်ပါဘဲ ဝပ်ရှော့ပိုင်ရှင်နှင့် သိကျွမ်းရင်းနှီးထားသည့်လူပါ။

"မာမီ လန့်သွားတာမြင်လား။ ကိုယ့်မာမီက အဲဒီလို သားကို ဥစ္စာခြောက်တတ်တယ်"

"အောင်မယ် … ကြည့်စမ်း! အမေရှေ့မှာ အတင်းတုပ်နေပြန်ပါပြီ။ ဒီကလေးတော့"

"ဈေးဝယ်စရာရှိသေးလို့ ကြွေ သွားပါဦးမယ် အန်တီ"

"အေးကွယ်"

"သွားလိုက်ပါဦးမယ် ကိုတာရာ"





'မောင်တာရာ'ဟု အမျှားခေါ်သည့်နှယ်ပင်။ သူ့ကို အမည်တပ်ခေါ်လျက် သူမ ထွက်သွားလေ၏။ တိုက်ဆိုင်မှုတဲ့လား။ ဟိုတစ်လောကသာ ဆုံခဲ့ရပြီး မေ့မေ့ပျောက်ပျောက်ဖြစ်ခဲ့ပါလျက် ဒီရက်ပိုင်းမကြာခဏ ဆုံရတာက အထူးအဆန်းပါပဲ။

"ဟယ်! … မျက်လုံးလည်း ကျွတ်ကျပြီးပါသွားပါဦးမယ်"

"မာမီကလည်းနော် … ကျွန်တော် မငေးပါဘူး"

"မငေးတဲ့လူက ဖက်ကြီးလိမ်သွားစရာလား။ ငါ မပြောလိုက်ချင်ဘူးနော်"

"ဟင်း ဟင်း … မာမီပဲ စွာတဲ့ချွေးမမျိုး မလိုချင်ဘူးဆို"

"ဘာ"

"ဟော! … လန့်ပြန်ပါပြီ။ ကျွန်တော်က သဘောပြောတာပါ မာမီရယ်"

"ဒါဖြင့် ဟိုတစ်လောက ဈေးထဲမှာ စကားများတယ်ဆိုတဲ့ ကောင်မလေးလား"

"အမှန်ပဲ"

"အဲဒါနဲ့ပဲ ဒီလောက်ရင်းနှီးစရာလား"

"အဟဲ! … ဒါက ဒီလို ဒီလိုတွေရှိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သွားနော်"

သူ ပေါ့ပေါ့ပါးပါး ရယ်မောမိပါ၏။ အခုဆို မိုးယံ တစ်ယောက် ကုမ္ပဏီမှာ အလုပ်ဝင်နေပြီမို့ အဆက်အသွယ်မရှိသလောက်ပါပဲ။

မာမီ့ရင်ခွင်ထဲဝင်ပြီး ငိုခဲ့သည့်မြင်ကွင်းတစ်ခုထိ သူ့အာရုံထဲမှာ စွဲနေတုန်းပါလေ။ မေမေတဲ့။ တကယ်ပဲ အမေလို သဘောထားပြီး ချစ်တာကို သူသိနေတာအမှန်ပါ။ သို့သော် မာမီ့ကို တစ်စက်လေးမျှ ကြည့်မရဖြစ်နေသည့် လေးလေးနဲ့ဖြင့် ရေစက်မဆုံပေးချင်တော့ပါချေ။

မင်းနဲ့ငါတော့ ဒီဘဝမှာ ဒီလိုပဲ သူငယ်ချင်းဘဝနဲ့သာ ရှေ့ဆက်ကြဖို့ပဲ ရှိမယ်ထင်ပါရဲ့။ အဘယ်မျှ သံယောဇဉ်ရှိထားပါစေ မာမီ့ကို မုန်းနေပါသည့် လေးလေး၏လက်ထဲကိုတော့ ဘာကိုမှ မပေးချင်ပါ။

သို့သော် မာမီသာ အကယ်၍ ယခုတိုင် လေးလေးအပေါ် သံယောဇဉ်မကုန်သေးလျှင်တော့ သူတစ်မျိုးစဉ်းစားပေးရမှာလေ။

"ဒီကောင်လေး မရှိတော့ပါဘူး။ ဘာတွေ ဒီလောက်စဉ်းစားနေတာလဲ"





"မစဉ်းစားပါဘူး မာမီရယ်"

"ကောင်မလေးက ချောလည်းချော၊ ရည်ရည်မွန်မွန်လေးပါပဲ"

"ဟင်းဟင်း . . . မာမီ စိတ်ဝင်စားလာပြီလား"

"No ပါ၊ မင်းသား ကြပ်ကြပ်သတိထား"

"ညနေမိုးချုပ်ရင် ချုပ်မယ်နော်"

"ဟဲ့! . . . ဘယ်သူနဲ့ ချိန်းထားလို့လဲ"

"ဝယ်ရောင်းကိစ္စရှိလို့ပါ မာမီရယ်။ စိုးရိမ်တတ်လိုက်တာ"

"စိုးရိမ်ရတာပေါ့။ ဒီခေတ်မိန်းကလေးတွေအကြောင်း မင်းသိသားနဲ့"

"အဲဒီထဲမှာ ကြွေတော့မပါပါဘူးနော်"

"လင်းလက်ကြယ်"

သူ မာမီ့ကို နှာခေါင်းရှုံ့ပြလိုက်ပြီး ဈေးရုံမှထွက်ခဲ့ပါ၏။ မိန်းကလေးတွေနဲ့ တရင်းတနှီး မနေတတ်သည့်သူက ကြွေ့ကိုမှ ခင်မင်ရင်းနှီးရတယ်လို့။ စတွေ့ကာစက သနပ်ခါးရနံ့လေးကြောင့် သနပ်ခါးလေးဟု တိတ်တခိုး ခေါ်ဖြစ်ခဲ့တာက အမှတ်တရသညာလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြွေ ရင်ခုန်စေတဲ့အပြုံးလေးကြောင့် ကိုယ့်နှလုံးသားတစ်ခုလုံး အရည်ပျော်ကုန်တာကို သိပါရဲ့လား။ လူဆိုတာ 'မလုပ်ရ' ဆိုပြီး 'Don't!' ဟု တားမြစ်တာနဲ့ ပိုပြီးရှေ့တိုးချင်လာတာ သဘာဝပါပဲ။ ရဲရဲဝံ့ဝံ့)သာပြောခွင့်ရလျှင် ပြောပါရစေ။

မင်းကိုချစ်တယ် ကြွေ။

***



## အခန်း (၁၇)

ကုမ္ပဏီအစည်းအဝေးခန်းမှ ထွက်ခဲ့ပါ၏။ ဖေဖေက member လူကြီးတွေနှင့် စကားပြောရင်း နောက်မှာကျန်ခဲ့ပါသည်။ သူ့အလုပ်ခန်းသို့ ခပ်သွက်သွက်လှမ်းလာရင်း လည်ပင်းမှာ ပတ်ထားပါသည့် Necktie ကိုဖြေလျှော့လိုက်မိပါ၏။ ကိန်းဂဏန်းတွေ စာရင်းဇယားတွေက ဦးနှောက်ယန္တရားကို ဖောက်ထွက်လုမတတ် ပူလောင်စေတာအမှန်ပါ။

ရုံးခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်ပြီး သူ့လက်ထောက် စာရေးမလေး ခက်ခက်ကို ရေသောက်ချင်သည်ဟု ပြောလိုက်ပါ၏။ ထိုင်ခုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်မိပါသည်။

ဘဝက ပြီးပြည့်စုံသည်ဟု မြင်နေကြပေမယ့် တကယ်တမ်းလက်တွေ့မှာ ဟာလာဟင်းလင်းပြင်ကြီး မဟုတ်ပါလား။

"သောက်ရေ ရပါပြီ ... ကိုမိုးယံ"

"ကျေးဇူး"

"အမောပြေ သံပရာရည်ချိုချိုလေး ဖျော်ပေးရမလားဟင်"

သူ့မျက်နှာမဲ့တဲ့တဲ့ဖြစ်သွားရပါ၏။ သံပရာရည်တဲ့။ မေမေ့ကို သတိရစိတ်က အမြင့်ဆုံးသို့တက်သွားသည့်နှယ်ပါ။ ဒီလောက် အရာအားလုံးတူနေပါသည့်သူ့ကိုမှ ဖေဖေ့လက်ထဲထည့်ပေးခဲ့ရတယ်လို့။ ဆိုးတဲ့သားကိုပဲယူခဲ့တာတဲ့လား။ လိမ္မာတဲ့ ဒီသားငယ်လေးရဲ့ ဝမ်းနည်းအားငယ်စိတ်ကို မေမေမှ မသိမမြင်နိုင်တာလေ။

"ကိုမိုးယံ"

"မဖျော်နဲ့၊ ငါနဲ့မတည့်လို့ပါ"

"ဩော် ... Sorry!"

သောက်ရေကို ခပ်ဖြည်းဖြည်းမော့ချသောက်လိုက်ပြီး ဖန်ခွက်ကို ပြန်ပေးကာ လက်ပြလိုက်ပြီး အနားမှသွားရန် အချက်ပြ





လိုက်ပါ၏။ အိမ်မှာ အလိုလိုက်ခံရတာတော့အမှန်ပါ။ သို့သော် မိခင်နှင့် ဖခင်ရင်ခွင်က တူမှမတူတာလေ။ ခြားနားချက်တွေကို မမေမြင်ပါရဲ့လား။

ဝင်ပန်းပါသည်ဟု တန်းစီရေရွက်ပြခဲ့ပါသည့် ဖိုးကြယ်။ မဟုတ်သေးဘူး။ အခု သူ ကိုကိုဟု ခေါ်ရမှာလေ။ ကိုကို့ကို စာနာမိခဲ့ပေမယ့် အတွင်းစိတ်မှ တရားမျှတမှုမရှိသေးသလို ခံစားနေရတာ အဘယ့်ကြောင့်ပါနည်း။

မာမီဟု ဖွဖွခေါ်ခဲ့ရပါသည့် ဒေါ်ထက်ထက်စံ၏ပုံရိပ်က ဓာတ်ပုံထဲမှာ ခပ်ဝါးဝါးသာမြင်ရပြီး အပြင်မှာရှိနေပါသည့် မိခင်ရင်းအပေါ် သံယောဇဉ်တွယ်ငြိခြင်း၏ အဆုံးသတ်ရလဒ်က ဘာများပါလဲ။

"ကိုမိုးယံ MD ခေါ်နေပါတယ်ရှင်"

အတွေးတွေ လွင့်နေရာမှ သတိဝင်သွားရပါ၏။ အရင်လို အမြင်မကြည်တော့တာမျိုးမရှိတော့ပေမယ့် သူ့အပေါ် ဖေဖေ. ဆူပေါက်ကျင့်ကတော့ မလျော့သေးပါလား။ ဒီအဖေနဲ့ဒီသားက နှစ်ရှုဝအသံထွက်နေတာ မရိုးသော သဘာဝပါပဲ။

"ဘာများလဲ ဖေဖေ"

"အလုပ်ကို ပေါ့ပေါ့ဆဆ မလုပ်နဲ့လို့ ငါ ဘယ်နှစ်ခါ ပြော



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ"

"ဗျာ . . . ဘာကိုလဲ ဖေဖေရဲ့"

"ဘာဖြစ်ရမလဲ၊ အောင်ဟိန်းကုမ္ပဏီကို ပစ္စည်းပို့တာ တစ်ရာ တည်းဆို။ နောက်ထပ်လိုသေးတာ ဟိုက phone ဆက်ပြောနေပြီ"

"သူတို့မှာတာ တစ်ရာပဲလေ ဖေဖေရဲ့"

"ဘာကွ! . . . မင်းနားလေးနေပြီလား။ ဟိုက စာရင်းအတိ အကျမှာရင် ကိုယ်က အတိအကျစီစဉ်ပြီး ပို့ရမှာပေါ့"

"သူတို့က ခါတိုင်း fax နဲ့မှာနေပြီး အခုမှ ဖုန်းနဲ့ပြောတာ မရှင်းတာကိုး။ ကျွန်တော်က ခက်ခက်ပြောတဲ့အတိုင်း"

"ခက်ခက်က မန်နေဂျာလား။ မင်းက မန်နေဂျာလား"

"ဖေဖေ"

"ဒါ့ကို ကုမ္ပဏီမှာ အဖေမခေါ်နဲ့လို့ ပြောထားတာ မေ့လိုက် ပြီလား"

"ကျွန်တော် အမြန်ဆုံးပြန်စီစဉ်ပေးလိုက်ပါ့မယ်"

"ဟောကောင်!"

MD ရုံးခန်းထဲမှ လှည့်ထွက်ခဲ့ပါ၏။ စိတ်တိုမိတာထက် ဝမ်းနည်းမှုကသာ ပိုလာတာ သူကိုယ်သူ အသိဆုံးပါ။ သားဆိုပြီး





ယုယုတယ ချစ်ပြတာမျိုး ဘယ်တုန်းက ရှိခဲ့ပါသလဲ။ လူကို အမိန့်တွေ နဲ့သာ ဟိုဟာမစားနဲ့၊ ဒီလိုမနေနဲ့၊ ဒီကောင်နဲ့ မပေါင်းနဲ့၊ ဟိုလိုမလုပ်နဲ့ ဆိုပြီး 'Don't!' တွေနဲ့သာ ပြည့်နှက်နေခဲ့ရတာပါ။

"ကိုမိုးယံ . . . စောစောက"

"ငါသိတယ်"

"Phone နဲ့ပြောတာကို လက်ခံလိုက်မိတာ ခက်အမှားပါ။ တောင်းပန်ပါတယ်"

"ရပါတယ် လုပ်စရာရှိတာ ဆက်လုပ်ပါ။ သူတို့လိုအပ်တဲ့ ပစ္စည်းတွေ ရှိတာလောက်တယ်မဟုတ်လား"

"ဟုတ်ကဲ့ . . . စတိုခန်းမှာ ရှိပါတယ်"

"ပြီးရော"

ခက်ခက်က အရေးကြီးနေပြီမို့ ပစ္စည်းဂိုဒေါင်ရှိရာဆီ ကိုယ်တိုင်ဆင်းသွားပါ၏။ ဒီပုံစံနဲ့ ဆက်ပြီးနေလို့ရပါ့မလား။ ပင်ပန်းတယ် ဆိုတဲ့ ကိုကိုက မေမေရဲ့ ရင်ခွင်နဲ့ ပျော်မွေ့နေပြီး မပင်ပန်းဘူးဆိုသည့် သူက စိတ်ရောကိုယ်ပါ နွမ်းနယ်နေတာလေ။ ကန်စွန်းရွက် ရေနွေး ဖျောထားတာတောင်မှ သူလောက် နွမ်းပါ့မလား။

ဘာလုပ်နေလဲ ကိုကို။ ဒီရက်က ဝပ်ရှော့သွားရတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ပွဲစားတန်းမှာများ လျှောက်ပတ်နေပြီလား။ သို့တည်း မဟုတ် မေမေရှိနေပါသည့်ဆိုင်မှာပင် ရယ်ရယ်မောမောဖြင့် ဈေး ရောင်းနေပြီလား။

တစ်ခုခုကိုတော့ လုပ်နေပေမည်။ အလုပ်ဝင်နေပြီ ဖြစ်သည် သူကိုတော့ သတိမှုရပါလေစ။

နောင့်ယှက်ချင်တာမဟုတ်သော်ငြား စိတ်က အလိုမ ဖြစ်နေသဖြင့် phone ကို နှိပ်လိုက်မိပါ၏။ တော်ရုံနှင့် မကိုင်တာ အလုပ်ရှုပ်နေသည် ထင်ပါရဲ့။

ဈေးကြိုကုန်ပို့ဖို့အတွက် တစ်ပတ်ရစ် ကားလေး ဝယ်စီး မောင်းနေရင်လည်း bluetooth နားကြပ်လေးတပ်ပြီး သွားတာ တာက ကိုကို့အကျင့်ပင် မဟုတ်ပါလား။

"ဟဲလို!...ပြော ညီလေး"

ရင်ထဲ သိမ့်ခနဲ နွေးသွားရပါ၏။ ဖေဖေ့ကို လေးလေးဟု ခေါ်ပြီး သူ့စိမ်းဆန်ချင်ပါသည့်ကိုကိုက သူ့အပေါ်မှာဖြင့် နဂိုကတည်း က ချစ်ရင်းစွဲရှိခဲ့တာ သူ့အသိဆုံးပါ။ ဂျိုကျောင်ကျပြုရင်လည်း စိတ်မရှည်သလို အော်ငေါက်နေပြီး ပြောပြောဆိုဆိုနှင့်ပင် သူ့အ လိုက်လျောတတ်သည်က လင်းလက်ကြယ်ပါပဲ၊





"ကိုကို"

"အေး"

"စိတ်ညစ်တယ်"

"ညစ်ရင် Fuji နဲ့လျှော်လေ"

"အာ...တကယ်ပြောနေတာဗျ။ မနောက်နဲ့"

"ဟင်းဟင်း...အလုပ်မှာ အဆင်မပြေဘူးလား"

"နေ့တိုင်း လက်ဖက်ခြောက်ခပ်ခံနေရတယ်"

"ဖြစ်ရမယ်"

"ဘာချက်စားလဲဟင်"

"တီကောင်"

"ကိုကိုကလည်းဗျာ"

သူ စိတ်ညစ်နေသည်ဆို၍ အပြောင်အပျက် ပြောနေတာ ဖြစ်မည်ထင်ပါ၏။ ဒါကြောင့် အိမ်မှာနေရတာထက် မေမေ့အိမ်မှာ သွားနေရတာကို သူပျော်ပိုက်တာမဟုတ်ပါလား။

ဘယ်လိုက ဘယ်လိုဖြစ်ပြီး ကွဲသွားမှန်းမသိသည့် မိဘ နှစ်ပါးကို ပြန်ပေါင်းထုတ်ချင်ပေမယ့် ချင်းစိမ်းနဲ့ မိဿလင်ဖြစ်နေတော့ ခက်သားလား။



www.burmeseclassic.com

www.burmeseclassic.com



"အခုပြန်မှ ညနေစာချက်မှာလေ၊ ဘာလဲ လာစားမလို့လား"

"အင်း"

"ဒါဆိုလည်း လာလေ၊ မာမီ ကြံမဆိုင်စိမ်ပေးထားတာ ရလောက်ပြီ။ ကျော်ကျွေးမယ်"

"ဝက်သားနဲ့လား"

"ဒါပေါ့"

သူ ပြုံးလိုက်မိပါ၏။ ဘယ်တော့မဆို အိမ်မှာသာ အငြင်းစကားတွေသာ အမြဲကြားရတတ်ပြီး မေမေ့အိမ်မှဖြင့် သူသဘောသူ့အလိုအတိုင်း ဖြည့်ပေးတတ်တာ မဟုတ်ပါလား။ တစ်ပတ်လောက်ဖြစ်ဖြစ် ခဏလောက် လူလဲပြီးနေကြည့်လိုက်ချင်ပါရဲ့။

"စားလို့ပဲရလား အိပ်လို့မရဘူးလား"

"လေးလေးဗွမ်မှာပေါ့ကွ"

"ဒယ်ဒီလို့ခေါ်မှပေါ့"

"ဦးမြတ်ကျော်ကမှ ဌါဒယ်ဒီလေကွာ"

"ဖေဖေ့ကို အဲဒီလောက်ထိ မုန်းနေလား"

"မုန်းတော့မမုန်းပါဘူး"





"ဒါဖြင့် ချစ်တော့ ချစ်တာပေါ့လေ"

အသံတိတ်သွားပါ၏။ ဘယ်လိုပါလိမ့်။ မေမေ့ကိုပစ်ခဲ့ပြီး ဒေါ်ထက်ထက်စံနဲ့ လက်ထပ်လိုက်လို့လား။ ဒါမှမဟုတ် ဖေဖေ့ကို ပစ်ခဲ့ပြီး ဦးမြတ်ကျော်နဲ့ မေမေကပဲ လက်ထပ်ဖြစ်ခဲ့လို့များလား။

သူ ဘာကိုမှ ရေရေရာရာ မသိပါချေ။ သေချာတာတစ်ခုကတော့ သူဆိုသည့် မိုးယံထက်က မေမေ ဒေါ်လင်းလက်၏ သွေးသားရင်း အစစ်အမှန်သာ ဖြစ်နေတာပါ။

"ကိုမိုးယံ မပြန်သေးဘူးလား"

ရုံးခန်းထဲ ဝင်လာပါသည့် ခက်ခက်အမေးကြောင့် မှန်ချပ်များမှ တစ်ဆင့် ကားပါကင်ရှိရာဆီ လှမ်းကြည့်လိုက်မိပါ၏။ ကုမ္ပဏီ MD ကြီး၏ကားက ထွက်သွားလေပြီ။ အလုပ်လုပ်နေဆဲဟု ယူဆပြီး မခေါ်တာလား။

ဒါမှမဟုတ် တမင်တကာပင် ချန်ခဲ့လေသလား။ ကိစ္စမရှိပါ။ မခေါ်လည်း မလိုက်ရုံပါပဲ။

"ဖေဖေ မေးသေးလို့လား"

"ဟင့်အင်း . . . မေးတော့မမေးဘူး။ MD တော်တော်စိတ်ဆိုးနေတာထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြန်တော့မယ်၊ တကယ်လို့ နင့်ဆီကို ဖေဖေ ဖုန်းခေါ်ရင် ငါပြန်သွားပြီလို့သာ ပြောလိုက်"

"အိမ်မှာပြန်ရင်တွေ့မှာပဲကို"

"ငါ အိမ်ပြန်မယ် ပြောနေလို့လား"

"ဟင်! ... ဒါဖြင့် ဘယ်ကိုသွားမှာလဲ"

"ငါ့အမေအိမ်"

"ရှင်!"

သူ ကုမ္ပဏီရုံးခန်းမှထွက်ပြီး lift ဖြင့်ဆင်းကာ အောက်ဆုံးထပ်သို့ဆင်းခဲ့ပါ၏။ Hall ခန်းမှအပြင်သို့ထွက်ကာ ဝင်းထဲမှထွက်ခဲ့ပါသည်။ ကုမ္ပဏီဝင်းရှေ့မှ ဆက်လျှောက်ရင်း taxi တားရန် စောင့်နေစဉ် အဝေးမှလာနေပါသည့် ကားတစ်စီးကို လှမ်းမြင်လိုက်ပါ၏။ လူမပါလာသည့် taxi ကိုမြင်လိုက်သဖြင့် လက်ပြတားကာ တက်စီးလိုက်စဉ် ကားဟွန်းသံနှစ်ချက်ကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ပါ၏။

ဘယ်သူ့ကားမှန်းမသိသဖြင့် ခေါင်းပြန်လှည့်ကာ ကားဆရာကို သူသွားရမည့်လိပ်စာကို ပြောလိုက်ပါသည်။ အမှားဆိုတာ လူတိုင်းအတွက် တစ်ကြိမ်တစ်ခါတော့ ရှိကြမှာပါ။ သို့သော် ပြင်လို့ရသည့်





အမှားမျိုး သေးသေးမွှားမွှားသာ ဖြစ်သင့်တာပါလေ။ ဒါဖြင့် သူ့မှားမိသည့်အပြစ်က အဘယ်မျှကြီးလို့ပါလိမ့်။

"ဒီလမ်းဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဘယ်အိမ်ရှေ့လဲ"

"တိုက်ပုလေးခြံရှေ့ပါ"

"ဟုတ်ပြီ"

ကားခကို ပိုက်ဆံအိတ်အပြားလေးထဲမှနှိုက်ကာ ကိုင်ထားပါ၏။ အိမ်အရင်ရောက်နေပါသည့်ဖေဖေက သူ့ကို လှမ်းမြင်နိုင်တာပါ။ ကားရပ်လိုက်စဉ် ကားခပေးကာ ကားပေါ်မှ အမြန်ဆင်းလိုက်ပါသည်။ ခြံတံခါးအသေးလေးကို တွန်းဖွင့်လိုက်သလို အင်္ကျီအတွင်းအိတ်မှာ ထည့်ထားပါသည့် ဖုန်းကို power off ပိတ်လိုက်ပါ၏။

ကဲ! ... ဒါဖြင့် ဆက်သွယ်လို့မရတော့ပါ။ ဆူချင်ရင် လိုက်ရှာပေတော့ ဖေဖေ။ ကျွန်တော်တော့ လောလောဆယ် ဒီည အိမ်ပြန်ဖို့ စိတ်ကမရှိတော့တာမို့ ဒီဘက်ခြံက မေမေ့အိမ်မှာပဲ နေပါတော့မယ်။ စကားမပြောချင်လည်း နေပါစေတော့နော်။

အိမ်တံခါး အသာပဲ စေ့ထားတာမို့ တွန်းဖွင့်၍ ဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ညှော်ခန်းမှာ ဘယ်သူမှ ရှိမနေသဖြင့် အတွင်းခန်းဘက် ဆက်ဝင်ခဲ့ပါ၏။

အိမ်နောက်ဖေးမီးဖိုခန်းမှာ ရယ်မောရင်း စကားပြောသံတွေ အတိုင်းသားကြားလိုက်ရသဖြင့် ခြေလှမ်းကို ခဏရပ်လိုက်မိလေသည်။ မေမေနဲ့သားကြီးက နေ့တိုင်းရယ်မောခွင့်ရနေတာ မဟုတ်ပါလား။

"ထူးထူးဆန်းဆန်းပါလား။ ခါတိုင်း စားသွားပါဦးဆိုပြီး အတင်းကျွေးတာတောင် ငြင်းတဲ့ကလေးက အခုတော့ တောင်းဆိုတတ်ပါရော"

"ဒီကောင် ညပါအိပ်ချင်လားမသိပါဘူး မာမီရာ"

"သူ့အဖေသိရင် ပြဿနာက ဖြစ်ဦးမယ်"

"မေမေ"

"ဟဲ့!... ပလုတ်တုတ်! ရောက်လာပြီလား။ အသံလေး ဘာလေး ပြုဦးမှပေါ့ သားရယ်"

မေမေထိုင်နေတာကို နောက်ကျောဘက်မှ သိုင်းဖက်လိုက်မိပါ၏။ ကိုကိုက ဟင်းချိုအိုးထဲကို ဆားအနည်းငယ်ထည့်ပြီး မြည်းနေရင်း လှည့်ကြည့်လိုက်လေသည်။ ညနေခင်း ရေချိုးပြီးချိန်မို့ မေမေ့ထံမှ သနပ်ခါးနံ့က သင်းပျံ့မွှေးကြိုင်နေပါ၏။ ပါးပြင်ကို ငုံ့မွှေးမိစဉ်





မေမေက လှီးလက်စ ဝက်သားပြုတ်သုံးထပ်သားအပါးလေးကို ခွံ့ကျွေးလိုက်လေသည်။

ဒီညတော့ သူ့အတွက် အပျော်ဆုံးညပါပဲနော်။ ကျေးဇူးပါ မေမေ။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အရုဏ်ဦးနေခြည်က ခေါင်းရင်းပြတင်းပေါက်မှ ထိုးနေပေမယ့် မျက်စိမှိတ်ထားမိတုန်းပါ။ မိုးစင်စင်လင်းနေပြီဖြစ်ပေမယ့် သူ့ကိုဘယ်သူမှလာမနှိုးကြသဖြင့် ဆက်ပြီးအိပ်နေတုန်းပါပဲ။ မျက်စိကို မဖွင့်သေးပဲ ဖက်လုံးကို ဖက်ပြီးခွထားမိနေရင်း အနောက်ဘက်ကို လက်ပြန်၍ စမ်းလိုက်မိပါ၏။

ခပ်နွေးနွေးကိုယ်ခန္ဓာကို စမ်းမိသဖြင့် သူ ပြုံးရင်း အသာလှည့်ကာ ခပ်ဖွဖွဖက်လိုက်မိပါသည်။ ခန္ဓာကိုယ်တောင့်တင်းပြီး အမြဲတစေ အသားနွေးနေတာက ကိုကိုဖြစ်ပြီး သူက ကိုယ်ခန္ဓာ ခပ်ပါးပါး





ဖြင့် အမြဲတမ်း အေးစက်နေတတ်တာလေ။ စွပ်ကျယ်လက်တိုအဖြူနှင့်အောက်ခံဘောင်းဘီတိုပါ ဆင်တူဝတ်ထားတာမို့ သူတို့တီးတိုးရယ်လိုက်မိပါ၏။

"နိုးနေရင်လည်း စောစောထပြန်လေကွာ"

"မပြန်ချင်ပါဘူး။ ဒီနေ့ Sunday ပဲကို"

"Sunday က အကြောင်းလား။ မင်းကို လေးလေးရှာနေမှပြဿနာဖြစ်မှာ"

"ရှာပါလေ့စေ"

ခေါင်းရင်းလိုက်ကာကို အသာဆွဲလှန်၍ တစ်ဖက်ခြံသို့ ကြည့်လိုက်ပါ၏။ တိတ်ဆိတ်နေပါသည့် တိုက်ကြီးကြောင့် မျက်နှာကိုမဲ့လိုက်ပြီး ခေါင်းအုံးထက် ပြန်လှဲချလိုက်ပါသည်။ ဆူပူဖို့ပဲ သတိတရရှိတဲ့သားကို ပျောက်တာနဲ့ ရှာပါ့မလား။ ဝေးပါရဲ့။

"ကိုကို"

"အင်း"

မျက်လုံးမဖွင့်ဘဲ ပြန်ထူးလိုက်ပါသည်။ ကိုကို့မျက်နှာကို သူကြည့်လိုက်မိ၏။ ဆံပင်ဘုတ်သိုက် ဖြစ်နေလည်း ကြည့်ကောင်းနေတာပါပဲလား။ ဒီမျက်ခုံးထူထူ၊ နှုတ်ခမ်းမွေးရေးရေးနဲ့ ခပ်ဂျစ်ဂျစ်ပုံစံကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကောင်မလေးတွေ အပြုတ်နိုက်ကြတာလေ။ လက်ပိုက် ကွေး အိပ်နေပါသည့် ကိုကို့မျက်နှာထက် ရေးရေးမျှ ပြုံးလိုက်လေ၏။ ဘာများ သဘောကျလို့ပါလိမ့်နော်။

"ဘာပြုံးတာလဲ"

"အစ်ကိုကိုလည်း ငမ်းတာပဲလား"

"အာ . . . ကြည့်တာပါဗျာ"

"မင်း ဒီလိုကြည့်ပုံနဲ့ ကောင်မလေးတွေ ထွက်ပြေးလိမ့်မယ်"

"မပြေးပါဘူး။ နောက်ကတောင် လိုက်ချင်နေကြတာဗျ"

"အပြောက မလျှော့ပါလား"

"ကိုကို"

"ပြော"

"ဒီမှာ အပြီးလာနေလို့ မရဘူးလား"

ဖျတ်ခနဲ မျက်လုံးပွင့်လာလေ၏။ နိုးတာချင်းအတူတူ ကိုကို မထသေးတာမို့ သူလည်း အပျင်းကြီးနေမိတာပါ။ ခါတိုင်း မနက် (၆) နာရီဆိုတိုက်ဘေးမှာ Boxing လေ့ကျင့်နေကျ ဖြစ်ပြီး ဒီနေ့ တာလို့ ပြင်းပြနေတာပါလိမ့်။

"ဘယ်ဖြစ်မှာလဲ။ လေးလေး ပွမ်မှာပေါ့"





"ဖေဖေ့ကို ပြောပြလိုက်မှာပေါ့။ မေမေ့သားဖြစ်တဲ့ အကြောင်း"

"ရပါလိမ့်မယ် အားကြီးကြီး။ ယုံမယ်မထင်ဘူး မောင်မိုးယံ"

"ဒါဆို ဘယ်တော့ပြောမှာလဲ"

"အဲဒါ လူကြီးတွေကိစ္စလေကွ။ ငါတို့နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျ။ ကိုကိုနဲ့ ကျွန်တော်က ညီအစ်ကိုအရင်းကြီး ကို ခွဲထားစရာလား"

"မင်းကတော့ တကယ့် ဂျိုက်ရောင်ပဲ"

"မေမေနိုးပြီလား မသိဘူး"

"သွားမနှောင့်ယှက်နဲ့။ ဒီအချိန် ဘုရားရှိခိုးရင်း ပုတီးစိပ်နေပြီ"

"သော်"

မျက်နှာကြက်မြှုံမြှုံကို ငေးကြည့်နေမိပါ၏။ မာမီပြောလိုက်တဲ့အတိုင်း ဒီကောင် ယုံနေပုံပါလား။ ဝမ်းနည်းအားငယ်နေသည့် ကလေးကို မာမီ အလိုက်သင့်လေး ပြောတာမှန်း သူသိနေပါသည်။ ခက်တာက ဒီကောင် အစွဲအလမ်းကြီးပြီး ရှေ့ဆက်တိုးချင်နေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်း ဝိုင်းအလိုလိုက်ထားတာဖြစ်ပါလျက် မိခင်ဝတ်နေသည့်စိတ်က မည်သို့ အာသာပြေပါ့မည်နည်း။ ဒီတိုင်း အနံ့ထိ ခေါ်နေလျက်မှ မေမေဟုပြောင်းခေါ်ပုံက စိတ်လိုလက်ရပင် မဟုတ်ပါ လား။

သူက ရက်စေ့ လစေ့ မွေးဖွားခဲ့တာမှန်ပေမယ့် လမစေ့ဘဲ စောမွေးခဲ့ရသည့် မိုးယံထက်တစ်ယောက် ရောဂါချူချာနေတာ အဆန်းမှ မဟုတ်တာပါ။

"ဂျိုင်း! ဂျိုင်း!"

"ဒေါ်လင်းလက်! ဟေ့! ဘယ်သူမှ မနိုးကြသေးဘူးလား"

"ဟော!"

"ရှူး! တိုးတိုး ဖေဖေလိုက်လာပြီထင်တယ်"

"ထင်မနေနဲ့။ တကယ်ရောက်လာတာ"

ခုတင်ထက် ၀ပ်တုတ်ထိုင်လိုက်မိကြစဉ် နောက်ဖေးခန်းဘက်မှ ခြေသံတရှပ်ရှပ် ကြားလိုက်ရပါ၏။ မာမီ ဘုရားရှိခိုးပြီး မီးဖိုချောင်ဝင်နေတာမို့ တော်ပါသေးရဲ့။

ဒေါ်သကူမှာရကဖြင့် စောစောစီးစီး လာသောင်းကျန်းချေပြီ ဘာတွေ ဘယ်လိုဆက်ဖြစ်တော့မှာပါလိမ့်။





"ဘယ်လိုဖြစ်နေတာလဲရှင့်။ စောစောစီးစီး အော်ဟစ်သံနဲ့"

"မင်းအိမ်မှာ ငါ့သားရှိနေတယ် မဟုတ်လား"

"ဟုတ်ချင်ဟုတ်မှာပေါ့"

"ဘာကွ! ငါ့သားကို မင်း သွေးဆောင်ဖြားယောင်းထားတာ လား။ ပြန်ပေးဆွဲထားတာလား မှန်မှန်ပြော။ ငါ့မှာ သားပြန်မလာလို့ တစ်ညလုံးအိပ်မပျော်ဘူး။ အတော်အကျင့်မကောင်းတဲ့မိန်းမ"

"ဘာရှင့်! ရှင် စကားပြောတာ အတော်လွန်နေပြီနော်"

"ဘာလွန်လို့လဲ။ မင်းသာ ကလေးကို ငါမသိအောင် ခေါ်ထားတာ။ ရဲတိုင်လို့ရတယ်ကွ မှတ်ထား"

"အံမာ။ ရှင့်သားက (၃) နှစ်သားကလေးမို့လို့လား။ သူ့ခြေထောက်နဲ့သူရောက်လာတာ။ ရှင့်အိမ်ကို မပြန်ချင်လို့ ဖြစ်မှာပေါ့။ ကလေးကို ဘယ်လောက်များ အပြစ်ရှာနှိပ်စက်နေမှန်းမသိ အိမ်က ထွက်ပြေးတာပဲကြည့်"

"ဘာ!"

"ရှင်သာ ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမခံချင်ရင် ခုချက်ချင်း ပြန်ပါ"

"အောင်မာ။ ငါ့သားမပါဘဲ မပြန်နိုင်ဘူး။ ဟေ့ကောင် ဖြိုးသံ



www.burmeseclassic.com

www.burmeseclassic.com



ထက်၊ ခုချက်ချင်း ထွက်လာစမ်း! မင်းမလာရင် ငါဝင်လာမှာနော်”

အိမ်တံခါးကို သော့ခတ်ထားပါလျက် အပြင်ကနေ လေသံကောင်း ဟစ်နေတာပါလား။ မိုးယံတစ်ယောက် မျက်စိမျက်နှာပျက်ချေပြီ။ အဖေဖြစ်သူနဲ့ ခဏတာစိတ်ကောက်ပြီး တစ်ညတာ ဒီအိမ်လာအိပ်တာက ခပ်ပေါ့ပေါ့လေးဖြစ်ပေမယ့် အခုတော့ဖြင့် အကြီးကြီးဖြစ်ပါရောလား။

အခြေအနေက သူဝင်မပါလို့ မဖြစ်တော့ပါ။ မာမီချည်း အော်ဟစ်ခံနေရတာမို့ အခန်းထဲမှ မြန်မြန်ထွက်လိုက်ရပါ၏။

“ဟော! ထွက်လာပါပြီ ကလိမ်ကကျစ်ကောင်။ ဘယ်မှာလဲ ငါ့သား”

“ရှင်နော် ကျွန်မသားကို ဘာကလိမ်ကကျစ်လဲ”

“မဟုတ်လို့လား။ ရှိနေရင် ညကတည်းက ဖုန်းဆက်ရင်ဆက်၊ လုမ်းပြောချင်ပြောရတာပဲကို။ ရေငုံနှုတ်ပိတ်နေတာ ကလိမ်ကကျစ် မဟုတ်လို့ ဘာလဲ။ မင်း မှန်မှန်ပြောစမ်း။ ညက ငါ့သားကို မူးအောင်တိုက်ထားတာ မဟုတ်လား”

“မတိုက်ပါဘူး လေးလေးရာ”

“ဘာမတိုက်ဘူးလဲ။ သူ မမူးဘဲနဲ့ အိမ်မပြန်လာစရာ





အကြောင်းမှမရှိတာ။ အဖေနဲ့ ဘယ်တုန်းက တစ်ညတောင်ခွဲဖူးလို့လဲ”

ဦးမိုးသောက်တစ်ယောက် သားဖြစ်သူကို ဥစ္စာခြောက်နေတာမို့ ဒေါ်လင်းလက်မျက်နှာကို မဲ့လိုက်မိ၏။ ဒါကြောင့် ဒင်းနဲ့ ရှေ့မဆက်ဘဲ လမ်းခွဲဖြစ်ခဲ့တာလေ။ ဒင်း အဲဒီလိုစိတ်ကြီးတတ်လို့ ဒင်းနဲ့ ကျွန်မကြားက လျှို့ဝှက်ချက်ကြီးတစ်ခုကို တစ်သက်လုံး မပြောဘဲ ဖုံးကွယ်ထားဖြစ်ခဲ့တာပဲ ကြည့်ပါတော့ . . .။

သားက အိမ်တံခါး (ဘာဂျာတံခါး) သော့ကို ဖွင့်ပေးလိုက်ပါ၏။ အတွင်းသစ်သားတံခါးကို မနက်မိုးလင်း နေရောင်ဝင်အောင် ဖွင့်ထားပြီးသားမို့ ဧည့်ခန်းအထိ ဝင်ချလာပါသည့် ဒင်းမျက်နှာကြီးက နီရဲနေလေသည်။

မမြင်ချင်ပါဘဲ မျက်နှာချင်းဆိုင်တွေ့ကြလေပြီကော။ ဟိုတုန်းကတော့ တစ်နေ့မမြင်ရရင် သေမတတ် စွဲလမ်းခဲ့ဖူးသည့် အရင်းနှီးဆုံး သူစိမ်းနှစ်ဦးရဲ့ပြန်ဆုံပွဲက သားလုပွဲတဲ့လေ။

“ဘယ်မှာလဲ . . . ငါ့သားကို ခေါ်ပေး”

“ရှင် ဒီလောက်အော်ဟစ်နေတာ ကလေးက ထွက်လာရဲပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဝင်မပါပါနဲ့၊ ဒါ ... ငါနဲ့ ငါ့သားကိစ္စပါ"

"လေးလေးသား ညက ကျွန်တော့်ရုတင်မှာ အိပ်ပျော်သွားတာနဲ့ မပြန်ဖြစ်တာပါ"

"နိုးပြီး လွှတ်ပေါ့ကွ"

"ဩော် ... အိပ်ပျော်နေပါပြီဆိုမှ နိုးရိုးရလား။ ဘယ်လိုအဖေမှန်းမသိ"

"ဘာပဲဖြစ်ဖြစ် phone ဆက်မှပေါ့ကွ၊ အဖေတစ်ယောက်လုံး စိတ်ပူနေမှာ မသိဘူးလား။ အေး! ဘယ်သိပါ့မလဲ၊ မင်းက 'အဖေမှ'"

"ဦးမိုးသောက်!"

မာမီ ပိတ်အော်လိုက်တာမို့ သူပင် လန့်သွားရပါ၏။ 'အဖေမှ မရှိတော့တာကိုး' ဟု ပြောထွက်တော့မည့် လေးလေးအသံကိုပဲ ဖုံးသွားလေသည်။

သည်းခံနေရာမှ မာမီ အဘယ့်ကြောင့် ဒေါသထွက်လာပါလိမ့်။ သူ့နောက်ပါးဆီမှ ခြေသံမွှမ့်နှင့်အတူ 'မိုးယံ' ထွက်လာလေ၏။

"ကြည့်စမ်း! ဒီပုံစံနဲ့ ညအိပ်တယ်ပေါ့လေ၊ မင်းကို နွေးနွေးထွေးထွေး ညအိပ်ဝတ်စုံနဲ့ အမြဲအိပ်ဖို့ ငါ မှာထားတာ မေ့သွားပြီ





လား။ ဆောင်းတွင်းကြီး ဒီလောက်အေးကာ အေးနဲ့"

"အေးစက်စက်မိုတာကြောင့် သားသမီး အအေးမိတာ ဆန်းမလား။ ကျွန်မအိမ်က မိခင်ကိုယ်ငွေ့နဲ့ နွေးထွေးပြီးသား။ ဘာမှအအေးမိစရာအကြောင်းမရှိဘူး"

"တောက်! မင်းကြောင့် ငါ အပြောခံရတာ မြင်လား"

"ကျွန်တော် မလိုက်ဘူး ဖေဖေ"

"ဘာ!"

သူ မျက်လုံးပြူးသွားရပါ၏။ ဘယ်လိုခွန်အားမျိုးနဲ့များ အဖေဖြစ်သူကို ဆန့်ကျင်ပြရဲတာပါလိမ့်။ ဒီထက်ပိုပြင်းထန်လာပါက မာမီနှင့်လေးလေးကြားမှာ ညှိမရတဲ့အထိ ဖြစ်ကုန်မှာပါ။ ဒီချာတိတ်ကဖြင့် အရိပ်အခြည်မသိတဲ့နေရာမှာ Number One ပါပဲ။ သူ့နောက်ကျောမှာ ကွယ်ပြီး ရပ်နေပြန်လေပြီ။ ခက်ပါရော 'မိုးယံထက်' ရယ်။

"မေမေနဲ့ပဲ နေတော့မယ်"

"မင်း! မင်းတို့သားအမိ ငါ့သားကို ဘာမဟုတ်တာတွေ ပြောထား၊ လုပ်ထားပြန်ပြီလဲ"

"ရှင့်ပုံစံက ဘီလူးသရဲစီးသလို ဖြစ်နေမှတော့ ကလေးက ပြန်လိုက်ရဲပါ့မလား။ ချော့မော့ခေါ်မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချော့ရအောင် ကလေးမှ မဟုတ်တာ"

"ကလေးမဟုတ်လို့ အိမ်က ဆင်းတာပေါ့။ အသက်ပြည့်နေတဲ့ ကလေးကိုများ သွေးဆောင်သလေး ဘာလေးနဲ့ တရားက စွဲချင်သေး"

"မိုးယံထက် ... မင်းတော့လား"

"မိုးယံကို ရိုက်တော့မရိုက်ပါနဲ့ လေးလေး။ အပြစ်ကြီးကြီးမားမားလုပ်တာမှ မဟုတ်တာ။ ကျွန်တော် တောင်းပန်ပါတယ်"

"မလိုပါဘူး ငါ့သား ငါ ဘာလုပ်လုပ်"

"ရှင် ကတိမပေးနိုင်ရင် ခေါ်သွားဖို့ စိတ်မကူးနဲ့"

"ဘာကွ!"

"အလကားနေ သားကို ဥစ္စာခြောက်နေတဲ့ ဥစ္စာရှူးကြီး"

"ဘာ! ဘာပြောတယ်၊ မင်းကမှ သူများသားသမီးကို အချောင်လိုချင်နေတဲ့ လောဘကြီးတဲ့ မိန်းမကွ"

"အမယ်လေး ... အပိုတွေ ပြောမနေနဲ့၊ ကျွန်မမှာရှိတဲ့ သားတောင် ချစ်လို့ မကုန်နိုင်ဘူး။ ရှင့်သားကို မွေးပဲခေါ်ခေါ်၊ ကုန်ဆုံးပြီးပဲ ခေါ်ခေါ်၊ ခေါ်ချင်သဲလို ခေါ်သွားပေတော့"

"မိုးယံ ... လာခဲ့"





"ဟင့်အင်း"

"လာခဲ့လို့ ငါပြောနေတယ်နော်၊ ငါ့စိတ်ကို မင်းအသိဆုံး"

မျက်ရည်ဝဲနေပါသည့် မိုးယံကို သူ ကရုဏာသက်မိနေပါ၏။ 'မပေါင်းနဲ့၊ မခေါ်နဲ့၊ မသွားနဲ့'ဟု အဘယ်မျှ တားဆီးနေပါစေ သူရှိရာနေရာသို့ အခဲကိုးပြီး ရောက်လာတတ်သည့်အကျင့်က ယခုတိုင်ရှိနေတာလေ၊ သူတို့နှစ်ယောက်ဘဝက နီးလျက်နဲ့ ဝေးနေရသလိုပါပဲလား။ ဒီလူကြီးနှစ်ဦးရဲ့အမုန်းတံတိုင်းကြီးက ဘယ်တော့ပြိုလဲကျမှာပါလိမ့်။

"ကိုထက်"

"ဗျာ"

"ပြန်လိုက်သွားလိုက်ပါ သားရယ်၊ နောက်ကို ဒီအိမ်လာမယ်ဆို အန်တီလေးကိုပဲဖြစ်ဖြစ် ခွင့်တောင်းပြီးမှ လာနော်"

"ဟုတ်ကဲ့"

လေးလေးခေါ်တုန်းက ခေါင်းချည်းခါပြနေပါသည့် 'မိုးယံထက်' က မာမီ တစ်ခွန်းတည်း ပြောလိုက်သည်နှင့် ခေါင်းကို ဆတ်ခနဲ ညိတ်ပြပြီး (ညကဝတ်လာသည့် suit တစ်စုံရော ရှပ်အင်္ကျီကိုပါ ဝင်ယူကာ) တိုက်ပုလေးထဲမှ ခပ်ကုပ်ကုပ် ထွက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လေးလေး၏အကြည့်ရှုးတို့က မာဒ့ီထံမှာ ရှိနေသလို လက်သီးကို ကျစ်ကျစ်ဆုပ်ထားလေသည်။ ဒါဖြင့် မာမီကရော လက်ကိုပိုက်ထားပြီး အေးအေးဆေးဆေး ပြန်ကြည့်နေလေ၏။ ရင်မောရပါလားနော်။

***



## အခန်း (၁၉)

ကြီးမေ ချက်ပြုတ်နေတာကို သင်းသင်း ကူပေးနေသဖြင့် Bell မြည်သံကြောင့် 'ကြွေ' ပင် ထလိုက်ရပါ၏။ လက်ထဲမှ ပေါင်မုန့်ထောပတ်သုတ်ကို 'ရန်လုံ'၏ ပန်းကန်ထဲသို့ ထည့်ပေးပြီးမှ အိမ်ရှေ့ဘက်သို့ ထွက်ခဲ့ရပါသည်။ စောစောစီးစီး ဘယ်က ဧည့်သည်ရောက်လာပြန်ပါလိမ့်။

"ဟောတော် ... မမရော မဝါပါလား ဘယ်ကနေ မျက်စိလည်လာကြတာလဲ"

"မျက်စိလည်တာ မဟုတ်ဘူး ကြွေ၊ ဒီကို တမင်ပဲ လာတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ 'ကို' ရှိရဲ့လား"

"ရှိတာပေါ့ . . . ရေချိုးနေတယ် ထင်တာပဲ"

"ဘယ်သူလာတာလဲ, သမီး"

"မမတို့ပါ ကြီးမေ"

နောက်ဖေးဘက်သို့ လှမ်းပြောလိုက်ပြီး ဧည့်ခန်းမှာ ထိုင်နိုင်းလိုက်ပါ၏။ အထူးတလည် ဧည့်ခံရမည့် ဧည့်သည်မဟုတ်တာမို့ ကော်ဖီဖျော်ရန် လှည့်ဝင်ဖို့ ပြင်လိုက်စဉ် မမက ကြွေ့လက်ကို လှမ်းဆွဲထားလိုက်လေသည်။ ဘယ်လိုလဲ . . . ကိုကြီးနဲ့ တွေ့ဖို့ ရောက်လာတာ မဟုတ်ဘူးလား။

"ကြွေ . . . ဘယ်သွားမလို့လဲ"

"မမတို့ဖို့ တစ်ခုခုသွားဖျော်ပေးမလို့ပါ"

"အဲဒါ အရေးမကြီးဘူး။ ဒီမှာ လာထိုင်စမ်းပါ"

"ဘာဖြစ်လို့လဲ မမ၊ အရေးကြီးလို့လား"

"အေး . . . ကြီးတယ်"

နောက်လမှာပင် မင်္ဂလာပွဲ ကျင်းပဖြစ်တော့မည့် မမက ဘာကိုများ အရေးကြီးလာတာပါလဲ။ ကိုကြီးနဲ့များ . . . ဖွ! . . . လွဲပါစေ။ မမတို့အရွယ်က စိတ်ကို အလိုလိုက်တတ်ကြသည့်အရွယ်မှ





မဟုတ်တာလေ။ အကယ်၍ ခရီးလွန်သွားပါကလည်း မင်္ဂလာပွဲကို ရွှေ့ကို တိုးလိုက်ရုံသာ ရှိတာပါ။ ဒါဖြင့် ဘယ်အရာကများ ဒီအစ်မ နှစ်ယောက်ကို အရေးကြီးစေပါသလဲ။ နှစ်ယောက်ထိုင်ဆက်တီမှာပင် မမနဲ့အတူ ဝင်ထိုင်လိုက်ရလေ၏။

"ဘာများလဲဟင်"

"နင် . . . ဟိုတစ်ယောက်အကြောင်း ဘယ်လောက်အထိ သိထားလဲ ကြွေ"

"ဟင် . . . ဘယ်တစ်ယောက်ကို မေးတာလဲ"

"ကျစ်! . . . မိုးယံကို ပြောနေတာလေ"

"မိုးယံ"

"အေး"

"ကိုမိုးယံထက်လား"

"အမှန်ပဲ"

'ကြွေ' အူကြောင်ကြောင်ဖြစ်သွားရပါ၏။ ရင်တွင်းမှ ထိတ်သွားရတာတော့ အမှန်ပါ။ ဘာလို့ ဒီလိုမေးတာပါလိမ့်။ သင်တန်းပြီးသွားကတည်းက 'ကြွေ့' ကို ပဟေဠိဆန်သည့် အကြည့်၊ အပြောတွေနဲ့ တစ်ယောက်တည်း ကျန်ရစ်စေခဲ့တာလေ။ လွမ်းတော့ လွမ်း



www.burmeseclassic.com

www.burmeseclassic.com



နေစဲပါ။ သို့သော် ဘာခေါင်းစဉ်မှ မတပ်ထားသည့် ကာရန်မဲ့ကဗျာ တစ်ပုဒ်နယ် စမ်းတဝါးဝါးပါပဲ။

"ဟင့်အင်း"

"ဟဲ့! . . . ဘာကြီးလဲ"

"ကြွေမှ မသိတာ၊ ဒီလိုပဲ သင်တန်း (၆) လ လာတက်သွား လို့ ခင်မင်ရုံပဲဟာ"

"ဟင် . . . ဒီထက် မရင်းနှီးခဲ့ဘူးလား"

"ဟင့်အင်း . . . ဘာဖြစ်လို့လဲ၊ မမတို့ပဲ မရင်းနှီးရဘူးဆို"

အစ်မနှစ်ဦး၏မျက်စောင်းက 'ကြွေ' ထံ ပြိုင်တူရောက်လာ လေသည်။ အလို! . . . ဘယ်လိုကြီးပါလိမ့်။ လူကို မျက်လုံးပြူးပြီး ဆူပူပြောဆိုခဲ့ကြတာက သူတို့မဟုတ်သလိုနှယ်ပါ။ အခု သိပ်မရင်းနှီး ဘူးဆို ပြန်တော့လည်း တစ်မျိုးဖြစ်ပြန်ပါရောလား။ သူနဲ့ 'ကြွေ' ကြားမှာ ဖြစ်တည်ခဲ့ပါသည့် သံယောဇဉ်က မြင်မှမမြင်နိုင်တာလေ။ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရောက်ခဲ့တာကိုတော့ ကာယ ကံရှင်ဖြစ်သည့် သူနှင့် 'ကြွေ' တို့သာ သိနိုင်တာပါ။

"မိန်းမသုံးယောက်ဆုံရင် အတင်းတဲ့၊ ဘယ်သူ့အတင်း ပြော နေကြသလဲ"





"အတော်ပဲ 'ကို' . . ပြောချင်နေတာ လျှာကို ယားနေတာပဲ"

"ဟုတ်ပါ့ . . . အတင်းမဟုတ်ပါဘူး ကိုအာကာရယ်၊ သတင်းပါ၊ သတင်းမှ အထူးသတင်း"

"တယ်ဟုတ်ပါလား . . . မှုးတို့ကို ဘာနဲ့မှ ညှော်မခံထားပါ လား, ကြွေ"

"သူ့ကို တမင် မသွားနိုင်းတာပါ 'ကို' . . ."

ကိုကြီးက 'ကြွေ့' အနီးရှိ တစ်ယောက်ထိုင်ခုံမှာပင် ဝင် ထိုင်လိုက်လေ၏။ ဘာကို အရေးကြီးမှန်း မသိသေးတာမို့ ခုထိ ဘာကိုမှ 'ကြွေ' နားမလည်နိုင်သေးပါ။ သူ့အကြောင်းက ဘယ်လို ဖြစ်ပြီး အရေးကြီးသတင်း ဖြစ်ရတာပါလိမ့်။ မဟုတ်မဟတ်တွေတော့ ဘုရားသိကြား မ,လို့ မဖြစ်ပါစေနှင့်ဟု စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်း မိသည်က 'ကြွေ' ရယ်ပါ။

"ဘာသတင်းများလဲ"

"အရင်ဆုံး ပြောချင်တာက 'ကို့' ကိုပါ"

"ဘာကိုလဲ"

"ညီမလေးကို နှမြောတာသ ဖြစ်နေမှာစိုးလို့လေ"

"ကြဲကြဲဖန်ဖန် . . . ကိုယ်က ဒီလောက်ကြီး 'ကြွေ့'အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မအုပ်စိုးထားပါဘူး ဖူးရယ်"

"ကောင်းပြီလေ ... ဒါဖြင့် ပြောတော့မယ်"

ပြောတော့မယ်ဆိုပြီး ဆက်မပြောသေးဘဲ ရပ်ထားလေ၏။ သင်းသင်း ယူလာပေးသည့် လိမ္မော်ရည်ကို နှစ်ယောက်စလုံး ဖန်ခွက် လှမ်းယူ၍ မော့သောက်လိုက်လေသည်။ တော်တော် ရင်မောလာပုံ ပါပဲ။ ဘယ်လိုလဲ ကိုမိုးယံ။ ရှင်က 'ကြွေ့'အပေါ်မှာရော၊ အစ်မတွေ ကိုပါ ရင်မောစေလေသလား။ ရှင် ဘယ်သူပါလဲ။

"ပြောမယ်ဆို ပြောလေ"

"ပြောမယ် ... ဖေဖေ့မိတ်ဆွေ ကုမ္ပဏီထောင်တဲ့ ဦးမိုး သောက်ကို သိတယ်မဟုတ်လား"

"အင်း ... ကြားဖူးတယ်၊ လုပ်ငန်းချင်းမတူလို့သာ မသိ တာ၊ နာမည်ကြီးပဲဟာ၊ အဲဒါနဲ့ အခုကိစ္စက ဆက်ဆိုင်လို့လား"

"ဆိုင်တာပေါ့။ အဲဒီ ဦးမိုးသောက်ရဲ့သားက ကိုညီမင်းကို စိတ်ဝင်စားတဲ့ကိစ္စထက် အရေးကြီးတာ ဘာရှိတော့မှာလဲ"

"ဘယ်လို"

"အာ ... မမတို့က လုပ်ချလိုက်ပြန်ပြီ၊ ဘာမဆိုင် ညာ မဆိုင်"





"ဪ ... ဆိုင်ပါတယ်ဆိုမှ မိုးယံထက်ဆိုတာ အဲဒီဦးမိုး သောက်ရဲ့တစ်ဦးတည်းသော နလုံးသားဟဲ့၊ တုန်နေအောင်ချစ်တာ သူ့အပြင် မရှိတော့ဘူး ... သိရဲ့လား"

"ဟင်!"

ရင်ထဲမှာ ဒိန်းခနဲမြည်သံက အကျယ်ကြီးနယ်ပါ။ ကိုကြီးပါ တအံ့တသြဖြင့် ကြွေ့ကို ငုံကြည့်လိုက်လေ၏။ တကယ်ပါ ... ဘယ် လိုမှ ထင်မထားသည့်အဖြစ်ပါဘဲ။ ဦးမိုးသောက်ရဲ့တစ်ဦးတည်းသော သားတဲ့လား။

မဖြစ်နိုင်တာ။ ကြွေ့ရှေ့မှာ မျက်နှာငယ်နှင့်ရောက်လာ ခဲ့တဲ့သူ။ ငွေအကြွေတစ်ထပ်ကြီးနှင့် သင်တန်းကြေးတွေ မပြည့်ဘဲ ပေးခဲ့တဲ့သူ။

အကြည့်ဆုံမိတိုင်း မျက်လွှာချသွားတတ်သည့်သူ။ အဲဒီ ခပ်နွမ်းနွမ်းပုံစံနှင့် သူက ထိတ်ထိတ်ကြသူဌေးကြီးရဲ့အသည်းနှလုံး နှင့်တူတဲ့ တစ်ဦးတည်းသောသားတဲ့လား ... မယုံနိုင်စရာပါ။

"ဟုတ်လား ကြွေ"

"မဖြစ်နိုင်ဘူး"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ပုံစံက လုံးဝမှမဖြစ်နိုင်တာ၊ ဒီလောက်နွမ်းပါးညှိုးငယ်တဲ့ပုံစံနဲ့ သင်တန်းလာတက်သွားတာ"

"အေး ... အဲဒါကြောင့် မရှိုးသားဘူးလို့ ပြောတာပေါ့ ကြွေရဲ့"

"ပထမအရစ် ငွေချေတုန်းကတောင်မှ ကြွေ (၁၅၀၀) စိုက်ပေးလိုက်ရသေးတာ၊ မမတို့ သိပါတယ်"

"အေးလေ ... အဲဒီထောင့်ငါးရာနဲ့ ဖာတလမ်းစခဲ့တာမဟုတ်လား။ ငွေကျပ်ထောင့်ငါးရာမပြောနဲ့ နှင် သိန်းထောင့်ငါးရာဆုကြီး ထ,ပေါက်တာပဲ ကြွေ"

"ဟုတ်ပါရဲ့ ... ကံကောင်းလိုက်တာ"

ကြွေ ခေါင်းခါလိုက်မိပါ၏။ လူကို ချဉ်းကပ်ခဲ့တဲ့နည်းလမ်းတဲ့လား။ မဖြစ်နိုင်ပါ။ သင်တန်းသားအဖြစ် အချိန်မှန်မှန် ရက်မှန်မှန်ဖြင့် လိမ္မာရေးခြားရှိစွာ တက်ခဲ့သည့် လူငယ်လေး။ ကြွေ ကျွေးဖြစ်တဲ့ ထမင်းချိုင့်ကို မျက်နှာပူစွာဖြင့် စားခဲ့ပါသည့် ကောင်လေး။ ကော်ဖီမကြိုက်ပေမယ့် ကြွေ ဖျော်တိုက်သည့် ကော်ဖီကို အားနာစွာဖြင့် အမြဲတစေ သောက်ခဲ့သောသူ။

အဲဒီလူက ကြွေဆိုသည့် အညာတရကောင်မလေးကို စိတ်





ဝင်စားလို့တဲ့လား။ 'ချစ်ပါသည်' ဟူသည့် အရိပ်အယောင်မျိုး ပြခဲ့တာထက် တစ်ခုခုကို ဖွင့်ဟမပြောနိုင်သည့်နှယ် မျိုသိပ်ဖုံးကွယ်ထားတာ အဘယ်ကြောင့်ပါနည်း။ မျှော်လင့်ချက်ဆိုတာ လူတိုင်းမှာ ရှိတတ်ပေမယ့် ဖြစ်နိုင်သည့်ရာနှုန်း (၈၀) ကျော်မှသာ ထားသင့်တာမျိုးပါ။ ဒါဖြင့် 'ကြွေ' မျှော်လင့်ခြင်းက ဘယ်လောက်ရာခိုင်နှုန်းများဖြစ်မည်လဲ။ အတိအကျ မသိနိုင်ပါချေ။

"မဟုတ်ဘူး"

"ဘာလို့လဲ ကြွေ"

"သူသာ ကြွေ့ကို စိတ်ဝင်စားရင် တခြားနည်းလမ်းနဲ့ ချဉ်းအပ်လို့ ရတာပဲ၊ သင်တန်းလာတက်စရာ လိုလို့လား။ မဖြစ်နိုင်တာကြီး"

ကိုကြီးက ပြုံးစိစိဖြင့် ကြည့်လေ၏။ ရင်ထဲမှာ အထိတ်တလန့် ဖြစ်နေတာမို့ စကားတွေက အပေါက်အလမ်းမတည့်သည့်နှယ် ပြောဖြစ်တာလေ။

ဒုက္ခပါပဲ။ သူ့ကို စမြင်ကတည်းက ရင်ထဲမှာ ကရုဏာသက်ပြီး စက္ကန့်မလပ် သတိရနေမိတာ ဘာကြောင့်ပါလိမ့်။ ယောကျ်ားလေးဘက်က မစသေးပါဘဲ မိန်းကလေးက အထာပေးရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးပါဘူး။ ရှက်စရာကြီး။ အဲဒီလို ဖလန်းဖလန်း ထရှုပြီး ဣန္ဒြေမရှိလို့ကတော့ ကြီးမေရဲ့ဗိုက်ခေါက်ဆွဲတာ ခံရတော့မှာ အမှန်ပါ။

"ယောက်ျားလေးတွေကို လျှော့မတွက်မိပါစေနဲ့ ကြွေ တကယ်ချစ်လာပြီဆိုရင် ရှာကြံဖန်တီးကျင့်ရှိကြတယ်"

"ကိုကြီးကလည်း ကြွေမှ မသိတာ"

"ကြည့်! ... သင်တန်းလာတက်တဲ့ကောင်လေးတွေ ကြွေကို နှင်းဆီပန်းပေးတာမျိုး၊ ချောကလက်ဝယ်ပြီး စားပွဲပေါ်တင်ထားတာမျိုး မရှိလို့လား"

"အေးလေ ... ဟိုတစ်ခါ မွေးမွေးဝက်ဝံရုပ်ကြီးတောင် ခုံမှာ တင်ထားခဲ့သေးတာပဲ"

"အဲဒါတော့ ရှိတာပေါ့ ... ဘယ်သူဘယ်ဝါမှန်းမှ မသိတာကြီး"

"ဘာပဲဖြစ်ဖြစ် ကြွေ့ကို သူ တစ်ခုခုတော့ ပြောကို ပြောခဲ့မှာပဲ"

တစ်ခုခုတဲ့။ အဲဒီ တစ်ခုခုက ဘာများလဲ။ ကြွေ့လက်ကို ကိုင်ပြီး ရင်ထဲမှာ သိမ်းဆည်းထားပါတယ်ဆိုတဲ့ လျှို့ဝှက်ချက်ဆိုတာ





ကရော ... လိမ်ညာတာကို မကြိုက်ဘူးဟု ပြောခဲ့ပါလျက် ကြွေ မသိသေးတဲ့ကိစ္စက တစ်ခုတည်းမှ မဟုတ်တာလေ။

"ဘာပြောခဲ့လဲ ကြွေ"

"ပြောတော့ ပြောတယ်"

"ဘာတဲ့လဲ ... မမတို့ကို လျှို့ဝှက်ထားတယ်ပေါ့လေ"

"တမင်ဖုံးထားတာ မဟုတ်ရပါဘူး။ သူပြောတာ ဘာကိုဆိုလိုမှန်း ကြွေ တကယ်မသိလို့ပါ ... နားမလည်တာလည်း အမှန်ပါပဲ"

အာရုံက လွန်ခဲ့သည့်တာလကို လွင့်သွားသည့်နှယ်ပါ။ ကြွေ ပေးတဲ့လက်ဆောင်ကို လက်မခံဘဲ ငြင်းခဲ့တာမို့ အဘယ်မျှ ဝမ်းနည်းမိခဲ့ပါသလဲ။ တကယ်တော့ အားနာတာမျိုးမဟုတ်ပါဘဲ အပေါ်စားမို့ ငြင်းဆန်ခဲ့တာပေါ့နော်။

မှားပါရောလား။ သူ့ကို အထင်တသေးနဲ့ ပေးကမ်းစွန့်ကြဲသည့်အဖြစ်မျိုး ယူဆလိုက်လျှင်ဖြင့် ရင်နင့်စရာတွေသာ ထင်ကျန်ရစ်တော့မှာပါ။

"မပြောဖြစ်တာ တစ်ခုရှိတယ်တဲ့၊ တမင်လိမ်ညာဖုံးကွယ်ချင်တာ မဟုတ်ပါဘူးတဲ့၊ တစ်နေ့နေ့မှာ အမှန်တရားကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ပြီး ကြွေ့ရှေ့ကို ရဲရဲဝံ့ဝံ့ရောက်လာမှာပါတဲ့"

"ဘယ်လို"

"ဒါ . . . သူ ဝန်ခံဖို့ အစီစဉ်နဲ့ ပြောသွားတာပဲ"

"ကြွေ့သဘောကရော"

ခေါင်းခါပြမိပြန်ပါ၏။ 'တစ်နေ့နေ့မှာ ပြန်ဆုံမယ်' ဆိုပြီး အိပ်မက်တွေ ပေးသွားခဲ့တာက သူပါ။ မရဲတရဲ မျှော်လင့်ချက်တွေနဲ့ စောင့်နေမိတဲ့ ကြွေက နောက်ဆုံးတော့ ရှုံးနိမ့်နိမ့်စိတ်ကူးတွေနဲ့ ပေါ့နော်။

တကယ်တမ်း ချမ်းသာပါလျက်နဲ့ မပြည့်စုံဟန်ဆောင်ပြီး ကြွေ့အနားကို ရောက်လာတာတဲ့လား။

မိန်းကလေးတွေရဲ့အားနည်းချက်က သနားကြင်နာစိတ်နဲ့ တတ်တာပါ။ ဒီအချက်ကိုမှ အမိကထားပြီး နိုင်ခဲ့တာပါလား။ ဒီနေ့ မှာ ရှင်နိုင်ပါတယ် ကိုမိုးယံ။ အမှန်တကယ်လည်း ကြွေ့စိတ်နှလုံးအင်း ကို ပိုင်ပိုင်ကိုင်လှုပ်နိုင်ခဲ့တာပါ။

ဒါပေမဲ့ . . . ရှင် သိမထားတာ တစ်ခုတော့ ရှိပါသေးတယ် ကိုမိုးယံ။ အဲဒါကတော့ မိန်းမဆိုတာ ရင်ထဲမှာ ရှိတဲ့အတိုင်း အကုန် ထုတ်မပြောတတ်ဘဲ လျှို့ဝှက်ထားတတ်တယ်ဆိုတာပါပဲ။





ရှင့်ကို ကြွေစိတ်နာတယ် ကိုမိုးယံထက်။

"ကြွေ"

မျက်ရည်ဝဲလျက် ထိုင်ခုံမှ ထပြေးခဲ့မိပါ၏။ ရှက်လိုက်တာ။ တကယ်တော့ ကြွေဆိုတဲ့ မိန်းကလေးကို အရုပ်ကလေးတစ်ရုပ်လို ရှင် လိုသလို ကစားခဲ့တာပါလေ။ တစ်နေ့နေ့တဲ့လား။ အဲဒီတစ်နေ့ ပြန်ဆုံတဲ့အခါ ရှင်ပြောတာကို စိတ်ဝင်စားပုံမျိုးနဲ့ နားထောင်ပြီး ကျည်ီ တဲ့ ဟန်ဆောင်မှုမျိုး ပြနိုင်အောင် ကြွေ ကြိုးစားပါ့မယ်ရှင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဒီနေ့ တစ်နေကုန် စိတ်မောနေမိတာ ဘာဖြစ်လို့ပါလဲ။ သားတော်မောင်နဲ့ စကားများပြီး တစ်ညလုံး ဆက်သွယ်လို့မရခဲ့ကတည်းက ပူပန်ခဲ့ရတာလေ။ ဘယ်ကို ဆက်သွယ်ရမှန်း မသိပါဘဲ မနက်စောစောမှာ သားရဲ့လက်ထောက် ကောင်မလေးထံ ဆက်သွယ်မှသာ 'အမေ့အိမ်မှာ' တဲ့။ အဘယ်မျှ ရင်ထိတ်ရပါလဲ။

အမေ့ကို သတိရသွားလို့များလားဟု အရင်တွေးမိပြီးမှ တစ်ဖက်အိမ်ကို သတိရသွားတာပါ။ ငယ်စဉ်ကတည်းက လှစ်ခနဲ ပျောက်သွားတာနဲ့ ရှာကြည့်ပါက အဲဒီခြံထဲမှာ ဟိုကောင်လေးနဲ့ သွား





ကစားတော့တာ မဟုတ်ပါလား။ အဘယ်မျှ ဒေါသထွက်စရာပါလဲ။

ဒီလောက် နာအောင်ပြောပြီး တားနေပါလျက်နဲ့ အခုတော့ အဖေကို အရွဲ့တိုက်ပြီး ညသွားအိပ်တဲ့အထိ လုပ်ပြနေတာလေ။ ဟိုအိမ်မှာ ကြိုသလို စားရုံမျှပင်မက 'မေမေ' ဟုပင် ခေါ်နေတာ မဟုတ်လား။ သူ့ရှေ့မှာ ခေါ်ပြလိုက်တာကိုက အသည်းတဆတ်ဆတ် နာကျင်ရတာပါ။ ဘာလို့ ခေါ်ရပါသလဲ။ သွေးတစ်စက်မှ မနှောပါဘဲနဲ့ ဒင်းကို အမေ ခေါ်စရာလား။ စိတ်တိုလိုက်တာနော်။

"MD... စက်ဘုက"

"ကျစ်! ... ကြည့်ဖြေလိုက်လေကွာ၊ ငါ မအားဘူး"

"မဟုတ်ပါဘူး MD၊ ညနေ (၅) နာရီမှ ဆက်မယ်လို့ ကြိုပြောထားလို့ပါ"

"ငါ စောစောပြန်မှာ၊ မနက်ဖြန်လည်း လာချင်မှ လာဖြစ်မယ်၊ ဆက်ချင်ရင် ငါ့ Hand Phone ကိုပဲ ဆက်ခိုင်းလိုက်ချေ"

"ဟုတ်ကဲ့ပါ MD... နေလို့မကောင်းလို့များလား"

"ငါ အလတ်ကြီးပဲရှိတာ မမြင်ဘူးလား။ နေမကောင်းတာက ငါ့သား။ မင်းတို့မန်နေဂျာ"

ဘုတောလိုက်မိတာမို့ PA 'မောင်သက်ကို' စက်ပွဲသွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။ ဒီနေ့ စောစောပြန်ပါမယ်ဆိုမှ အလုပ်က တစ်နေကုန်ကို ရှုပ်နေတော့တာပါ။ ဟိုကောင်လေး မကျန်းကျင်သမျှ အထက်ကနေ ဖြေရှင်းပေးနေရတာ အဘယ်မျှ ပင်ပန်းရပါသလဲ။ ပြောမယ့်သာ ပြောတာ။ သားထက် ဟိုကောင်လေးကမှ လုပ်ငန်းမှာ ကျွမ်းကျင်နေသလိုပါ။

တော်တာမှန်ပေမယ့် ကြည့်မရတာက ကြည့်မရတာပါပဲ။ တော်မှာပေါ့။ ခင်းအမေက ခပ်လည်လည်ပဲဟာ။ မွေးကတည်းက လပြည့် ပေါင်ပြည့် ည (၁၂) နာရီတိတိမှာ မွေးခဲ့တာကိုး။ အပြင် ရောက်တော့လည်း မိခင်နို့ရည်ကို တစ်ဝကြီး သောက်ခွင့်ရခဲ့တာလေ။ သူ့သားလေးကသာ လမစေ့ ပေါင်မပြည့်ဘဲ မွေးလာရတာ။ အပြင် ရောက်တာနဲ့ မိခင်နို့ငတ်ပြီး အမိမဲ့ခဲ့ရတာ။ အဘယ်မျှ ရင်နာစရာ ကောင်းလိုက်ပါသလဲ။

အဲဒီ ပိန်တာရိုး နီတာရဲလေးကို သွားကြည့်ကာမှ ခင်းက နို့တိုက်ပေးနေသတဲ့လေ။ သားအမေ ရုတ်တရက် မထင်မှတ်ဘဲ ဆုံးပါးခဲ့ရတာမို့ စိတ်ထိခိုက်ကြေကွဲနေမိကာမှ ဒေါ်သက ငယ်ထိပ်ကို ဆောင့်တက်ခဲ့ရတာ မဟုတ်လား။

အဲဒါကို အကြောင်းပြုပြီး 'ဒေါ်လင်းလက်' ဆိုတဲ့ မိန်းမက





သူ့ကို မထီလေးစားနဲ့ ပြောနေတာ မဟုတ်ပါလား။

ငယ်ချစ်သူနဲ့ လမ်းခွဲခဲ့တာမို့ ထက်ထက်က သူမချစ်ပါဘဲ လက်ထပ်ခဲ့တာကို သိနေပြီး နှုတ်ဆိတ်တိတ်ဆိတ်စွာနဲ့ ကျိတ်ခံစားခဲ့ရတာမို့ နောက်ဆုံးမှာ နှလုံးထိပြီး သူတို့သားအဖကို ကျောခိုင်းနှုတ်ဆက်ခဲ့တာလေ။ ငယ်ချစ်ဆိုတာ ဘဝတစ်သက်တာ နောက်ဆုံးထွက်သက်အထိ မေ့မရနိုင်တာ မှန်ပေမယ့် သူ့မျက်စိရှေ့မှာ သူ့ထက်အရင် 'မြတ်ကျော်' ဆိုသည့် သူငယ်ချင်းကို မျက်နှာပြောင်ပြောင်တင်းတင်းဖြင့် လက်ထပ်ခဲ့သည့် ခင်းကို မည်သို့သတိရနိုင်ပါမည်နည်း။

'ရက်စက်မှ ကြေကွဲတယ်' ဆိုသည့် စကားလုံးကို ငယ်စဉ်ကပင် ကြားဖူးခဲ့သလို ဘဝမှာလည်း တစ်ကြိမ်ကြုံခဲ့တာမို့ ခင်းကို လွမ်းရမည့်အစား ရက်ရက်စက်စက် မာမာတင်းတင်းပြောဆိုပြီး ကြေကွဲဝမ်းနည်းမည့်အစား မမြင်ချင်အောင် အမုန်းကြီး မုန်းတီးခဲ့မိတာ သားရဲ့တစ်သက်ပင် မဟုတ်လား။

အခုတော့ အဲဒီသားကလေးက ခင်းကို မေမေဟု ခေါ်နေပြီး ခင်းနဲ့ အကြီးအကျယ်ရန်ဖြစ်တာကို မြင်ခဲ့သဖြင့် စိတ်ထိခိုက်ကာ ဖျားနေလေပြီ။ ညစဉ်ညတိုင်း အဒေါ်ဖြစ်သူက 'ဒါဝတ်ပါ' ဆိုပြီး နွေးအောင်ဝတ်ခိုင်း နွေးနွေးထွေးထွေး ဂရုတစိုက် အိပ်စေခဲ့ပြီးပျက်



www.burmeseclassic.com

www.burmeseclassic.com



ခင်းအိမ်မှာ တစ်ညမျှ သွားအိပ်ရုံနဲ့ ဖျားရတယ်လို့။

"တောက်!"

"ဘာဖြစ်လို့ပါလဲ MD"

"စိတ်တိုလို့ပေါ့ ! ... စိတ်တိုလို့၊ အဲဒါကအစ မင်းကို ပြောပြရမှာလား။ ငါပြန်ပြီ"

ချိတ်မှာ ချိတ်ထားပါသည့် တိုက်ပုံကို လှမ်းယူဝတ်လိုက်ပြီး Attchecase ထဲ လိုအပ်သည့် စာချုပ်တွေနှင့် အလုပ် File တွေကို စီထည့်လိုက်ပါ၏။ ကုမ္ပဏီမှာ မပြီးပြတ်သည့်အလုပ်တွေကို အိမ်မှာ အေးအေးဆေးဆေး အချိန်ယူပြီး ပြီးပြတ်အောင် ဖြတ်ရမည်ကိုး။ ရုံးခန်းထဲမှ ထွက်ပြီး Lift ထဲမဝင်ခင် Driver ကို အဆင်သင့်စောင့်နေရန် phone ဖြင့် လှမ်းပြောရလေသည်။

ကုမ္ပဏီရှေ့မှာ ကားအဆင်သင့် ရောက်နေပြီမို့ ကားပေါ် တက်လိုက်ပါ၏။ မောင်မျိုးက Boss မျက်နှာတင်းနေသဖြင့် ဘာအပို စကားမှ မပြောရဲဘဲ ကားကိုသာ ဂရုတစိုက်မောင်းနေလေသည်။ သား နေမကောင်းဖြစ်ကာမှပဲ မိသားစုဆရာဝန် ဒေါက်တာနေမင်းထွန်း က Australlia ကို အလည်သွားနေရတယ်လို့။

"ကားတစ်ခါတည်း ဂိုဒေါင်ထဲ သိမ်းခဲ့ရမလား သူဌေးမင်း"





"အေး"

ဘယ်သူမှ ထွက်မကြိုသဖြင့် ကိုယ့်အိတ်ကိုယ်ဆွဲ၍ တိုက်ထဲ ဝင်လိုက်ပါ၏။ 'နှင်းမှုံ' တစ်ယောက် ညနေစာချက်နေသလား။ သား အတွက် တစ်ခုခုချက်ပြုတ်ပေးနေတာလည်း ဖြစ်နိုင်ပါ၏။ အဝတ် အစားမလဲရသေးခင် သား သက်သာရဲ့လား ကြည့်ရန် အပေါ်ထပ်သို့ တက်ခဲ့ပါသည်။ လှေကားထောင့်ချိုးကို ကွေ့စဉ် ပြတင်းပေါက်မှတစ် ဆင့် တစ်ဖက်ခြံသို့ ဖျတ်ခနဲ ကြည့်လိုက်မိ၏။

"အမယ်လေး"

သဲ့သဲ့မျှ ကြားလိုက်ရသည့် အာမေဋိတ်သံကြောင့် လိုက်ကာ ကို ဖယ်လိုက်မိလေ၏။ တိုက်ပုလေးရှေ့မှာ ရေပိုက်ဖြင့် ပန်းပင်ရေ လောင်းနေပါသည့် ဒေါ်လင်းလက်တစ်ယောက် သူ ကြည့်နေစဉ်မှာ ပင် ပုံခနဲ လဲကျသွားလေသည်။ အလို !... ဒါက ဘယ်လိုဖြစ်ရ တာပါလိမ့်။

"ဟာ! ... ဟော့ ... ဒီမှာ ... ဒီမှာ"

လှေကားမှ ပြန်လှည့်ဆင်းကာ ခြံပြင်ပြန်ထွက်ခဲ့ရပါ၏။ မောင်မျိုးက ကားသိမ်းပြီးသည်နှင့် အိမ်ပြန်ပြီမို့ အရိပ်ပင် ရှာမတွေ့ တော့ပါ။ တစ်ဖက်ခြံတံခါး အသေးလေးက စေ့ရုံစေ့ထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တွန်းဖွင့်ကာ ဝင်ခဲ့မိ၏။ နှင်းဆီခြုံအနီးမှာ ပုံလဲကျနေသည့် ဒေါ်လင်း လက်က သတိလစ်နေပုံပါပဲ။ ဘုရားရေ ! . . . ဟိုကောင်လေးက ပြန်မလာသေးဘူးလား။ ခပ်ပါးပါး ခန္ဓာကိုယ်ကို အမြန်ပွေ့ပိုက်လိုက်မိပါ၏။

"လင်း! . . . လင်း . . . ခေါ်တာ ကြားရဲ့လား"

ဗုဒ္ဓေါ်! အသက်တောင် ရှူရဲ့လားဟု ပါးဖြင့် လေရှူထုတ်တာကို စမ်းသပ်လိုက်မိလေ၏။ ရှူနေလို့ တော်ပါသေးရဲ့။ အိမ်က သားလည်း သွေးအားနည်းတာနှင့် လဲကျကျင့်ရှိတာမို့ ဒီပုံစံမျိုး သိနေပါသည်။

ဟိုးအရင်ကထက် အလေးချိန် အနည်းငယ်သာ ပိုလာသည့် ကိုယ်ခန္ဓာကို ရွှေ့ခနဲ ချီပွေ့ကာ တိုက်ပုလေးထဲသို့ သယ်လိုက်ပါ၏။ ဘုရားခန်း (ညှိခန်း) ဘေးရှိ အိပ်ခန်းတွင်းသို့ သယ်လာကာ ခုတင်ထက် တင်လိုက်ချိန်အထိ သူမ သတိမရသေးပါချေ။

"လင်း . . . လင်း . . . ခုကွာပါပဲ"

ညှိခန်းကို ပြန်ထွက်ကာ phone စင်ထက်မှ စာအုပ်ကို လှမ်းလိုက်မိ၏။ မဆက်သွယ်ချင်သော်ငြား သေရေးရှင်ရေးမို့ မပြော ချင်သည့် လူတွေနှင့် ပြောရတော့မှာပါ။ phone ခလုတ်တွေကို





ခပ်မြန်မြန် နှိပ်လိုက်မိပါ၏။ အဆင်ပြေပါစေဟု စိတ်တွင်းမှ ဆုတောင်း လိုက်မိလေသည်။

"ဟယ်လို"

"ထင်လင်းလား . . . ငါပါ"

"ဘယ်က ငါလဲ"

"ငါဆိုတာ မိုးသောက်ပေါ့!"

"ဟောဗျာ! . . . ကိုမိုးက phone ဆက်တယ်"

"ရစ်မနေနဲ့ . . . ဒီကို မြန်မြန်လာ၊ မင်းအစ်မ သတိလစ် နေပြီ"

"ဗျာ! . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . လာပြီ ကိုမိုး"

"လာပြီကို နောက်မှပြော၊ ဂျက်လေယာဉ်ငှားပြီး အမြန်ဆုံး သာ လာခဲ့"

ကဲ! . . . စိတ်တိုပါတယ်ဆိုမှ စိတ်က မရှည်တော့ပါလေ။ အခန်းထဲ ပြန်ဝင်ကာ အံဆွဲတွေထဲ မွှေနှောက်ရှာဖွေရင်း ရှူဆေးဗူး တွေ့သဖြင့် ယူကာ နှာဝမှ တေ့ထားပေးပါ၏။ နှုတ်မှ တတွတ်တွတ် ခေါ်နေပေမယ့် တုတ်တုတ်မှ မလှုပ်တော့ ဘယ့်နှယ်လုပ်ရပါ့။ ရင် တွင်းမှ ပူပန်မှုက မီးလို့ပူလောင်လာလေတော့၏။ ကျေးဇူးပြု၍ လင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ပါစေနှင့်။

"တီ!"

"ကျွန်တော်လာပြီ ကိုမိုး ဘယ်လိုဖြစ်တာလဲ"

"ငါလည်း မသိဘူး။ အိမ်ကနေ လှမ်းကြည့်မိတုန်း ရုတ်တရက် လဲကျသွားတာပဲ"

"သံယောဇဉ် လက်ကျန်နဲ့ပေါ့လေ"

"ငါ!"

အစ်မဖြစ်သူ အရေးကြီးနေတာတောင်မှ ဒီဆရာဝန်က စ,ရဲသေးပါလား။ နဂိုကတည်းက ပျော်ပျော်နေတတ်တာမို့ ခုထိ အကျင့်ဖြစ်နေသေးတာ ထင်ပါရဲ့။ သွေးပေါင်ချိန်တာ၊ စမ်းသပ်တာတို့ကို ကျွမ်းကျင်စွာ လုပ်နေသည့် ဒေါက်တာထင်လင်းကို သူ ကြည့်နေမိပါ၏။ ညီမလေးရဲ့အချစ်ရေးကို သူ့အမုန်းတွေကြောင့် မဆီမဆိုင် ဖြတ်တောက်ပစ်ခဲ့မိတာလေ။ ဟိုစဉ်က ဆေးကျောင်းသားလေးမောင်ထင်လင်းက ခုတော့ ဒေါက်တာထင်လင်း ဖြစ်နေပါရောလား။

"Drip သွင်းရမယ် … အစ်ကို ဒီနားလာညှစ်ထားပေးပါ"

စိမ်းသက်မနေပါဘဲ တရင်းတနှီး ပြောဆိုပုံက ဟိုတုန်းကနှယ်ပါ။ အိမ်ထောင်ကျသွားပြီလား။ ကျလောက်ပြီပေါ့။ အသက် (၃၅)





နှစ်ကျော်အထိ ဘယ်သူက လူလွတ်အတိုင်း နေမှာတဲ့လဲ။ သူ့မလက်မောင်းကို အသာဖိညှစ်ထားကာ အပ်သွင်းပြီးသည်နှင့် ဖြည်းဖြည်းချင်း ဖြေလျှော့လွှတ်လိုက်ရလေ၏။ ဘယ်လိုဖြစ်ပြီး သားဖြစ်သူနှင့် ရောဂါဖြစ်ပုံကအစ တူလွန်းပါလိမ့်။

"အင်း … ဟင်းဟင်း"

"မမ သတိရလာပြီလား"

"ဘယ်သူလဲ"

"ကျွန်တော်ပါ … ထင်လင်း"

"သားရော"

"ပြန်လာလိမ့်မယ် … ကျွန်တော် phone ဆက်ပြီးပြီ"

"နေမကောင်းရင်လည်း နားနားနေနေလေး နေပါလား။ အဲဒီအပင်က ရေမလောင်းရင် သေမှာမို့လို့လား"

"သေမှာစိုးလို့ပေါ့ရှင်၊ ခေါင်းမကြည်ရတဲ့ကြာထဲ သူက တစ်မျိုး"

"ဟာဗျာ … မမတို့နှစ်ယောက်က ခုထိ မတည့်ကြသေးဘူးလား။ ကလေးလည်း မဟုတ်တော့ဘဲနဲ့"

"ခင်းကို ပြန်နိုင်းလိုက်စမ်းပါ ထင်လင်းရယ်၊ ရှုပ်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"မမ သတိလစ်မေ့လဲတာကို ကိုမိုး မြင်တာဗျ"

"ပြောမနေနဲ့ . . . ကျေးရူးတင်ရကောင်းမှန်းမှ မသိတာ"

လူမမာက မျက်ရည်စီးကျလာပြီမို့ အနီးမှ ဒေါက်တာထင်လင်း ထထွက်ခဲ့ပါ၏။ ချင်းစိမ်းနှင့် မိဿလင်ဆိုပြီး တစ်သက်လုံး ကျောခိုင်းခဲ့သမျှ အခုတော့ မီးနှင့် ဖယောင်းနယ် ဖြစ်နေလေပြီ။ အလိုက်တသိ ရှောင်ပေးမှပါပဲ။

"ငါ့သားကို လိုက်ကြည့်ပေးပါဦး"

"ဘာဖြစ်ပြန်ပြီလဲ"

"ဖျားနေတယ်"

"ဒါဆိုလည်း အခု သွားကြည့်ပေးမယ်"

"မင်းအစ်မနားမှာ"

"ကိုမိုး ခဏစောင့်ပေးပေါ့ဗျ။ သားက ဝင်ရှေ့က လာမှာ ဆိုတော့ လမ်းမှာ ကြာနေမှာ"

"ပြီးရော . . . ပြီးရော"

အခန်းထဲမှ မောင်ဖြစ်သူ ထွက်သွားပြီမှန်း သိနေပါ၏၊ ဒါဖြင့် ဘေးမှာ သူ ရှိနေသေးတယ်ပေါ့။ ပြောလိုက်ရမလား။ တော်ကြာ မတော်တဆနဲ့ပဲဖြစ်ဖြစ် ရုတ်တရက် သေသွားပါက ဒီလျှို့ဝှက်ချက်ကို





သိမပေးဖြစ်မှာစိုးလို့ပါ။ အထူးသဖြင့် ဖခင်မဲ့ဟု သူ ထင်မှတ်ထားသည့် သား၏အားငယ်စိတ်ကို ဒီဘဝမှာ ပယ်ဖျက်ချင်လို့ပါပဲ။

"မငိုနဲ့လေ . . . ခေါင်းကိုက်လာမှာပေါ့"

"သားရော"

"လာနေပြီ ပြောတာပဲ"

"သား မရောက်သေးခင် ပြောချင်တာ ရှိတယ်၊ တော်ကြာ ကျွန်မ သေသွားရင် မပြောခဲ့ရမှာစိုးလို့ပါ"

"ဘယ်က သေရမှာလဲ၊ တွေးစရာလား"

"နေမြင် ညပျောက်သဘောကို ရှင်လည်း ကြုံခဲ့ရတာပါ ကိုမိုးသောက်ရယ်"

ဆေးသွင်းထားပါသည့် လက်ကို အသာဖွဖွကိုင်ထားမိပါ၏။ မဖြစ်မနေ ပြောစရာရှိတယ်တဲ့လား။ ဘာများပါလဲ။ အိမ်မှာကျန်သည့် 'နှင်းမှုံ'လည်း 'ဒေါက်တာထင်လင်း'နှင့် ပြန်ဆုံလျှင် ဘာစကားတွေ ပြောလေမည်နည်း။ သူကဖြင့် စောစောကလို ဒေါသမထွက်နိုင်တော့ဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေမိတာလေ။

"ဒီစကားပြောပြီးရင် လင်းကို ကတိတစ်ခုတော့ ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! ...'မောင်' တဲ့။ ဟိုတုန်းက ရင်ခုန်သံ ဘာကြောင့် အစပျိုးရပါသလဲ။ ဒီအကြည့်၊ ဒီအပြုံးနဲ့ ဒီခေါ်သံ ကြားမှာ 'မိုးသောက်'တစ်ယောက် အရှုံးအမူး ပျော်ခဲ့ရတာ မဟုတ် ပါလား။ 'မောင်' လို့ ခေါ်ဖို့ မှတ်မိသေးတယ်ပေါ့။

"ဘာကတိလဲ ... ပြောပါ"

"မောင်လေးနဲ့မှုကို သဘောတူပေးဖို့ပါ"

"အဲဒါက သူတို့ဆန္ဒပါ။ ကိုယ်နဲ့မှ မဆိုင်ဘဲ"

"မောင် မကာန့်ကွက်တော့ရင် ကျေနပ်ပါပြီ"

အသံတို့ ပြန်တိတ်သွားပြန်ပါ၏။ အခန်းထဲမှာ အသက်ရှူ မှုန်းမှုန်းလေးမှ လွဲပြီး ဘာကိုမှ မကြားရပါချေ။ ရင်ထဲမှ တဒိတ်ဒိတ် ခုန်ပြီး စိတ်လှုပ်ရှားမှုက တစ်စစ တိုးလာလေ၏။ တစ်သက်လုံး မပြောဘဲ သိမ်းထားခဲ့ပါတယ်ဆိုသည့် လျှို့ဝှက်ချက်က ဘာများပါလဲ

"လွန်ခဲ့တဲ့ နှစ် (၂၀) ကျော်ရဲ့တစ်ရက်မှာ လင်းဆီကို မေမေ ရောက်လာခဲ့တယ်"

"ဟင်"

ခဏမျှ အမောဖြေနေပါ၏။ ပြောပါရစေ ... မုန်ကာန် သစ္စာ၊ မုန်ကာန်သောစကားမို့ပါပဲ ... သူ မယုံကြည်ခဲ့တဲ့လူ၊





မုန်းတီးနာကြည်းခဲ့ပါသည့် မိန်းမတစ်ယောက်၏ရင်တွင်းမှ နှလုံးသား အက်ကွဲရာကို ဒီဘဝမှာ သိရှိနားလည်နိုင်ဖို့ပါလေ။ မုန်းချင်သလောက် မုန်းလိုက်ပါ။ သို့သော် ... အပြစ်မရှိသည့် မောင်ဖြစ်သူနှင့်သားကို တော့ ထိုအရိပ်မှ လွတ်ကင်းစေချင်သည့် စေတနာကို မြင်ပေးလှည့် ပါနော်။

"ထက်ထက်စံရဲ့မိဘတွေနဲ့ ပြောဆိုပြီးနေပြီမို့ နောက်ဆုတ် ပေးပါတဲ့"

"ဘယ်လို"

"စီးပွားရေးအခြေအနေအရရော၊ လူကြီးတွေရဲ့ဂုဏ်သိက္ခာ ကို ငဲ့ကွက်စာနာပြီး မောင်နဲ့ အဆက်ဖြတ်ပေးဖို့ ပြောခဲ့လို့ပါ"

"ဒါနဲ့ပဲ ... ဒါနဲ့ပဲ မြတ်ကျော်နောက် ခေါက်ခနဲ လိုက်သွား ခဲ့လား"

"မယူလို့ မဖြစ်လို့ ကျော်နဲ့ လက်ထပ်လိုက်ရတာပါ မောင်"

"ဘာ"

"လင်းလက်ကြယ်ဆိုတာ"

အခန်းဝမှာ တုံ့ခနဲ ခြေလှမ်းရပ်လိုက်ရပါ၏။ တိုးသဲ့သဲ့ မာမီ့ အသံကြောင့် အထဲမှာ ဘယ်သူရောက်နေမှန်း သူ သိလိုက်လို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'မောင်' တဲ့လား။ မာမိတို့ရဲ့ရည်းစားဦးဇာတ်လမ်းက အဆုံးသတ် ထင်ပါရဲ့။ ခြေသံမမြည်အောင် ငြိမ်နေမိစဉ် မာမိက ပြောလက် စကားကို ဆက်ပြောလေသည်။

"လင်းလက်ကြယ်ဆိုတာ မောင်နဲ့ရတဲ့ လင်းရဲ့သား။ မော သွေးသားပါ"

"ဘာ"

ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ နားထဲမှာ အုံ လေတွေ တလဟောထွက်နေသလို ရင်ဘတ်ကြီးထဲမှ နလုံးခုန်နေ ပွင့်ထွက်လာတော့မည့်နှယ်ပါ။ လောကကြီး ဘာတွေဖြစ်ကုန်ပြီ

ဘယ်လိုမှ ထင်မထားသည့်ကိစ္စပါပဲ။ အနှစ် (၂၀) ကျော် ကြာ ဖုံးကွယ်သိုဝှက်ထားပါသည့် အမှန်တရားကို အခုမှ မာမိ ထ ပြောသတဲ့လေ။

ဘုရားရေ!...ဒါဖြင့် သူနှင့်မိုးယံက အဖေတူ အမေ ညီအစ်ကိုတော်စပ်နေတာပေါ့။ ဒါကြောင့် လူကြီးတွေ ဘယ်လော တားတား ခွဲမနိုင် မခွာရက် သံယောဇဉ်တွယ်နေတာပေါ့နော်။ မိုး 'သား' ဟု မာမိ ဘာကြောင့် သတ်မှတ်သလဲဆိုတာကို သူ သ ပေါက်သွားရပါ၏။





လိုက်ကာကို အသာဟ၍ ကြည့်မိစဉ် မြင်ကွင်းလေးက မျက်စိပသာဒဖြစ်လေသည်။

ဖေဖေရယ်လေ...မာမို့လက်ဖဝါးလေးကို ပါးမှာ အပ်ထား ပြီး မျက်ရည်တွေတွေ ကျနေလေရဲ့။ သို့သော်...နှုတ်ခမ်းမှာတော့ အပြုံးတို့ ခိုသီနေလျက်သားပါလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

မနက် အရှဏ်တက် နေနွေးနွေးအောက်မှာ 'ရန်လုံ' နှင့် အတူ လမ်းလျှောက်ထွက်ဖြစ်ပါ၏။ ဆောင်းဦးလေက ခန္ဓာကိုယ်ကို တိုက်ခတ်သွားသဖြင့် အေးစိမ့်သွားရလေသည်။ လမ်းလျှောက်သူတွေ အတော်များများ ရှိနေသဖြင့် ဟိုဒီငေးရင်း လျှောက်ခဲ့ပါ၏။

"ဟင်!"

ရှေ့တည့်တည့်မှာ လျှောက်လာနေပါသည့် လူငယ်နှစ်ဦးကို မြင်လိုက်ရသဖြင့် ကြွေ့ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားရလေသည်။ တစ်ယောက်က ဘောင်းဘီအိတ်ကပ်ထဲ လက်နှိုက်ပြီး လျှောက်နေသလို





ဘေးမှ ကောင်လေးက လက်မောင်းကို ကိုင်ပြီး ခုန်ပေါက်ပျော်နေ လေ၏။ ပခုံးချင်းတိုက်လိုက် ပခုံးကို ဖက်လိုက်နှင့် ရယ်မောနေသည့် လူကို ကြွေ ငေးနေမိစဉ် လက်ထဲမှ ကြိုးက လွတ်သွားလေတော့ သည်။

"ဝုတ်! ... ဝုတ်!"

"ရန်လုံ ... ပြန်လာခဲ့"

အော်သံပင် မကြားတော့သည့်နှယ် 'ရန်လုံ' က ဟိုတစ် ယောက်ထံ ပြေးသွားလေ၏။ ဘောင်းဘီအိတ် လက်နှိုက်ထားသူက ဝမ်းသာအားရဖြင့် ရန်လုံ့ကို ဆီးပွေ့ကြိုလိုက်လေသည် ဖက်လဲ့တကင်း ပါပဲ။ တစ်ခါသာ ကြုံတွေ့ခဲ့ပေမယ့် ခုထိ မှတ်မိနေတုန်းပါလေ။

"မတွေ့တာ အတော်ကြာပြီကွ ... မင်းအမေရော"

"ကိုကို သိလို့လား"

"သိတာပေါ့။ ဒါ ... ငါ့မွေးစားသားလေ၊ နာမည်က ရန်လုံ တဲ့"

"ပေါက်ကရ ပြောပြန်ပြီ"

"ရန်လုံ ... လာခဲ့ဆို"

"ဟာ! ... ကြွေ ..."



www.burmeseclassic.com

www.burmeseclassic.com



ညီနှုတ်ခမ်းမှ ခေါ်သံကြောင့် သူ အံ့ဩသွားရပါ၏။

ဘုရားရေ! ... ကြွေတဲ့လား။ ညီနဲ့ကြွေ ဘယ်တုန်းကများ သိနေပါသလဲ။ ပြောပြောဆိုဆိုဖြင့် ကြွေ့အနီး တိုးကပ်သွားသည် ကြွေက မျက်နှာလွှဲကာ ပြန်လှည့်ရန် ပြင်လိုက်လေသည်။

"နေပါဦး ကြွေရဲ့"

"မနေပါဘူး ... ရှင့်ကိုမှ ကြွေ မသိတာ"

"ကြွေကလည်းဗျာ ... ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

"ကြွေက လူလိမ်လူညာတွေနဲ့ အပေါင်းအသင်းမလုပ်ဘူး"

"ငါ့ကို အဖျားခတ်တယ်ဟေ့"

"ကိုတာရာ မပါဘူး"

"တော်သေးတာပေါ့"

သူက ကြွေ့ရှေ့မှာ လက်ကာပြီး တားလိုက်မိပါ၏။ အခွင့်အလမ်းဆိုတာ အခြေအနေ အချိန်အခါကိုလိုက်ပြီး ယူတတ်ရတာ မဟုတ်ပါလား။ မနက်စောစော ကိုကိုနဲ့ Date ပြီး လမ်းလျှောက်ထွက် Tea shop ထိုင်ဖြစ်တာ ဒီတစ်ခါ မှန်နေလေပြီ။ အခွင့်လေးတစ်ခ် တော့ ပေးလှည့်ပါ ကြွေ။

"ကျွန်တော် ဘယ်မှာ ညာမိလို့လဲ"





"အဲဒါတော့ ရှင့်ကိုရှင် သိမှာပေါ့"

"ကြွေကလည်း သူစိမ်းဆန်လိုက်တာဗျာ"

"သူစိမ်းတွေပဲ မဟုတ်လား။ ဘယ်တုန်းက ရင်းနှီးဖူးလို့ လဲ"

"ရင်းနှီးတာပေါ့။ ကြွေနဲ့အတူတူ ထမင်းစား ကော်ဖီသောက် တဲ့အထိ တရင်းတနှီးရှိခဲ့တာလေ၊ မေ့လိုက်ပြီလား"

"မမေ့ပါဘူး။ တစ်နေ့နေ့ ဆုံကြမယ် ပြောတာကိုလည်း မှတ်မိနေတုန်းပါပဲ၊ ကဲ ... အခုဆုံပြီဆိုတော့ ဝန်ခံမှာလား"

ကောင်းရော! ... လမ်းဘေး Platform မှာ ရင်ဖွင့်စကား ပြောချရမှာလား။ ကိုကိုက မလှမ်းမကမ်းမှာ ရှိနေတာမို့ ရှက်စရာကြီး ပါပဲ။ ရှက်လည်း မရှက်ပါဘူး။ အချစ်က ရှက်စရာမှ မဟုတ်တာ နော်။

"ဝန်ခံပါ့မယ်"

"ဒါဖြင့်ပြော"

"ကြွေ့ကို ပေးရမယ့် ထောင့်ငါးရာ"

"လာပြန်ပြီလား ဒီပိုက်ဆံကိစ္စ"

"ကျွန်တော်ပြောတာ ပိုက်ဆံထောင့်ငါးရာ မဟုတ်ဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရတဲ့ ယောင့်ငါးရာကို ပြောတာ"

"ရှင်နော် . . . လမ်းမကြီးမှာ"

"ကြွေပဲ ဝန်ခံဆို"

"အဲဒါမဟုတ်ဘူး . . . နောက်ကိစ္စ"

"ဘာနောက်ကိစ္စလဲ"

"ကြည့်!"

"ဩော် . . . ဘာလဲ . . . ဖေဖေ့သားဖြစ်နေတဲ့ကိစ္စလား"

"အခုမှ ပြောတာပေါ့လေ"

"Sorry ပါ ကြွေရယ်၊ တမင်လိမ်ညာတာမျိုး မဟုတ်ရပါဘူး။ ဦးမိုးသောက်က ဦးမိုးသောက် . . . မိုးယံထက်က မိုးယံထက်ပို့ပါ"

"အဲဒါ သားအဖမဟုတ်လို့ ဘာလဲ"

"ဖေဖေ့သားဖြစ်နေလို့ မချစ်တော့ဘူးလား"

"ဟယ်! ကြည့်စမ်း . . . လူကို ဘာထင်နေလဲ၊ အထင်တသေးနဲ့"

"ကျွန်တော့်ကို ကြွေ မချစ်လို့လား"

နှုတ်ခမ်းကို အသာကိုက်ထားလိုက်မိပါ၏။ ပြောသားပဲ





လူရှိုးလေး ထင်မိကာမှ လူလည်လေးပါဆို။ ဟိုတစ်ယောက်က စတွေ့ကတည်းက ညီလေးရှိပါတယ်ဆိုပြီး ပွင့်လင်းသလောက် ဒီတစ်ယောက်ကဖြင့် လျှိုလျှို့ဝှက်ဝှက်နဲ့ အုံပုန်းလုပ်တတ်တာ အမြင်ကတ်စရာကြီးပါလေ။

"တော်ပြီ . . . သွားတော့မယ်"

"အဲဒီလိုမရက်စက်နဲ့လေ . . . အဖြေပေးခဲ့မှပေါ့"

"ကိုတာရာ"

"ဗျာ!"

"ရှင့်ညီကို ရှင်ကြည့်ထိန်းထားဦး"

"နလံထကာစ လူမမာမို့ အလိုလိုက်ပေးပါ ကြွေ"

"ဘာရယ်"

"အိပ်ရာထဲ နှစ်ရက်ကျော်လဲနေလို့ မနည်းကြီး ဆေးကုပေးခဲ့ရလို့ပါ"

"ဘာဖြစ်တာလဲဟင်"

"ဒီကောင်လား . . . နှာခေါင်းသွေးလျှံတယ်၊ သွေးအားနည်းပြီး မူးလဲတယ်၊ အဖျားကြီးလို့ ကိုယ်ပူတယ်"

"ဟယ်! . . . တကယ်ကြီးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုပြောတာ အမှန်တွေပါ"

"ရှင်ကတော့ ညာတတ်တယ်လေ"

"အဲဒီလို ပိစိလေး ညာမိတာလောက်တော့ ခွင့်လွှတ်ပေးမှပေါ့ . . . နော်, ကြွေရယ်"

"အံမာ . . . ညာတာပါတေးနဲ့ လူကို ကိုင်ပြန်ပြီ . . . ရှင်နော်"

"ကြွေ . . . မငြင်းဘူး မဟုတ်လား"

"ကြည့်!"

ငြင်းဆန်သံက အားပျော့နေသလိုပါပဲလား။ ညီလေး၏ ရယ်သံက ပတ်ဝန်းကျင်မှာ လေပြည်အေးနှင့် လွင့်ပျံ့နေတော့ပါ၏။ တစ်ယောက်က လက်ကိုကိုင်၊ တစ်ယောက်က မြန်ရှုန်းဖြင့် ပဋိပက္ခဖြစ်နေပုံက ကြည်နူးဖွယ်ရာပါ။

ဪ . . . 'ကြွေ' ရယ်။

ရင်ထဲမှာ ဒိန်းခနဲခုန်ပြီး နှလုံးသားကို လှုပ်နှိုးခဲ့သည့် မိန်းကလေးကိုမှ ညီအစ်ကိုနှစ်ယောက်စလုံး မြိုင်ချစ်မိရတယ်လို့။ 'ကြွေ့'မျက်ဝန်းလဲ့လဲ့၊ 'ကြွေ့'အပြုံးနုနု၊ 'ကြွေ့'ရဲ့ရယ်သံလွင်လွင်လေးတွေကို တစ်သက်တာအတွက် အမှတ်ရနေမှာပါ။





ညီလေး ချစ်နေပါတယ်ဆိုတဲ့ မိန်းကလေးကို တိတ်တခိုးချစ်ခဲ့သည့် လျှို့ဝှက်ချက်က ဘယ်သူမှ မသိစေချင်ပါ။ ချစ်သော 'ကြွေ' တစ်ယောက် ညီလေး၏ရင်ခွင်မှာ ထာဝရ ပြုံးပျော်နိုင်စေလေ။

'ရန်လုံ' ကို မွေ့ပိုက်ရင်း သူ့မျက်ရည်တစ်စက် ကြွေကျသွားသည်ကိုဖြင့် . . .

သူနဲ့ကျွန်တော်
စချိန်းတွေ့တဲ့ည. . .
အဲဒီညမှာပဲ
မိုးယံထက်ဆီက
ကြယ်တွေ ကြွေကျခဲ့တယ်လေ. . .။

လေးစားလျက်

မမသဒ္ဒါမောင်
25th Oct: 2015
AM (2:36)



www.burmeseclassic.com